www.burmeseclassic.com

TWO CATS PUBLICATION



BURMESE CLASSIC .com

# နီကိုရဲ့ 20 Vs 3

NIKOYE

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးချစ်ရမယ့်
မိန်းကလေးတစ်ယောက်
ရှိခဲ့ပြီဆိုပါတော့. . .။

➢ အဲဒီအချိန်ကစပြီး. . .
တစ်သက်လုံးပဲ သူနဲ့ကိုယ်ဟာ
စစ်တုရင်ပွဲရှည်ကြီးတစ်ခုကို
ကစားနေရတော့တာပါပဲ. . .။

➢ အဲဒီအချိန်ကစပြီး . . .
ကိုယ့်ဘက်က ရွှေ့ကွက်တွေမမှားဘို့
အရာရာမှာ သတိထားပြီး
ခြေလှမ်းတွေလှမ်းနေရပြီလေ. . .။

➢ အဲဒီအချိန်ကစပြီး . . .
ဘဝဟာ ပျော်စရာကောင်းလာတယ်။

➢ အဲဒီအချိန်ကစပြီး
မိန်းမတွေရဲ့ မာယာထက်
ယောကျ်ားတွေရဲ့မာယာက
ပိုပြီးကြောက်စရာကောင်းလာတယ်. . .။

➢ အဲဒီ. . . အချိန်က. . . စ. . . ပြီး. . .

နေသစ်

ကြောင်နှစ်ကောင်စားသုံးတိုက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



▶ မိန်းမဆိုတဲ့အမျိုးဟာ
အချစ်တွေရော. . . အမုန်းတွေရော. . .
အမှန်တွေရော. . . အမှားတွေရော. . .
ရိုးသားခြင်းတွေရော. . . မရိုးသားခြင်းတွေရော. . .
. . . အားလုံး ရောပြွန်းပြီး ထည့်ချုပ်ထားတဲ့
အိတ်ကြီးတစ်လုံးကို နှလုံးသားထဲမှာ
လွယ်ပိုးထားတတ်ကြတဲ့သူတွေပါ. . .။
နောက်ပြီးတော့မှ . . .
သူ့နေရာနဲ့သူ. . . သူ့တန်ဖိုးနဲ့သူ. . .
တစ်ခုချင်း ပေးဆပ်သွားကြတာလေ. . .။
ကိုယ်မှန်တယ်ထင်လို့ ကိုယ်ဆွဲတဲ့
ကိုယ့်စည်းကမ်းကိုတော့ . . .
ဘယ်တော့မှ မဖောက်ကြပါဘူး. . .။
အချစ်နဲ့တန်တဲ့သူကို ဘယ်တော့မှ အမုန်းမပေးဘူး. . .။
အမှန်နဲ့တန်တဲ့သူကို ဘယ်တော့မှ အမှားမပေးဘူး. . .။
ရိုးသားခြင်းနဲ့တန်တဲ့သူကို
ဘယ်တော့မှ မရိုးသားခြင်း မပေးပါဘူး. . .။
ကဲ ! . . .
ချစ်စွာသော အသင်လူသားကရော . . .
ဘာနဲ့ထိုက်တန်တဲ့သူလို့ . . . ထင်ပါသလဲ?

ရိုးယိုး





နေသစ်နဲ့ ရိုးယိုးတဲ့။

အဲဒီတုန်းက . . .

နေသစ်က အင်္ဂလိပ်စာအဓိကနဲ့ Final Year မှာ. . .။ ရိုးယိုးက ဓာတုဗေဒ အဓိက တတိယနှစ်. . .။

ရိုးယိုးဟာ ခေတ်ရှေ့လည်းမပြေး ခေတ်နောက်လည်းမကျန်တဲ့ ခေတ်ကန့်လန့်မြောကလေး။

ဒါပေမယ့်. . . ရိုးယိုးကလှတယ်။ ဖြူဖြူသွယ်သွယ် သန့်သန့်ကလေးရယ်။

နေသစ်ကလည်း အသားလတ်လတ်နဲ့ ရုပ်သန့်တဲ့သူ. . .။ နေသစ်က လည်တယ်။ မာယာများတယ်။

နှလုံးသားဟာ ကင်းခြေများလိုပဲ။ သူ့မှာ ဂျပန်ခေတ်ကတည်းက ရည်းစား။ အင်္ဂလိပ်ခေတ်ကတည်းက ရည်းစားဆိုတာမျိုး မရှိဘူး။

ချစ်သူလေးတွေဟာ မီးမပျက်တဲ့ ရေခဲသေတ္တာထဲက ပန်းသီးလေးတွေလို လတ်လတ်ဆတ်ဆတ်လေးတွေချည်း။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူတစ်ယောက်အပေါ်ထားတဲ့ သံယောဇဉ်အမျှင်စကို ခြောက်လထက် ပိုမရှည်တတ်တာ သူ့အကျင့်။

ဒါပေမယ့် ရိုးယိုးကို တွေ့လိုက်တဲ့အချိန်ကစပြီး သူ့နှလုံးသား မြားတံတွေဟာ ကွေးညွတ်ကုန်တယ်။

လားရာတွေ ဆန့်ကျင်ကုန်တယ်။ ရိုးယိုးရဲ့ပုံစံက မတုန် မလှုပ် မထုံတက်တေးနဲ့။ ဘာကိုမှ နှစ်နှစ်ပျော်ပျော် မခံစားတတ်တဲ့ ပုံစံ။

အဲဒါကို မချင့်မရဲဖြစ်။ ရင်ထဲမှာ တစ်ခုခု လိုနေသလိုကြီး ဖြစ်။ အဲလိုဖြစ်ရင်းဖြစ်ရင်းနဲ့ သူ့မြားတံတွေဟာ ပျော့ဖတ်ကြီးတွေ ဖြစ်သွားခဲ့ရတာပါပဲ။

အဲ. . . ပြောခဲ့ပြီးပြီနော်။

နေသစ်က မာယာများတယ်ဆိုတာ။

သူဟာ ရိုးယိုးကို တစ်သက်လုံး ချစ်မိသွားတယ်ဆိုပေမယ့် ရိုးယိုးအပေါ်မှာ မရိုးသားခဲ့ရှာဘူး။

စစ်မှာလည်း မတရားတာမရှိဘူး။

အချစ်မှာလည်း မတရားတာမရှိဘူး။ အဲဒီထုံး နှလုံးမူပြီး မာယာတွေအထပ်ထပ် ရစ်ပတ်ခဲ့တာ ရိုးယိုး သိမယ်တောင်မထင် ပါဘူး။

သူ ဘယ်လို မာယာများခဲ့တယ် ဘယ်လောက်ထိ မာယာ များဦးမယ်ဆိုတာလေး ကြည့်လိုက်ကြရအောင်ပါ။

■



BURMESE CLASSIC .com

# နေသစ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက သူတို့ဇာတ်လမ်းစ,ခဲ့တာ . . .
၁၉၉၉ ခုနှစ်လောက်ကပါ။

■





BURMESE CLASSIC .com

နေသစ် ▸ ၁

တတိယနှစ် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေတာတောင်မှ ကျူရှင် မလွတ်နိုင်ရှာသေးတဲ့ ရိုးယိုးကို သူပြုံးမိသည်။ ကျူရှင်ဆိုတာ လွယ်လွယ်ပဲပြောလိုက်တာပါ။ တကယ်တမ်းကျ Class ထဲမှာ ရိုးယိုးတို့ မမီလိုက်၊ မရေလည်လိုက်တဲ့ စာတွေကို စနေ တနင်္ဂနွေမှာ ဆရာ က အပြင်မှာ စေတနာနဲ့ ပြန်သင်ပေးခြင်းပါပဲ။ ဒါပေမယ့် အဲဒီဆရာကို နေသစ် ကျေးဇူးတင်ပါသည်။ ဒါမှလည်း ရိုးယိုးကို သူ တွေ့ရမည် မဟုတ်လား။

အိမ်ထဲမှာ ကျောင်းသူတွေကို ဆရာက စာရှင်းပြပေးနေသည်။ အပြင်မှာ စက်ဘီးရှစ်စီးနှင့် ဆိုင်ကယ်ကိုးစီး ရပ်ထားသည်။ ဘီးခွန်ကောက်ဖို့ ရေတွက်နေခြင်းမဟုတ်ပါ။ အဲဒီအထဲကမှ ရိုးယိုး၏ ဆိုင်ကယ်လေးကို သူ အမှတ်အသား ပြုထားခြင်းဖြစ်သည်။ သူ့မှာ အကြံအစည်ရှိသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်တော့ . . .

သူကသာ ရိုးယိုးကိုမြင်ပြီး မသိမသာ လိုက်ကြည့်နေခဲ့မိသည်။ Data တွေအားလုံးလည်း ပြည့်စုံသိရှိပြီးခဲ့ပြီ။ ဒါပေမယ့် ရိုးယိုးသည် ကမ္ဘာဦးက ကို့ယို့ကားယားနှင့် အတည်ပေါက်ကြီး ပစ်ချခံခဲ့ရသော သူမ မမြင်ဘူးသည့်အာဒံကိုသာ သိလိမ့်မည်။ ကမ္ဘာပေါ်မှာ နေသစ်ဆိုသော လူတစ်ယောက်ရှိသည် ဆိုသည်ကိုတော့ သိရှာမည်ပင် မထင်။ ကိစ္စမရှိပါ။ မသိလျှင် သိအောင်လုပ်ရမည်။ မခင်လျှင် ခင်အောင်လုပ်ရမည်။ ရိုးယိုးကို နေသစ် ချဉ်းကပ်ပါတော့မည်။

သူငယ်ချင်းမှတဆင့် မိတ်ဆက်ပေးသည်ဆိုသော ဘိုးတော်ဘုရား ဘူဘူးစို့သောခေတ်က အရောမျိုးကြီးက ရိုးခဲ့ပြီ။ နောက်ပြီး ရိုးယိုးက သင်းကွဲလေ။ ခင်မင်ရာ အဖော်အပေါင်းလည်း မတွေ့ရ။ ဒီတော့. . .အဲလို ဝေတိမလေးမျိုးက ရောရခက်သည်။

ရေကန်လည်းသင့် ကြာလည်းသင့်ချင်တော့ ဆရာ၏ အိမ်ဘေးကပ်လျက်မှာ ဆိုင်ကယ် လေထိုး ဘီးဖာဆိုင်လေးရှိသည်။ အဲဒီ ချာတိတ်ကိုလည်း နေသစ် မုန့်ဖိုးပေး ဝင်ရောခဲ့ပြီးပြီ။ ဆိုင်ကယ်ဘီးကို လေလျှော့သည့်ပညာတစ်ရပ်ကိုလည်း လက်ပူတိုက် သင်ကြားခဲ့ပြီးပြီ။

ရိုးယိုး၏ ဇီးရောင်ဆိုင်ကယ်လေးရှေ့မှာ မသိမသာထိုင်ချလိုက်သည်။ လေထိုး ဘီးဖာဆိုင်ရှိ ချာတိတ်မှလွဲ၍ ဘယ်သူမှ သတိမထားမိလိုက်ချိန်မှာပင် လက်ထဲမှ ဝါးနီးပြားလေးအကူအညီနှင့် လုပ်ငန်းစလိုက်သည်။

အေးအေးဆေးဆေးပါပဲ။





မျက်စိအောက်မှာပင် ရိုးယိုး၏ဆိုင်ကယ်ရှေ့ဘီးလေးသည် တင်းနေရာမှ စလိုးမိုးရှင်းလေး ပြားသွား၏။

ချာတိတ်ရှိရာပြန်လာရင်း နေသစ် တိုးတိုးလေး ပြောလိုက်သည်။

"ယောကျ်ားတို့တတ်အပ်တဲ့ အဋ္ဌာရသပညာတွေထဲမှာ ဆိုင်ကယ်ဘီးကို လေလျှော့တဲ့ပညာတစ်ရပ်လည်း တိုးရတော့မှာကွ"

ချာတိတ်က ပခုံးတွန့်ပြသည်။

သည်ပခုံးကိုပင် သူက တစ်ချက် တင်းတင်းဖက်လိုက်၏။

"မင်း ဘာမှမဖြစ်စေရပါဘူးကွာ၊ မကြောက်ပါနဲ့ဟ"

လက်မှနာရီကို ငုံ့ကြည့်လိုက်၏။

ရိုးယိုးတို့ဆင်းဖို့အချိန်က နာရီဝက်လောက်လိုသေးသည်။

"ငါ. . .ခဏလေး ရှောင်ကွန်နရီရဲ့ ရှောင်လင်သိုင်းကွက်လေး နင်းလိုက်ဦးမယ်၊ ပြီးမှ အချိန်ကိုက် ပြန်လာခဲ့မယ်ကွာ"

သည်ကနေ့တော့ သူ့ခေါင်းပေါ်မှာ ကြိုဟ်ကြီးကိုးလုံး ပူပူနွေးနွေးကြီး ပျော်ပွဲစား ကျမလာပါစေနှင့်ဟု ချာတိတ် ဆုတောင်းမိလိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရန် သုံးမိနစ်အလိုမှာ နေသစ် ပြန်ရောက်လာသည်။

ခပ်ဝေးဝေး လမ်းထိပ်မှနေ၍ ဆိုင်ကယ်ပြောင်းပြန်ထားကာ အခြေအနေကို အကဲခတ် လှမ်းမျှော်ကြည့်နေခဲ့သည်။ အစီအစဉ် (၂)အရ ဝါးနီးပြားလေးက ဒုတိယမို့ ကူညီခြင်းနှင့်ပင် မိမိဆိုင်ကယ် ရှေ့ဘီးကို လေ နည်းနည်းလျှော့ပစ်လိုက်၏။

မသိမသာ မျှော်ကြည့်လိုက်ပြန်သည်။

အတန်းဆင်းပြီ။

လွယ်အိတ်လေးတွေနှင့် အိမ်ထဲမှ ထွက်လာကြသည်။

လွယ်အိတ်လေးတွေနှင့်ပင် အသီးသီး အိမ်ရှေ့မှ ပြန်ထွက်သွားကြသည်။ မထွက်နိုင်သေးသူတစ်ဦးပဲ ကျန်ခဲ့သည်။ အင်္ကျီအဖြူ၊ လုံချည်အနက်နှင့် Black & White ကောင်မလေး။ ဆိုင်ကယ်ရှေ့ဘီးကို ငုံ့ကြည့်နေခြင်းပါလား။ ဤသည်မှာ ရိုးယိုးမှလွဲ၍ အခြား မည်သူဖြစ်နိုင်ပါမည်နည်း။

ကြောင်နှစ်ကောင်စာအုပ်တိုက်



နေသစ်က အိပ်ထောင်ထဲမှ ဆယ်လူလာဖုန်းကလေးကို ထုတ်လိုက်သည်။

သူ့လက်ချောင်းထိပ်လေးက ကဏန်းကွက်လေးတွေပေါ်မှာ ဟိုခုန်သည်ကူးနှင့်။

''ဟော့ကောင် နောက်သုံးမိနစ်နေရင် ငါ့ဆီကို ဖုန်းခေါ်လိုက်တော့၊ ငါမှာတဲ့အတိုင်းနော်. . . အေး. . . အေး. . . ဒါပဲ. . . သူငယ်ချင်း''

သူငယ်ချင်း မျိုးကျော်ကို သူ၏ မဟာစီမံကိန်းကြီးထဲမှာ ရောမွှေခဲ့ရပြီ။ ခဏနေ ရိုးယိုးရှေ့ရောက်လျှင် ဖုန်းဝင်လာလိမ့်မည်။ ဆယ်လူလာကို အိပ်ထောင်ထဲ ပြန်ထည့်ပစ်လိုက်၏။ ဆိုင်ကယ်ကွေ့ကာ မောင်းထွက်ခဲ့သည်။

ဦးတည်ရာကား ရိုးယိုးရှိရာ။

■

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ရွာမယောင် မိုးရိပ်ညို့ညို့ကို ရိုးယိုး၏ မျက်နှာနုနုထက်မှာ တွေ့လိုက်ရ၏။

စိတ်ဓါတ်က အစီစီတိုင် သက်ဆင်းသွားသည့် မျက်နှာကလေး။

ချာတိတ်က ဆိုင်ကယ်ရှေ့ဘီးကို လက်တစ်ဘက်နှင့် ကိုင်ထားရင်း ခေါင်းခါနေလျက်။

''ဘီးဖာတာပဲဟာ ငါးမိနစ်လောက်နဲ့ မပြီးနိုင်ဘူးလား၊ ငါ နောက်အတန်းတစ်ခု ကူးရဦးမှာမို့ပါ''

''ဟာ. . . မိနစ်နှစ်ဆယ်လောက်ကြာမှာဗျ၊ အဖာကပ်ပြီးရင် အပေါ်က ဖိစက်နဲ့ဖိ၊ အပူပေးရတာကိုက ဆယ်မိနစ်လောက် အနည်းဆုံးပဲ''

ပြောတာတွေ ကြားနေရပေမယ့် မသိဟန်ပြုပြီး နေသစ် ဆိုင်ကယ်ကို ရပ်လိုက်၏။

''ချာတိတ်ရေ ငါ့ရှေ့ဘီးလေး လေချိန်ပြီးဖြည့်ပေးပါဦး''





ချာတိတ်က သူ့ဆိုင်ကယ်ဘီးကို လေဖြည့်ပေးနေစဉ်မှာပင် ဆယ်လူလာဖုန်းခေါ်သံက သူတို့သုံးဦးသားကို ဆတ်ကနဲ ဆွဲခါပစ်လိုက်သည်။ နေသစ် အိပ်ထောင်ထဲမှ ဖုန်းကလေးကို ဆွဲထုတ်လိုက်၏။

''ဟယ်လို''

''. . . . . . . . .''

''သြော်. . . ဖေဖေ. . . ပြောပါ ဖေဖေ''

''. . . . . . . . .''

''ဟုတ်ပါတယ် ဖေဖေ၊ သား ထောင့်သုံးရာစျေးနဲ့ ဖြတ်ယူလိုက်တာပါ''

''. . . . . . . . .''

''ဟုတ်တယ်၊ နှစ်ရာသုံးဆယ့်ရှစ်အိတ်ပါ ဖေဖေ''

''. . . . . . . . .''

''မပူပါနဲ့ ဖေဖေ၊ သား အနည်းဆုံး နှစ်ပတ်လောက် ထားဦးမှာ၊ ဒီထက် စျေးပိုရမယ်. . . ဟုတ်တယ်. . . ဟုတ်တယ်. . . ဖေဖေ''

''. . . . . . . . .''

''ဖေဖေ. . . ဘုန်းဘုန်းဆီ သွားလိုက်ပါဦး၊ မနေ့ညက အအေးမိသွားတာဖြစ်မှာပါ၊ ဟုတ်တယ်၊ သားက ဆယ့်လေးလမ်းဘက် အခုသွားရမှာ၊ အဲဒီအလုပ်လေးပြီးရင် သား ပြန်လာလို့ရပြီ''

''. . . . . . . . .''

''နည်းနည်းနောက်ကျမှာ၊ ပြန်လာမှပဲ ထမင်းစားတော့မယ်လို့ မေမေ့ကို ပြောပေးပါ၊ ပြီးမှ သား မေမေနဲ့ ဘုန်းဘုန်းဆီသွား

www.burmeseclassic.com



လိုက်မယ်၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ. . . ဖေဖေ''

''. . . . . . . . .''

''သြော်. . . ဖေဖေ. . . ဟို ဦးထွန်းကျော်ကြီးအကြောင်း သိပြီးပြီလား ဖေဖေ''

''. . . . . . . . .''

''ဟုတ်တယ်. . . အခု ဆေးရုံကြီးမှာ''

''. . . . . . . . .''

''ဟိုကောင်လေ. . . မျိုးကျော်ပေါ့ဖေဖေရာ၊ နံပါတ်ဖိုးရှော့ခ် ဖြစ်ပြီး ဆုံးသွားတာ၊ အဲဒီစိတ်ပါပဲ''

''. . . . . . . . .''

''ညမှ ဖေဖေ သွားလိုက်ပေါ့၊ သူ့ကံမကောင်းတာက တစ်ပိုင်းပေါ့၊ ဖေဖေ့တာပည့်ပဲဥစ္စာ''

''ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါဖေဖေ. . . ဒါပဲနော်. . . ဟုတ်''

ဖုန်းကိုပိတ်ပြီး အိတ်ထဲပြန်အထည့်မှာ သူ့ကို စွေစွေလေး ကြည့်လျက် အကဲခတ်နေသော ရိုးယိုးကို တွေ့လိုက်ရ၏။

မျက်လုံးချင်းအစုံမှာ သူ ဒက်ကနဲ ပြုံးပြလိုက်သည်။ ရိုးယိုး ပြန်ပြုံးပြလား မပြလား သူမသိလိုက်ပါ။ တော်ပြီလေ။ ဒါလောက်ဆို သူ့မြားတံတွေ လမ်းကြောင်းဖြောင့်နေပြီလေ။ အမှတ်တွေ တစ်မှတ်ချင်း သယ်နေပြီလေ။ လက်ကိုင်ဖုန်းရှိသည်။ မကြွားဝါဘဲ အိပ်ထောင်ထဲမှာ ထည့်ထားသည့်သူ။ မိဘကိုရိုသေသူ။ အမျိုးဘာသာကို စောင့်သိသူ။ စီးပွားရေးနဲ့စပ်သူ သားလိမ္မာလေးအဖြစ် ရိုးယိုး သူ့ကို မြင်မိသွားစေအောင် သူ ပြဇာတ်က,လိုက်ခြင်းပါလေ. . .။





''လုပ်ပါဦးဟာ. . . ငါ နောက်အတန်းတစ်ခု ပျက်လို့ မရလို့ပါ''

''ဟာ. . . အစ်မကလည်းဗျာ နာရီဝက်နီးနီးတော့ ကြာမှာပဲဗျ''

နေသစ် ပိုက်ဆံအိတ်ကိုထုတ်တော့ ချာတိတ်က လက်ကာသည်။

''နေပါစေ အစ်ကို၊ အစ်ကို့ပိုက်ဆံ ဟိုနေ့က ပိုနေသေးတယ်''

ဆိုင်ကယ်ကို စက်နှိုးကာ လှည့်ထွက်မည်ပြုပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ပြုသည်။ ရိုးယိုးဘက်သို့ ဖြတ်ခနဲလှည့်ကြည့်ကာ ဆိုင်ကယ်ပေါ်က ဆင်းလိုက်၏။

''ဘာဖြစ်တာလဲ. . . ဘီးပေါက်တာလား''

''ဟုတ်တယ်၊ သူက ကြာမှာလို့ပြောနေတာ၊ နောက် Section ကလည်း အချိန်ကပ်နေလို့ သွားရမှာက ဆယ့်လေးလမ်းဘက်မှာ''

နေသစ် တစ်ချက်တွေဟန်ပြုလိုက်၏။

ပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် . . .

''ကဲ. . . ဒါဆိုလည်း ကျွန်တော့်ဆိုင်ကယ် ယူသွားဗျာ၊ ကျွန်တော်လည်း ဆယ့်လေးလမ်းဘက်သွားရမှာ၊ ခင်ဗျားဆိုင်ကယ် ဘီးဖာပြီးတဲ့အချိန် ယူလာပြီး ဆိုင်ကယ်ချင်းလဲလိုက်မယ်''

''အို. . . အဲ. . . အဲလိုမျိုးကြီးတော့ မလုပ်ပါနဲ့''

''ရတယ်. . . ရတယ်. . . ပညာရေးက အရေးကြီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိစ္စက နောက်ကျလည်း အကြောင်းမဟုတ်ဘူး၊ အားမနာနဲ့ ယူသာသွားလိုက်. . . ရော့. . . သော့. . . ဘာမှ စဉ်းစားမနေနဲ့''

ရိုးယိုး ငြင်းရန်ရှိနေစဉ်မှာပင် သူ ဖွတ်ထိုးပေးလိုက်သော ဆိုင်ကယ်သော့ကို ယူမိပြီးသား ဖြစ်သွား၏။

ထိနေပြီ နေသစ်၏မြှားတံတွေ ထိနေပြီ။ ချာတိတ်ခမြာ လည်း ယခုမှ ရင်ထဲကအလုံးကြီး အော်တော်မက်တစ် အရည်ပျော် ဆင်းသွားရှာ၏။

''စိတ်ရှင်းရှင်းသာ ယူသွားပါဗျာ''

''အဲ. . . အဲ. . . ဘယ်နေရာ လာလဲရမှာလဲ''

မာယာများလိုက်တာများ သိပြီးသားကို မသိဟန်ဆောင် မေးပြန်သည်။

ရိုးယိုးပြောသောနေရာကို သူ မှတ်လိုက်၏။

''ကျေးဇူးပဲ''

''ရတယ်. . . ဘာမှ စိတ်ထဲမထားနဲ့၊ ဟာ. . . ဟော့. . . ချာတိတ် လုပ်လေကွာ၊ ဒီဆိုင်ကယ် ဘီးဖြုတ်တော့လေ''

လည်ပြန်ကြည့်ကာထွက်သွားသော ရိုးယိုးကို ဂရုမစိုက် သလို မျက်နှာလွှဲနေလိုက်၏။ သူ့အာရုံက ဆိုင်ကယ်ဘီးဖြုတ်နေသည့် ဆီမှာ. . .။ ဩော်. . . မာယာ. . . မာယာ. . . ယောက်ျားတစ်ယောက် ရဲ့ မာယာ။





''နောက်ဆို ကျွန်တော့်မှာ အဲလိုဒုက္ခနဲ့ လှလှနဲ့ မတွေ့ပါရ စေနဲ့ခင်ဗျာ၊ ဒီမှာ ဖောင်ချွေးတွေပျံ့နေပြီ၊ ဘာလုပ်ရမှန်းကိုမသိဘူး။ အစ်ကိုသာ လစ်သွားရင် သူ့ရှေ့မှာ ကျွန်တော် ဘယ်လိုလုပ်ပြီး လေစမ်းရဲမှာလဲ၊ အပေါက်လည်းမတွေ့ဆိုတော့ ကျွန်တော်လျှော့ တယ်ပဲ ထင်သွားမှာဗျ''

''ငါ က,ရမယ့်ဇာတ် ငါ ဒီအတိုင်းထားပါ့မလားကွာ''

ခေါင်းညိတ်ရင်းမှ ချာတိတ် တစ်ချက်ညည်းပြန်သည်။

''ဘာလုပ်ရမှန်းမသိပါဘူးဆိုမှ အရေးထဲ။ အစ်ကို့အဖေ ဆီကဖုန်း ဝင်လာသေးတယ်''

''အဲဒါလည်း ငါ က,နေတာပဲကွ''

သူ့စကားကြောင့် ချာတိတ်မျက်လုံးနှစ်လုံးက ကာတွန်း ထဲကပုံတွေလို ထဆင်ထူးပုံဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



''အဲ. . . အဲဒါလည်း က,တာ၊ ဟာဗျာ. . . အစ်ကိုဘာသာ က,ကပဲဖြစ်ဖြစ်၊ ကိကိပဲဖြစ်ဖြစ်၊ ကုကုပဲဖြစ်ဖြစ် တော်ပြီဗျာ၊ ဦးနှောက် စားတယ်၊ လိုက်မမီတော့ဘူး''

ကျေနပ်စရာကောင်းသော အပြုံးဖျော့ဖျော့တစ်ခုကို လောက ကြီး၏ နှုတ်ခမ်းထက်မှာ နေသစ် ချိတ်ဆွဲပစ်လိုက်၏။

■





နေသစ်က အဲလိုမျိုးပါလေ။

သူက,တဲ့ဇာတ် သူနိုင်တယ်တဲ့။

စောစောက ဖုန်းပြောတာကိုပဲ ကြည့်။ ပြဇာတ်က,သွား တာလေ။ ဟိုဘက်က ဆက်နေတာက သူ့သူငယ်ချင်း အရင်းကြီးဖြစ် တဲ့ မျိုးကျော်ပါ။ ခေါ်ရုံပဲခေါ် ဘာမှမပြောဘဲ့ မှာထားလျက်နဲ့ နေသစ် ရဲ့ ရက်သမ်တွေကို ချိုးပစ်တာလေ။ ဒါပေမယ့် နေသစ် မျက်နှာတစ် ချက်မပျက်ဘဲ လှုပ်ရှားသွားတာဟာ အတုခိုးမှားချင်သူတွေအတွက် ပညာရစရာပါပဲ။

''ဟယ်လို''

''နေသစ်. . . ခွေးမသား. . . သူတောင်းစား. . . အလေ နတွေ့ာ. . . ဗယုတ်သုက္ခ. . . အုတ်ကြားမြက်ပေါက်ကောင်''

''သြော်. . . ဖေဖေ. . . ပြောပါ ဖေဖေ''

''ဟော့ကောင်. . . တဏှာရူး၊ လုပ်မနေနဲ့၊ အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



က ငါဆိုတဲ့မျိုးကျော် မလိုချင်လို့ စွန့်ပစ်ခဲ့တာကွ. . . ဟား. . . ဟား . . . ဟား. . .''

''ဟုတ်ပါတယ်ဖေဖေ၊ သား ထောင့်သုံးရာဈေးနဲ့ ဖြတ်ယူလိုက်တာပါ''

''ဘာ ထောင့်သုံးရာနဲ့ဖြတ်တာလဲ၊ ဖြတ်စရာရှိ မင်းဟာ မင်းသာ ဖြတ်ပစ်လိုက်၊ လည်ပင်း. . . လည်ပင်းလေ. . . ဟဲ. . . ဟဲ . . . ဟဲ''

''ဟုတ်တယ်. . . နှစ်ရာသုံးဆယ့်ရှစ်အိတ်ပါ ဖေဖေ''

''မင်းကြီးတော်ကြီး နှစ်ရာသုံးဆယ့်ရှစ်အိတ်ပါလား၊ သေလိုက်၊ အယုတ်တမာရေ. . . ဟား. . . ဟား. . . ဟား. . . မင်းကို သချိုင်းပို့ပစ်မယ်ကွ''

''မပို့နဲ့ ဖေဖေ၊ သား အနည်းဆုံး နှစ်ပတ်လောက်ထားဦးမှာ၊ ဒီထက် ဈေးပိုရမယ်၊ ဟုတ်တယ်. . . ဟုတ်တယ် ဖေဖေ''

''ဟ. . . မင်းလိုအသေကောင်ကို နှစ်ပတ်လောက်ထားရင် ပုပ်ပွကုန်မှာပေါ့၊ ဟိုဟာနှစ်လုံး ဖောင်းကနဲ ပွင့်ထွက်သွားမယ်၊ မျက်လုံး. . . မျက်လုံး. . . ငှဲငှဲ''

''ဖေဖေ ဘုန်းဘုန်းဆီ သွားလိုက်ပါဦး၊ မနေ့ညက အအေး မိသွားတာ ဖြစ်မှာပါ၊ ဟုတ်တယ်၊ သားက ဆယ့်လေးလမ်းဘက် အခုသွားရမှာ၊ အဲဒီအလုပ်လေးပြီးရင် သား ပြန်လာလို့ရပြီ''

''ပြန်လာခဲ့. . . ပြန်လာခဲ့၊ မင်းကို ပါပါမျိုးကျော်က အရိုးကြေ့ရဲ့ တီးရှော့ကစောင့်နေမယ်၊ ဟဲ့. . . ခွေးမသားရဲ့၊ ငါ ဒီလောက် နှောင့်ယှက်နေတာကို မင်း ဘာမှ မဖြစ်သေးဘူးလား''





''နည်းနည်းနောက်ကျမှာ၊ ပြန်လာမှပဲ ထမင်းစားတော့မယ်လို့ မေမေ့ကိုပြောပေးပါ။ ပြီးမှ သား မေမေနဲ့ ဘုန်းဘုန်းဆီ သွားလိုက်မယ်၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ ဖေဖေ''

''အေး. . . အေး. . . မားသားကြီးကို ကပ္ပိယကြီးဆီသာ အပ်ခဲ့တော့ဟေ့၊ ပါပါ အလှူကြီးပေးပါတယ်ကွယ်''

သည်ကောင်မျိုးကျော် နည်းနည်းလွန်လာပြီ။

စကားနိုင်ပြောရာမှ မိဘကို ထိပါးလာပြီ။

နေသစ် ပြန်ပြီး ပညာပြမှဖြစ်တော့မည်။

''ဩော်. . . ဖေဖေ ဦးထွန်းကျော်ကြီးအကြောင်း သိပြီးပြီလား ဖေဖေ''

''ဟာ. . . ဟေ့ကောင်နေသစ်၊ အဲဒါ ငါ့မွေးသဖခင် ကျေးဇူးရှင်လေ၊ မင်း ဒိုင်ကြောင်မလျှော့နဲ့၊ နိုင်အောင်ပြော၊ အဲဒါ ဆွဲမထည့်နဲ့လေ''

''ဟုတ်တယ်၊ အခု ဆေးရုံကြီးမှာ''

''ဖွပ်. . . ဆေးရုံကြီးပါလား၊ ငါ့အဖေ အကောင်းကြီးဟာ၊ ဖွဖွ လွဲပါစေ''

''ဟိုကောင်လေ မျိုးကျော်ပေါ့ အဖေရာ၊ နံပါတ်ဖိုးရှော့ခ်ဖြစ်ပြီး ဆုံးသွားတာ၊ အဲဒီစိတ်ပါပဲ''

''ဘာ. . . ငါက ဆေးလိပ်တောင်မသောက်တတ်ဘူး၊ ဘာလို့ နံပါတ်ဖိုးရှော့ခ်ဖြစ်ရမှာလဲ၊ ဟေ့ကောင် တော်ပြီ. . . တော်ပြီ ငါ အရှုံးပေးပြီ''

ဝှပ်ကနဲ ဖုန်းချသံက နားစည်ကို ရိုက်ခတ်သွားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နေသစ်က စကားတစ်ချက်မမှား မျက်နှာတစ်ချက်မပျက်ဘဲ အတည်ပေါက် ဆက်ပြောနေလိုက်၏။

“ညမှ ဖေဖေသွားလိုက်ပေ့ါ၊ သူ့ ကံမကောင်းတာက တစ်ပိုင်းပေ့ါ၊ ဖေဖေ့တပည့်ပဲ ဥစ္စာ”

“ဟုတ်ကဲ့. . . ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါပဲနော်. . . ဟုတ်”

ကဲ. . . မသိသူကတော့ သားလီမှာတစ်ယောက် မအေဖြစ်သူနှင့် စီးပွားရေး၊ လူမှုရေးကိစ္စ ပြောသည်ထင်ပေရော့မည်။

နေသစ်က အဲလိုမျိုးပါလေ။

■





အတန်းဆင်းပြီ. . .

ရှိုးယိုး ထွက်လာသည်။

နောက်ဆုံးမှ ထွက်လာသည်။

နေသစ် စောင့်နေ၏။

ပြုံးခြင်း၊ ရယ်ခြင်းကင်းသော မတုန်မလှုပ်မျက်နှာနှင့် ရှိုးယိုး ပဋိသန္ထာရစကား ဆိုရှာသည်။

“ရောက်နေတာကြာပြီလား၊ အားနာစရာ ဖြစ်သွားပြီ”

“မဟုတ်ဘူး။ ကျွန်တော် တစ်ချက်လိုသွားတာ၊ ခင်ဗျား နာမည် မမေးလိုက်ရတာလေ၊ နာမည်သိလိုက်ရင် ကျွန်တော် ရောက်ရောက်ချင်း ခဏဝင်လဲလို့ရတာပေ့ါ”

“ဪ. . . ကျွန်မနာမည် ရှိုးယိုးပါ”

“ရှိုးယိုး. . . မှတ်မိလွယ်ပါတယ်၊ ရှိုးရှိုး. . . ရှိုးရှိုး”

“ရှိုးယိုးမှာ ရှေ့ကရှိုးက ရကောက်နဲ့ရှိုးပြီး နောက်ယိုးက ယပက်လက်နဲ့ ယိုးတာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကျွန်တော့်နာမည်က နေသစ်တဲ့၊ E-major, Final Year"

"ရိုးယိုးက Chemistry 3rd Year"

ဒါပါပဲ။ ဒါဆို သူတို့ ခင်သွားကြပြီပေါ့။

ပြောစရာကုန်သွားသလိုပဲ. . .

နှစ်ယောက်သား နှုတ်ဆိတ်ပြီး . . .

တေမိဇာတ် က,နေကြရာက . . .

"ကူညီတာ ကျေးဇူးပဲနော်၊ ကိုနေသစ်ကို ရိုးယိုး တစ်ခုခု လိုက်ဧည့်ဝတ်ပြုပါရစေလား"

"နောက်ကြုံမှာပါ၊ ရိုးယိုးနဲ့ထိုင်ချင်တာပေါ့၊ အခုဟာက အလုပ်ကလေး ကျန်နေသေးလို့ပါ၊ ဖေဖေက အရွယ်လေးရလာတော့ ဟိုသွားဒီသွားကိစ္စကျ ကျွန်တော်ပဲ သွားနေရတာလေ"

"သြော်. . ."

မှတ်ကရော။ သယ်လာသမျှကို မတုန်မလှုပ်မ,က "သြော်" တစ်လုံးတည်းနှင့် ပစ်ချလိုက်သည်။

"ကျွန်တော်က အိမ်တော်ရာ အရှေ့ဘက်မှာပါ၊ မိဘတွေက ပွဲရုံလုပ်တယ်၊ ရိုးယိုးက ဘယ်မှာနေတာလဲ"

"ရှမ်းပွဲပါ၊ ဘုရားကြီးမြောက်ဘက်"

"ရိုးယိုး တစ်မျိုးထင်မှာစိုးလို့ ဆိုင်ကယ်ဘီးဖာခ မရှင်းခဲ့ရဘူး၊ အဲဒါ လမ်းကြုံရင်တော့ ဝင်ရှင်းလိုက်ပါ၊ မကြုံလည်း ပြဿနာ မရှိပါဘူး"

"အို. . . မဟုတ်တာ၊ ရိုးယိုး အပြန်ကျ ဝင်ရှင်းလိုက်ပါ့မယ်၊





ကဲ. . . ကျေးဇူးနော် ကိုနေသစ်"

သည်လိုကြီး နှုတ်ဆက်ထွက်သွားတော့မည်လား။

နေသစ်ကရော အဲလိုမျိုး အဖြစ်ခံပါ့မလား။

ခွဲကာနီးမှာ အားပြင်းတဲ့ မြားတစ်စင်းတော့ ပစ်လိုက်ဦးမည်။

နေသစ် ရိုးယိုး၏မျက်နှာကို မေ့မေ့လေးကြည့်ပစ်လိုက်၏။

သတိ!. . . မျက်တောင်မခတ်ရပါ။ စိတ်ထဲက မှန်မှန်လေး ရေတွက်နေလိုက်ပါ။ တစ်. . . နှစ်. . . သုံး. . . လေး. . . ငါး. . . ခြောက်. . . ခုနစ်. . .။ ရပြီ. . .။ ဒီခါမှ သတိဝင်သွားသလို မျက်တောင်ခတ်ပစ်လိုက်၏။ အဲဒါ အရေးကြီးသည်။ သည်လောက်ပဲ ကြည့်ရမည်။ သည့်ထက်ပိုလျှင် ဝေါကျသွားမည်။

အကြည့်ခံရသည့်ရိုးယိုးလည်း ရုတ်တရက် မှင်တက်သွားသည်။

ရင်မှာ တဒိန်းဒိန်းခုန်သွားလား. . . မခုန်သွားလားတော့ မသိ. . .။ ပါးပြင်နုနုမှာတော့ စတော်ဘယ်ရီခင်းလေး ဖတ်ကနဲ ဖြတ်ပြေးသွား၏။ ဖျတ်ကနဲ မျက်လွှာချသွား၏။

ရိုးယိုး ဆိုင်ကယ်ကို မောင်းထွက်သွားပြီ။

သူမျှော်လင့်သလို သမင်လည်ပြန် အကြည့်မရခဲ့။

သူ့မှာသာ ခွေးလည်ပြန်ဖြစ်သွားသည်။

နေသစ် သူလှုပ်ရှားခဲ့သမျှကို ပြန်စစ်ကြည့်မိ၏။ အားလုံး ပိပိရိရိပါပဲ။ အကြည့်တစ်ချက်ကလည်း ထိချက်ပြင်းခဲ့ပြီး အခုအချိန်ကစပြီး ကောင်မလေး ရိုးယိုးရဲ့ရင်ထဲမှာ နေသစ်ဆိုတဲ့ ကောင်လေး

www.burmeseclassic.com



တစ်ယောက်ကို အမှတ်တရ လွယ်ပိုးသွားရပြီလေ။

ဒါတောင်မှ ဒီနေ့အတွက် ပစ်လွှတ်လိုက်တဲ့ မြားတံတွေ မကုန်သေးပါ။

တစ်ချောင်း ကျန်နေပါသေးသည်။

ဤတစ်ချောင်းသည် လေထိုးဘီးဖာဆိုင်ရှိ ချာတိတ်လေးဆီမှာ. . .။

မကြာမီ ရိုးယိုးသည် အဲဒီမြားတံရှိရာ ရောက်သွားပါလိမ့်မည်။ ဘယ်မိန်းကလေးအပေါ်မှာမှ မတွေးခဲ့ဘူးသော အတွေးတစ်ခု သူ့ခေါင်းထဲ ရောက်လာသည်။

(ဒဏ်ရာအနာတရဖြစ်စေမယ့် မြားတွေ မဟုတ်စေရပါဘူး။ မတုန်မလှုပ်မရယ် . . . မင်းအတွက် ကိုယ့်မြားတွေဟာ အားဖြစ်စေမယ့် မြားအစစ်တွေပဲ ဖြစ်စေရပါမယ်)

အဲဒါပါပဲ။ အဲဒီ အားဖြစ်စေမယ့်မြားတွေက အစပြုပြီး နှလုံးသားရဲ့ ရက်သမ်ဟာ အမှားတွေ စခဲ့ရတာပါပဲ။

ရိုးယိုးကတော့ . . .

မြားတစ်ချောင်း ကျန်ရှိရာကို

သွားနေရှာပြီလေ။

■





ယယ်စဉ်ကတည်းက ကြားခဲ့ဖူးသော ဘောဂကြီးသဘော်အား အမှတ်ရမိလိုက်၏။

ဘောဂကြီးသဘော်သည် ရန်ကုန်-မန္တလေး အမြန်ရထားကြီးများလို မဟုတ်။ ညနေ ခြောက်နာရီဆယ့်ငါးမိနစ်တိတိတွင် ကမ်းကို အချိန်အတိအကျ ဆိုက်ကပ်လာ၏။ နေသစ်သည်လည်း ဤသို့နှယ်။ ညနေ ခြောက်နာရီဆယ့်ငါးမိနစ်တွင် လေထိုးဘီးဖာဆိုင်လေးရှေ့သို့ ဆိုက်ရောက်လာ၏။ အမြဲတစေ ဖျတ်လတ်တက်ကြွနေတတ်သော သူ့ဟန်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့လေ။

''အခြေအနေ ဘယ့်နှယ့်လဲ၊ ငါမှန်းထားသလိုပဲ မဟုတ်လား ချာတိတ်''

ချာတိတ်သည် မျက်မှောင်ကျုံ့နေရာမှ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်သည်။

''ကွက်တိပဲ. . . အစ်ကို့ကိုတော့ ကျွန်တော် တော်တော်လေးကို အလန့်ဆွဲသွားပြီဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော ညနေခင်းလေးသည် ကျေနပ်ခြင်းတွေနှင့် ပြည့်တင်းသွားလေပြီ။

''ဒီအတိုင်းတော့ မပြောနိုင်ဘူးနော်၊ ကျွတ်တစ်လုံးစာဘိုး ပေးမှ ပြောနိုင်မယ်''

''မင်းစကားက ဘာအဓိပ္ပါယ်လဲ ချာတိတ်ရ''

''ကျွတ်တစ်လုံးစာ ငါးရာလေ၊ ငါးရာပေးမှ ပြောနိုင်မယ်လို့ပြောတာပါဗျာ. . . ဟား. . . ဟား. . . ဟား''

ငါးရာတန်လေးခမြာ လက်ပြောင်းလက်လွှဲပြုခြင်း ခံလိုက်ရရှာ၏။

''အစ်ကို မှာသွားတဲ့အတိုင်းပါပဲ၊ အဲဒီအစ်မလေး ရောက်လာတယ်ဗျ၊ ဘီးဖာခ ဘယ်လောက်လဲတဲ့၊ တစ်ရာလို့ပြောပြီး ကျွန်တော်လည်း အစ်ကိုသင်သွားသလိုပဲ၊ လက်မအားသလို လုပ်နေတော့ သူ ရပ်စောင့်နေရင်းနဲ့ မေးပါလေရော၊ ခုနက ငါနဲ့ ဆိုင်ကယ်လဲသွားတဲ့သူက နင်တို့ဆိုင်လာနေကျလားတဲ့၊ ကျွန်တော်လည်း ဟုတ်တယ် အစ်မ၊ သူက ငါးရက်တစ်ခါ ဆိုင်ကယ် လေချိန်နေကျ. . . လို့ စည်းစနစ်ရှိတာတော့ အတိအကျပဲဗျာလို့ အစ်ကိုသင်ထားသလို ပြန်ပြောလိုက်တယ်''

''ခဏနေတော့ သူ့အကြောင်း နင် ဘယ်လောက်သိလဲတဲ့၊ ကျွန်တော်လည်း အစ်ကိုသင်ထားတဲ့အတိုင်း အဲဒါကျ ဘာမှ မသိဘူး အစ်မလို့ ပြန်ပြောလိုက်တာလေ''

''အဲဒါပဲ၊ သူ အဲလိုမေးမမေးပဲ ငါသိချင်တာကွ၊ အဲဒါမှ သူ ငါ့ကို စိတ်ဝင်စားမှု ရှိမရှိ သိနိုင်မှာပေါ့၊ မင်းက မသိဘူးလို့





ပြန်ပြောမှလည်း မင်းနဲ့ငါ ပူးပေါင်းကြံစည်မှု မရှိဘူးဆိုတာ ယုတ္တိရှိမှာလေ''

''အစ်ကိုသင်သွားတဲ့အထဲမှာ မပါတဲ့ စကားတစ်ခွန်း ဆက်ပြီး ကျွန်တော် ပြောလိုက်မိသေးတယ်''

မျက်မှောင်ကျုံ့လျက် စူးစမ်းကြည့်တစ်ချက်ကို ချာတိတ်ရင်ဆိုင်လိုက်ရ၏။

''အစ်မက ဘာဖြစ်လို့ သူ့အကြောင်း လာမေးရတာလဲလို့ ကျွန်တော် မေးလိုက်တာလေ''

''ဟား. . . မင်း တော်တော် တော်တဲ့ကောင်ပဲ၊ အဲဒီကျ သူ ရှိုးယိုး ဘာပြန်ပြောလဲ''

''ဟဲ့. . . ကောင်နာလေး. . . သူနဲ့ငါနဲ့ ဘာဆိုင်တာမှတ်လို့ ဆိုပြီး တစ်ရာတန်လေး ပစ်ချ ရှက်ရှက်နဲ့ ထွက်သွားတော့တာပါပဲ''

''ဩော်. . . ဒါ့ကြောင့်လည်း မင်းက ငါ့ဆီက ငါးရာ တောင်းတာကိုး၊ တော်တယ်ကွာ''

''ငါးရာလို့ မပြောပါနဲ့၊ ကျွတ်တစ်လုံးစာဖိုးလို့ပဲပြောပါ အစ်ကိုရာ၊ ဟား. . . ဟား. . . ဟား''

''အေးပါကွာ. . . ကျွတ်တစ်လုံးစာဖိုးပဲထားပါတော့. . . ဟား. . . ဟား. . . ဟား''

ဟက်ဟက်ပက်ပက် ရယ်မောသံကြောင့် အိပ်တန်းဝင် ငှက်မြည်းစ သစ်ရွက်ပျိုတို့ပင် ဖျတ်ကနဲ မျက်လုံးပြူးကျယ်သွားကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



နေသစ် ▸ ၂

''ဘုရားကြီးဈေး ဆစ်တိုင်းပေး အလေးမမှန် ဝယ်သူ့ကံ'' တဲ့။

ဟိုတုန်းက ပြက်ရယ်ဟာအပြောစကားလေး ရှိခဲ့ဖူးပါသည်။

တည်တည်တံ့တံ့ မှန်မှန်ကန်ကန်နှင့် ရှိနေရှာသော ဈေးသည်တွေခမြာ သည်စကားလေးကြောင့် ခံရခက်ရှာမည်ဖြစ်သော်လည်း နေသစ်ကတော့ သဘောကျသည်။ ဘုရားကြီးဈေးမှာ သူသည် ရှိုးယိုးအား နလုံးသားကို ချိတ်ဆွဲ ဈေးခေါ်ပါသည်။ ဆစ်တိုင်းလည်း ပေးလိုက်သည်။ အလေးလည်း မှန်စေရမည်။ ဝယ်သူလည်း ကံကောင်းစေရမည်လေ။

သူ့ ဦးနှောက်ထဲမှာ ရှိုးယိုးနှင့်ပတ်သက်၍ အချက်အလက်အစုံအလင်ကို ကွန်ပျူတာတစ်လုံးလို အကန့်လိုက် ထည့်သွင်းခဲ့ပြီးပြီ။ ရှိုးယိုး၏ နံနက်ခင်း Data ကို File ဖွင့်ကြည့်ခဲ့၏။ တစ်ဦးတည်း





သော သမီးကလေး ရှိုးယိုးသည် တစ်ဦးတည်းသော အဒေါ်အပျိုကြီးနှင့် နံနက်တိုင်း ဈေးဝယ်အမြဲထွက်နေကျ။ ရှိုးယိုး၏အဒေါ်သည် မုန့်တီကြိုက်သည်။ သည့်ကြောင့်လည်း နေသစ်သည် ရှိုးယိုး၏ အဒေါ် စားနေကျ မုန့်တီဆိုင်လေးမှာထိုင်စားရင်း စောင့်နေခြင်းဖြစ်ပါသည်။ စောင့်ရင်းနှင့် စားနေသောကြောင့် စောင့်စားခြင်းမည်ပါသည်။ ရှိုးယိုးတို့ တူဝရီးလာနေပြီ။ သူ မသိဟန်ဆောင်လျက် ဆက်ပြီး စောင့်စားနေမိ၏။ မုန့်တီဆိုင်ကို ကျော်သွားပြီ . . .

တစ်လှမ်း. . . နှစ်လှမ်း. . .

သုံးလှမ်း. . . လေးလှမ်း. . .

''ရှိုးယိုး''

ခေါ်သံကြောင့် ရှိုးယိုး လှည့်ကြည့်သည်။

နေသစ်သည် စားနေရာမှ ရှိုးယိုးတို့ရှိရာ လှမ်းသွား၏။

အနားရောက်မှ သူ့ကို အကဲခတ်ကြည့်နေသော အဒေါ်အပျိုကြီးကို မြင်မိဟန်ပြုလိုက်၏။

''ဈေးဝယ်လာတာလား. . . ဩော်. . . ဒါ. . . ရှိုးယိုးရဲ့ အစ်မလား''

ကြည့်. . . လေးဆယ်ကျော်အရွယ်ကြီးကို အစ်မလား. . . တဲ့။

နေသစ်က အဲလိုမျိုးပါလေ။

''မဟုတ်ဘူး ကိုနေသစ်၊ ဒါ အန်တီလေးလေ၊ ရှိုးယိုးကို ငယ်ကတည်းက ရင်အုပ်မကွာ ထိန်းသိမ်းခဲ့တဲ့သူပေါ့။ အန်တီလေး ဒါ ယိုးသူငယ်ချင်း ကိုနေသစ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



နေသစ်က အန်တီလေးကို အားတုံ့အားနာ ပြုံးရယ်ပြလိုက်ရင်း ခါးလေးညွတ်ကာ အရိုအသေပြုလိုက်၏။

''ကျွန်တော် ရိုင်းသလိုဖြစ်သွားတယ်၊ ဒီ့အတွက် အန်တီလေးကို တောင်းပန်ပါတယ် ခင်ဗျာ၊ ခွင့်လွှတ်တယ်ဆိုရင် မုန့်တီသုံးဆောင်ရင်း ကျွန်တော့်အပြစ်ကို ချေပေးပါ၊ လာပါခင်ဗျာ၊ ဒီဆိုင်က မုန့်တီအရမ်းကောင်းလို့ပါ''

ရှိုးယိုးကို တစ်ချက်ဂရုမစိုက်ပဲ အန်တီလေးကို ပျာပျာသလဲ ဖိတ်မန္တကပြုပစ်လိုက်သည်။ အန်တီလေး မနောခွေ့သွားသည့်ထင့်။ လက်ဆွဲမတတ် ခေါ်နေတော့လည်း နေသစ်နှင့် အတူပါသွား၏။ မုန့်တီဆိုင်မှာ ထိုင်မိမှ လှည့်ကြည့်လိုက်မိသည်။

ရပ်နေသော ရှိုးယိုး။

''သူက မနက်လင်းရင် ကော်ဖီတစ်ခွက်၊ ကြက်ဥကြော်တစ်လုံးနဲ့ ပေါင်မုန့်မီးကင်တစ်ချပ်ပဲ စားတတ်တယ်၊ မုန့်တီ မကြိုက်ဘူး၊ နေပါစေ. . . မောင်ဘယ်သူ. . . ဘယ်သူ''

''နေသစ်. . . နေသစ်ပါ အန်တီလေး''

''အန်တီထက်. . . ခါတိုင်းလိုပဲ နန်းကြီးလား''

မုန့်တီဆိုင်မှ အမေးစကားကို အန်တီလေးက ပြုံးလိုက်ရင်း ခေါင်းညိတ်ပြလိုက်သည်။ နေသစ် ခေါင်းကုတ်လိုက်၏။

''ကျွန်တော် ခံရပြီ၊ အန်တီလေးက ဒီမှာ စားနေကျကိုး၊ ကျွန်တော်က မုန့်တီကောင်းကြောင်း ညွှန်းနေတာ၊ ရှက်စရာ ဖြစ်သွားပြီ''

''မင်းက ဘယ်မှာနေတာလဲ မောင်နေသစ်''





''အဲဒါပေါ့. . . နေတာနဲ့က တစ်ခြားစီပါ၊ ဘုရားကြီးလာရင်းနဲ့ မေမေက ဘုရားပန်းမှာလိုက်လို့ နီးရာ ဒီဈေးကိုဝင်လာတာ''

''ဝယ်ပြီးပြီလား''

''မဝယ်ရသေးဘူး၊ ခါတိုင်းကျ အပြန်မှာ ကိုင်းတန်းဈေးဝင်နေကျ၊ မေမေ ဝယ်နေကျဆိုင်က ကောင်မလေးက သိပြီးသားလေ၊ ဒီမှာကျ ဘယ်လိုဝယ်ရမှန်းမသိလို့ အကြပ်ရိုက်နေတုန်း ရှိုးယိုးကို မြင်လိုက်လို့ ဝမ်းသာပြီးအော်လိုက်တာ''

''အဲဒါဆို မိယိုး ဈေးဝယ်တဲ့နောက် လိုက်သွားလေ၊ သူက သိပ်စောင့်မှာမဟုတ်ဘူး၊ အခု မင်းရှိနေလို့ သူရပ်နေတာ''

ပြောရင်းနှင့် ရပ်နေသော ရှိုးယိုးရှိရာ မေးဆတ်ပြသည်။ နေသစ် လှစ်ကနဲ ရှိုးယိုးရပ်နေရာသို့ ရွေ့၏။

''ကျွန်တော့်ကို ဘုရားပန်း လေးဆယ့်ငါးကျပ်ဖိုးလောက် ဝယ်ပေးပါလား ရှိုးယိုး၊ မေမေက မှာလိုက်လို့ပါ''

မတုန်မလှုပ်မ,က နေသစ်လက်ထဲမှ လေးဆယ့်ငါးကျပ်ကန်ကို မယူချင်ယူချင်နှင့် ယူလိုက်သည်။

''အဖြူရောင် သစ္စာပန်းတွေချည့် လိုချင်တာပါ ရှိုးယိုး''

ပြောအပြီးမှာ လှည့်ထွက်ခဲ့၏။

အန်တီလေးနှင့်အတူ မုန့်တီစားရင်း စကားဖောင်ဖွဲ့ မျောလိုက်သည်။

ခဏနေတော့ ရှိုးယိုး ပြန်ရောက်လာ၏။

ပန်းတွေက တစ်ပွေ့တစ်ပိုက်ကြီး. . .။

သစ္စာပန်းတွေ. . .



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အဖြူရောင်တွေချည့် . . .
အဖြူရောင် သစ္စာပန်းတွေချည့်ပါလေ . . .။

■





"မန္တလေး အနောက်မြောက်မှာ နေတဲ့သူက တောင်ပြင် ဘုရားကြီးဈေးကို ပန်းလာဝယ်တယ်၊ သူဟာ အိမ်တော်ရာဈေး ကိုင်းတန်းဈေး၊ ဈေးချို၊ မန်းမြို့ဈေးတို့ကိုဖြတ်ပြီး တကူးတက လာ ဝယ်ရတာဆိုတော့ ကဲ . . . ဘယ့်နှယ့်လဲ မောင်နေသစ် ဟိုတစ်နေ့က ပန်းတွေ မင်းမေမေက သဘောကျတယ်တဲ့လား . . . ဟင်း . . . ဟင်း . . . ဟင်း . . ."

"ဟား . . . ကျွန်တော်တော့ အန်တီလေးနဲ့ တွေ့ရမှာကို လန့်နေပြီ"

"ဘာမှ လန့်မနေနဲ့၊ အန်တီလေး ဒီနေ့ မောင်နေသစ်ကို မုန့်တီကျွေးမယ်၊ မိယိုးလေ ဟိုနေ့က ဈေးကအပြန်ကျမှ ပြောပြ တာ။ သူ့ဆိုင်ကယ်ဘီးပေါက်တာ မောင်နေသစ်က ကူညီလိုက်တာ ဆိုတာကို . . ."

နေသစ် ရှိုးယိုးရှိုရာ ငဲ့ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိုးယိုးကတော့ ထုံးစံအတိုင်း မပြောင်းမလဲ. . . မတုန်မလှုပ် မျက်နှာနှင့်. . .။

ရှိုးယိုးကိုကြည့်ကာ နေသစ် ပခုံးတွန့်ပြလိုက်၏။

မသိမသာ ခေါင်းလေးရမ်းပြလိုက်သည်။

''အဲဒါ အကြောင်းမဟုတ်ပါဘူး အန်တီလေးရာ၊ ဒီမှာ အခု အန်တီလေးအတွက် စားစရာ လက်ဆောင်ပါလာတယ်၊ ဘာလဲ ခန့်မှန်းကြည့်''

နေသစ်က လက်ထဲမှ ဂျပ်ဗူးလေးကို မြှောက်ပြရင်း ပြော၏၊

''ငါ. . . သိတာပေါ့၊ ဒါပေမယ့် နောက် ဘာလက်ဆောင်မှ မပေးတော့ပါဘူးဆိုမှ လက်ခံနိုင်မယ်''

ရှိုးယိုးမျက်နှာလေး သုန်မှုန်သွားသည်လား. . . သည် အတိုင်းပဲလား. . .။

နေသစ် မှန်းဆရခက်နေသည်။ ရှိုးယိုး၏မျက်နှာစာကို သူ ခုထိ တိတိပပ မဖတ်နိုင်သေးပါလား. . .။

''ကဲပါ. . . ဘာလဲဆိုတော့ အန်တီလေးပြောစမ်းပါ''

''ပန်းသီးနှစ်လုံးပါ မောင်နေသစ်ရယ်၊ ဒါလေးများ. . .''

''အား. . . လွဲသွားပြီ. . . ကဲပါ အိမ်ကျမှ ဖွင့်ကြည့်၊ အန်တီလေး ရင်ခုန်သွားမယ်''

''အယ်. . . ကောင်နာလေး. . . ငါ့ကိုများ ရင်ခုန်မလေး ဘာလေးနဲ့. . . ကဲ. . . ကဲ. . . မောင်နေသစ်. . . အန်တီလေး မုန့်တီ စားဦးမယ်. . . မင်း. . . ပန်းဝယ်ရဦးမှာမဟုတ်လား၊ မိယိုးနဲ့ လိုက်





သွားလိုက်''

ဒိန်းကနဲ ဝမ်းသာသွားသည်။

အဲဒါက စိတ်ထဲမှာ. . .။

အပြင်ပန်းကျတော့ သူ့မျက်နှာက အားနာစိုးရွံ့သွားသည့် ပုံစံနှင့်။ နေသစ်က အဲလိုမျိုးပါလေ. . .။

''အန်တီလေး. . . ရှိုးယိုးကို အားနာတယ်၊ အဲလို လိုက်သွားဖို့လည်း ကျွန်တော်မရဲဘူး၊ ဟိုနေ့ကလိုပဲ ရှိုးယိုးဝယ်ပေးပါ၊ ကျွန်တော် အန်တီလေးနဲ့ပဲ မုန့်တီလိုက်စားမယ်''

လေးဆယ့်ငါးကျပ်တန်လေး လှမ်းပေးရင်း ရှိုးယိုး၏မျက်နှာကို အမိအရ ဖတ်ကြည့်မိပြန်သည်။ မထုံတက်သေး မျက်နှာနုနုမှာ နှုတ်ခမ်းဖူးဖူးလေး အနည်းငယ်တွန့်ကွေးသွားသည်မှလွဲ၍ အပြောင်းအလဲမရှိ။

''ရှိုးယိုး. . . ရှိုးယိုး ကျွန်တော့်ကို စကားတစ်ခွန်းမှ မပြောသေးဘူးနော်''

ကောင်မလေးစိတ်ထဲမှာ အူယူနေမှန်း နေသစ်သိသည်။

စနက်တံကို အသာလေး မီးနှင့်တို့ကြည့်လိုက်ခြင်းပါတည်း။

ရှိုးယိုးနှုတ်ခမ်းကလေး လှုပ်သွား၏။ တစ်ခွန်းတည်းသော စကားကိုဆိုကာ အသာလေး ဆက်လျှောက်သွားသည်။

''လဲသာသေလိုက်တော့ ကိုနေသစ်ရေ''

■



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသော ရိုးရိုးစင်းစင်း ဆိုစကားလေးရှိပါသည်။ ကမ္ဘာလည်း မီးမလောင်ပါ။ သားကောင်လည်း ချနင်းစရာမလိုပါ။ ဒါပေမယ့် ယခုလောက်ဆိုလျှင်တော့ သူ့လက်ချက်နှင့် အန်တီလေးတစ်ယောက် ဝမ်းတွေလျှောကာ ပန်းကမ္ဘာလေးထဲသို့ ရောက်နေလောက်ပါပြီ။

သားကောင်ကိုချမနင်းခဲ့သော်လည်း ယိုစုံလုပ်သော သူငယ်ချင်းကတော့ ပေဒင်မေးစရာမလိုဘဲ နာမည်ပျက်ကိန်း ကြုံခဲ့ပြီ။ အန်တီလေးသည် ဖီးမဆလာအရမ်းကြိုက်၏။ သူငယ်ချင်းအရင်းကြီးဖြစ်သော မျိုးကျော်သည် ယိုစုံနှင့် မုန့်မျိုးစုံလုပ်သူဆိုတော့ တံဆိပ်ထည့်ပြီး အိတ်မပိတ်ရသေးသော ဖီးမဆလာထုပ်တွေ အိမ်ကိုယူလာဖို့က နေသစ်အတွက် အခက်အခဲမရှိခဲ့။ ပွေးကိုင်းမှုန့်တွေကို ချိန်ဆထည့်ကာ ပလပ်စတစ်အိတ်ဘေး နှုတ်ခမ်းသားတွေကို မထိအောင် ရောသမရသည်ကတော့ တော်တော်လေး စိတ်ရှည်ရသည်။ ပြီးတော့မှ ပိပိရိရိ မီးနှင့်အပူပြန်ဖိ။ တိတိကျကျ. . . ပိပိရိရိပါပဲ။





အားလုံး ဆယ်ထုပ်။ များများလေးစားလေ များများလေးသွားလေပေါ့။ တော်တော်လေးစားမိပြန်တော့ မော်တော်လေးသွားသလိုပေါ့။ ကြိုက်သလောက်သာ စားပေရော့ အန်တီလေးရေ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



နေသစ်၏ မြားတံတွေသည် ယခုအချိန်ထိ လမ်းကြောင်း ဖြောင့်နေဆဲ. . .။

နံနက်ခင်းလေးသည် ရွှေ့ရွှေ့လျှောက်လာသော ရိုးယိုး၏ ခြေလှမ်းတွေနှင့်ပင် မင်္ဂလာအပေါင်းနှင့် ပြည့်သိပ်သွားလေသည်။

တစ်ယောက်တည်း . . .။ ရိုးယိုး တစ်ယောက်တည်းပါ လေ. . .။ အဓိက,က အန်တီလေး ဒီနေ့ ပါမလာနိုင်ဖို့ပဲမဟုတ် လား။ အန်တီလေး ဘယ်နှစ်ထုပ်များ အုပ်လိုက်ပါလိမ့်ဟု နေသစ် စိတ်မကောင်းစွာတွေးရင်း ကြည့်နူးသွားပါသည်။

``အန်တီလေး မပါဘူးလား ရိုးယိုး''

``မပါဘူး. . . နေမကောင်းလို့''

``သြော်. . .''

ဘာဖြစ်တာလဲလို့ နေသစ် ဆက်မမေးပါ။ ဒီအတိုင်းပဲ ဆက် နေလိုက်၏။ သံသယဆိုသည်ကို တစ်မျှင်တစ်စပင် ဆွဲထုတ်လို့မဖြစ်။





နေသစ်က အဲလိုမျိုးပါလေ။ နှစ်ဦးသား ဆက်လျှောက်နေမိရာမှ ရိုးယိုး၏နှုတ်ခမ်းလေး လှုပ်သွား၏။

``ဘာနေမကောင်းတာလဲဆိုတာ ကိုနေသစ် သိလား''

``ဟာ. . . မသိချင်ပါဘူး၊ ဟိုလေ မိန်းမသားတွေ တစ်လ တစ်ခါ ကိစ္စမဟုတ်လား၊ ကျွန်တော် အဲလောက် မ,အပါဘူး''

ကြုံရခဲသော ရိုးယိုး၏ရယ်သံသဲ့သဲ့ကို ကြားခွင့်ကြုံလိုက်၏။

ချစ်စရာကောင်းလိုက်တာ . . .။

``ဘယ်ကဟုတ်ရမှာလဲ ကိုနေသစ်ရယ်. . . မနေ့က ကိုနေ သစ်ပေးလိုက်တဲ့ အချဉ်ထုပ်တွေစားပြီး အန်တီလေး ဝမ်းသွားလို့ လိုက်မလာနိုင်တာရယ်''

``ဗျာ. . .''

အလန့်တကြားအော်လိုက်ကာ နေသစ် ရုတ်တရက် ရပ် ပစ်လိုက်သည်။ စိတ်ထဲမှာတော့ ဒီလိုပဲ ဖြစ်ရမှာပေါ့ဟု ပြောလိုက်မိ ၏။

``သြော်. . . လာလေ. . . ဘာလို့ရပ်နေတာလဲ၊ ဘာမှ မဟုတ်တဲ့ကိစ္စကို၊ အခန့်မသင့်လို့ ဖြစ်သွားတာပဲဟာ၊ အဲဒီ အချဉ် ထုပ်တွေလည်း အမှိုက်တောင်းထဲထည့်လိုက်ပါပြီ. . . လာလေ. . . ကိုနေသစ် ဘုရားပန်းဝယ်မှာမဟုတ်လား''

မျက်နှာက စိတ်မကောင်းဟန် အပြည့်. . .။

ခေါင်းကိုငုံ့ထားရင်း နှုတ်ဆိတ်စွာနှင့် ရိုးယိုးဘေးမှ လိုက် ခဲ့သည်။

တတ်လည်း တတ်နိုင်တဲ့လူ။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . တစ်ခြားရော. . . အန်တီလေး ဘာစားမိသေးလဲ၊ ဦးမဆလာက ကျွန်တော့်သူငယ်ချင်းလုပ်တာ၊ နာမည်ကြီးပဲ၊ သူတို့ တစ်ခါမှတော့ အဲလို မရှိခဲ့ဘူးပါဘူး"

"ဩော်. . . ဒါကြီးကို စဉ်းစားနေပြန်ပြီ၊ ဘာမှမဟုတ်တာကို၊ ဟိုမှာ ပန်းဆိုင်ရောက်တော့မယ်"

"တော်ပါပြီဗျာ၊ မဝယ်တော့ပါဘူး၊ ကျွန်တော် ပြန်တော့မယ်"

ရှီးယိုးက ရုတ်တရက်ရပ်လိုက်ကာ နေသစ်အား တွေတွေလေး ကြည့်လိုက်သည်။ နဂိုက နောက်လှည့်ရန် အစီအစဉ်မရှိသည့် နေသစ်ခြေထောက်တွေ တုန့်သွား၏။

"ရှင်. . . ရှီးယိုးကို ဒီဈေးထဲမှာ တစ်ယောက်တည်း ထားခဲ့တော့မှာလား"

မထုံတက်သေးနှင့် အရိုးခံမျက်နှာနုနုကို နေသစ် မှေ့မှေ့စူးစူးလေး ကြည့်လိုက်မိသည်။ ရှီးယိုးကလည်း သူ့ကို မှေ့မှေ့စူးစူးလေး ကြည့်နေသည်။ အဲဒီ အကြည့်နှစ်ခုသည် နှစ်ဦးစလုံးကို မိုးကုတ်စက်ဝိုင်း၏ ဟိုးတစ်ဘက်သို့ ပို့ပစ်လိုက်ပါပြီ။

"ရှီးယိုး"

နေသစ်က သွေ့ခြောက်ခြောက်အသံနှင့် ခေါ်လိုက်မိသည်။

"ရှီးယိုး"

"ရှီးယိုးကို ကျွန်တော် ချစ်တယ်"

ဒိန်းကနဲ အသံ. . .။

ကြားလိုက်ပါသလား. . .။





ရှီးယိုးရင်ထဲက အသံလေ. . .။ ဈေးလည်ကောင်ကြီးမှာ သူတို့နှစ်ယောက်လုံး တဒင် မိန်းမောငြိမ်သက်သွားသည်။ နံဘေးမှာ ဈေးသည်လေးတွေ ရှိနေသည်။ ဈေးဝယ်တွေလည်း ရှိနေသည်။ အားလုံးလည်း ငြိမ်သက်သွားသည်။ ပါးစပ် အဟောင်းသားတွေနှင့်။

"ပြောလိုက်လေ အစ်မ၊ ချစ်တယ်လို့ပြောလိုက်လေ"

မချင့်မရဲ တိုးတိုးအုပ်အုပ်အသံတစ်ခု နံဘေးမှ ကြားလိုက်ရမှ ရှီးယိုး အသိဝင်သွား၏။ ပတ်ဝန်းကျင်မှ တိုးတိုးပျော်ပျော် စကားဆိုသံတွေက ယခုမှ အာရုံထဲမှ ချဉ်းနင်းရောက်ရှိလာသည်။ ယောင်ယောင်မှားမှားနှင့် နေသစ်၏ လက်တစ်ဘက်ကို ရှီးယိုးက လှမ်းဆွဲလိုက်၏။

"လာ. . . လာ. . . သွားကြရအောင်. . . ကိုနေသစ်"

ခပ်လှမ်းလှမ်းရောက်သည်ထိ ရှီးယိုးသည် နေသစ်လက်ကို ဆွဲခေါ်သွား၏။

ဈေးသည်တို့၏ ပျော်စရာ ရယ်မောသံတို့က သူတို့နောက်မှာ ကျန်ရစ်ခဲ့သည်။

ခဏနေတော့ ဈေးခြင်းတောင်းကို လက်တစ်ဖက်ဆွဲကိုင်လျက် ကျန်တစ်ဖက်မှာတော့ လက်မောင်းကို ဖွဖွ မှီတွယ်ဆုပ်ကိုင်လာသော ရှီးယိုးနှင့်အတူ နေသစ်သည် ရှက်ရွံ့မျက်နှာကိုယ်စီနှင့် သည်နေရာလေးမှပင် ပြန်ထွက်သွားကြပါတော့သည်။

ပြောဖို့. . . တစ်ခုမေ့သွား၏။

ရှီးယိုး ဆုပ်ကိုင်ထားသော နေသစ်လက်ထဲမှာ ပန်းတွေတစ်ပွေ့တစ်ပိုက်ကြီး ပွေ့ပိုက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ္စာပန်းတွေချည့် . . .။

အားလုံး . . . အဖြူရောင်တွေချည့်ပါပဲ . . .။

■





နေသစ် ▸ ၃

မကောင်းတာလုပ်တဲ့သူဟာ ကိုယ့်အရိပ်ကိုယ်တောင် လိပ်ပြာမလုံဘူးတဲ့။ မကောင်းတာလား ကောင်းတာလားတော့ မသိ။ နေသစ်ကျူးလွန်ခဲ့ဖူးသည့် နှလုံးသား ပြစ်ချက်တွေလေ . . .။

ဆိုခဲ့သည့်အတိုင်းပါပဲ။ နေသစ်က ရည်းစားများခဲ့သည်။ သိပ်ကြီးလည်း မများခဲ့ပါ။ သူ့လက်နှစ်ဖက်စာ ရေတွက်ခဲ့ပြီးလျှင် သူငယ်ချင်း၏ လက်တစ်ဖက်ကိုပါ ခဏဆွဲယူပြီး ရေတွက်လျှင် လုံလောက်ပါသည်။ အဲလောက်ပါပဲ။ ဒါပေမယ့် ဘယ်မိန်းကလေးအပေါ်မှာမှ သူ အခွင့်အရေးမယူခဲ့ပါ။ သည်တော့လည်း သူ့မှာ ဘာမှ နောက်ကြောင်းမရှင်းစရာမရှိ။ ဘာ အနှောင်အဖွဲ့ ဘာအမျှင်အစမျှမရှိ။ လမ်းကြောင်းကရှင်းသည်။ အခုဟာကတော့ သံယောဇဉ် လက်ကျန်ရှင်းတမ်းလေးပဲ ဖြစ်သည်။ ''နွေမိုးဦး'' ဆိုသည့် ကောင်မလေး . . .။ နေသစ် နောက်ဆုံးတွဲခဲ့သည့် ကောင်မလေး . . .။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် ဇာတ်လမ်းတစ်ခုပြတ်မှ နောက်ဇာတ်လမ်း တစ်ခု စ,တတ်သည့် နေသစ်တစ်ယောက် နွေမိုးဦးနှင့် ဇာတ်လမ်း မပြတ်တပြတ်မှာ ရိုးယိုးနှင့် ချစ်သူဘဝ ရောက်သွားခြင်းဖြစ်သည်။ သူနှင့် ရိုးယိုးတို့ လျှောက်လှမ်းနေသော နှလုံးသားတံတားလေးအား အဖြူရောင်သစ္စာပန်းတွေနှင့် နေသစ် ကြိုးစားဆင်ယင်နေစဉ်မှာပင် နွေမိုးဦးသည် ဖောက်ခွဲပစ္စည်း အစုံအလင်နှင့် ရောက်ရှိလာခြင်းပါ တည်း. . .။

■





မန္တလေးတက္ကသိုလ် ပန်းချီကားချပ်ကြီးပေါ်တွင် ပန်းချီဆရာ က တက္ကသိုလ်ပင်မ အဆောက်အဦးကြီး၏ ရှေ့ဘက်မှာ အစိမ်းရောင် အကွက်တွေနှင့် အနီရောင်အကွက်တွေကို စိတ်ရှိလက်ရှိကြီး အားရ ပါးရ စုတ်ချက်ပြင်းပြင်း ခတ်ပစ်လိုက်သည်။ စိန်ပန်းပွင့်တွေ ရဲရဲနီနေ သည့် စိန်ပန်းပင်တန်းစိမ်းစိမ်းကြီးပေါ့။ အဲဒီ စိန်ပန်းရိပ်တွေအောက် က နှစ်ဦးသား ယှဉ်တွဲလျှောက်လာခဲ့ကြသည်။ အမြဲတစေ တက်ကြွ ဖျတ်လတ်နေတတ်သော သူ့ခြေလှမ်းတွေနှင့် အမြဲတစေ တုံဏှိဘာဝေ မထုံတက်သေး ခပ်ဖြည်းဖြည်းရှိနေတတ်သော ရိုးယိုး၏ခြေလှမ်းတွေ ကို ဘယ်အင်အားတွေကများ နရီကိုက် ပေးထားကြသည်မသိ။ ရိုးယိုး ကိုကြည့်ရင်း နေသစ်ရင်မှာ မချင့်မရဲ ကြည်နူးနေမိ၏။

"ယိုးကို ကြည့်လိုက်တိုင်း မထုံတက်သေးနဲ့ ကို ယိုးကို ချစ်ရတာ အမြဲ တစ်ခုခုလိုနေသလိုမျိုးကြီး ခံစားရတယ်၊ ကိုက စပြောမှပဲ ယိုးက ပြန်ပြောတတ်တယ်နော်"

ချစ်သူကမျက်နှာကို တိမ်းတိမ်းမူးမူးကြည့်ရင်း ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ရှီးယိုးက မျက်ခုံးလေးတွန့်ရှုံသာ ကွေးလျက်ကြည့်သည်။

''အဲဒါများ ကိုရယ်၊ ဘာဖြစ်တာမှတ်လို့''

အဲဒါက ရှီးယိုးရဲ့ ခွန်းတုံ့စကားတဲ့လေ။

''ဩော်. . . ယိုးရယ်. . . ကို ဘယ်လိုပြန်ပြောရမှန်းတောင် မသိတော့ဘူး၊ ယိုး အဲလိုပဲ အမြဲတမ်း စကားနည်းတတ်လားဟင်''

''အဲင်း. . . လိုအပ်ရင်တော့ ပြောပါတယ်''

''ယိုးကိုကြည့်ရတာ အမြဲ တစ်ခုခုတွေးနေသလိုပဲ၊ ခုနောက်ပိုင်းမှာတော့ ကို့အကြောင်းတွေပဲ ဖြစ်မယ်ထင်တယ်''

ရှီးယိုးက တွေတွေလေး ခေါင်းညိတ်ပြသည်။

နေသစ် ပျော်သွား၏။

''ပြောပါဦး. . . ကို့အကြောင်း ဘာတွေတွေးလဲဟင်''

''အဲဒါတော့ ဘယ်ပြောတတ်မှာလဲ ကိုရာ၊ ဟိုရောက်လိုက် ဒီရောက်လိုက်ပေါ့''

လျှောက်နေရင်းမှ ရုတ်တရက်ရပ်လိုက်ကာ နေသစ် မျက်နှာကို စေ့စေ့စူးစူးကြည့်သည်။

''ကို. . . အရင်တုန်းက ကို့မှာ ရည်းစားတွေရှိခဲ့တယ်ဆို''

မိုးကြိုးမပစ်. . . ဓါတ်မလိုက်ပါဘဲနှင့် နေသစ်တစ်ကိုယ်လုံး ဒိန်းကနဲ တုန်သွား၏။

နောက်. . . ရှီးယိုး၏လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

''ယိုးနဲ့ မတွေ့ခင်က ဖြစ်ခဲ့တာတွေအတွက် အပြစ်လို့ မြင်ရင်တော့ အဲဒီအပြစ်တွေအတွက် ကို ဘယ်လိုပဲပေးဆပ်ရ ပေးဆပ်ရ ကျေနပ်တဲ့အထိ ပေးဆပ်ပါ့မယ် ယိုး''





ရှီးယိုး ပခုံးလေး တစ်ချက်တွန့်ကာ ရယ်သည်။

မြင်ရခဲသော ပြုံးရယ်ခြင်းပါလေ။

''ပြီးခဲ့တာတွေအတွက် ယိုး ထုတ်ပစ်ခဲ့ပြီးပါပြီ၊ ယိုးနဲ့ချစ်ပြီးမှ အသစ်တွေ့လို့ ပစ်သွားခဲ့ရင်တော့ ယိုး ကို့ကို လိုက်သတ်မှာနော်''

''ဒီဘဝတင်မက ဘဝအဆက်ဆက် လည်စင်းပြီး ခံပါ့မယ်ဗျာ''

ခါတိုင်း ကောင်မလေးတွေလို အကြိုက်ပြောခြင်း မဟုတ်ပါလား။

ထူးဆန်းလိုက်တာ နေသစ်ရင်မှာ လှိုက်လှိုက်လှဲလှဲကြီး ဖြစ်နေသည်လေ။

''ကိုယ့်ကိုတော့ပြောတယ်၊ ယိုးမှာရော ကိုနဲ့မတွေ့ခင်က ရည်းစား ရှိခဲ့ဖူးလား''

''ကို. . . ပန်းချီဆွဲတတ်လား''

''ဘာဖြစ်လို့လဲ ယိုး''

''ဩော်. . . ကို ပန်းချီဆွဲတတ်တယ်ဆိုရင် ရည်းစားဆိုတာ ဘာကိုခေါ်တယ်ဆိုတာ ယိုး မသိလို့ အရုပ်ရေးပြခိုင်းမလို့ပါ''

သိလျက်နှင့် မေးလိုက်ပေမယ့် နေသစ် ပျော်သွားသည်။

ဒါပေမယ့် . . .

''ရှားရှားပါးပါး တစ်ယောက်တော့ ရှိခဲ့ဖူးတယ်။ ရည်းစားတော့ မဟုတ်ပါဘူး၊ ယိုးကို သူက တစ်ဖက်သတ်ကြိုက်တာလေ၊ ယိုးကတော့ သူ့ကိုမကြိုက်ပါဘူး၊ လူကြီးချင်းတော့ ရင်းနှီးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ယိုးက လက်မခံလို့လားမသိဘူး၊ အခုတော့ ပေါ်မလာတာ နှစ်နှစ်လောက်ရှိပြီ''

''သူက ဘယ်သူလဲ၊ မန္တလေးကပဲလား ယိုး''

''လားရှိုးကပါ၊ စိုင်းဟန်မိန်း. . . တဲ့''

ပြောလက်စစကားလေးပင် မဆုံးလိုက်ရ၊ နေသစ် တစ်ယောက် ဒုတိယမ္ပိ ဒိန်းကနဲ ဖြစ်သွားပြန်သည်။ ပထမမိုးကြိုးက စက်ကွင်းလွတ်ရုံရှိသေးသည်။ နောက်ထပ် မိုးကြိုးတစ်ခု ရင်ကို လာဆောင့်ပြီ။ Geology ကော်ရစ်ဒါအရောက်မှာပင် သူတို့ရှိရာ လှမ်းလာနေသော ''နွေမိုးဦး'' ကို တွေ့လိုက်ရ၏။ နွေမိုးဦး၏နောက်မှာ ကျောင်းတော်သားတစ်ယောက်လည်း ပါလာသည်။

''မောင်. . . နွေမိုး မောင်နဲ့ရှင်းမှ ဖြစ်တော့မယ်''

နွေမိုးဦးက တွေ့တွေ့ချင်းပင် သူ့လက်ကိုဆုပ်ကိုင်ရင်း မေးလိုက်သည်။ ရိုးယိုးရှေ့မှာ နေသစ် မျက်လုံးတွေ ပြာသွားသည်။ လက်ကို ရုတ်ခြည်း ရုန်းဖယ်ပစ်လိုက်၏။

''ဘာဖြစ်တာလဲ နွေမိုး၊ မင်း ဒီလို မလုပ်ရဘူးလေ''

နွေမိုးဦး တစ်ချက်တွန့်သွား၏။ သူ့နောက်မှာရှိနေသော ကျောင်းတော်သားအား မျက်လုံးတစ်ချက်ဝေ့သည်။

''သူက နွေမိုးကို ဖွတ်လိုက်နေလို့၊ နွေမိုးမှာ ချစ်သူရှိတယ်ဆိုတာလည်း ပြောလို့မယုံဘူး၊ အဲဒါ မောင်ရှင်းပေးဦး''

နေသစ် ဖောတ်ရည်လည်သွား၏။ ထွက်စမ်း. . . ထွက်စမ်း။ ခေါင်းထဲက အိုင်ဒီယာတွေ မယိုင်စေနဲ့၊ မကွေးစေနဲ့။ ရိုးယိုးရှေ့မှာလေ၊ စဉ်းစားစမ်း. . . စဉ်းစားစမ်း။ ဒါပေမယ့် နေသစ် အကြာကြီး





မစဉ်းစားလိုက်ရပါ။

နေသစ် တစ်ချက်ရယ်လိုက်သည်။ နွေမိုးဦးတို့နှစ်ယောက်ကို ကျောပေးလိုက်ကာ ရိုးယိုးအား မျက်စေ့တစ်ဘက် ဖတ်ကနဲ မှိတ်ပြလိုက်သည်။ ပြီးမှ နွေမိုးဦးတို့နှစ်ယောက်အား ရင်ဆိုင်လိုက်သည်။ နေသစ်က ကိုရွှေကျောင်းသား၏ ပခုံးကို ဖွဖွ ဆုပ်ကိုင်ရင်း ပြုံးရယ်စကားဆိုလိုက်၏။

''နွေမိုးပြောတာဟုတ်တယ် သူငယ်ချင်း၊ နွေမိုးဟာ ကိုယ့်ချစ်သူပါ၊ သူငယ်ချင်း ခဏလေးနေခဲ့ပါဦး၊ ဒီအကြောင်းတွေ အတိအကျ ကိုယ်ရှင်းပြမယ်၊ ကဲ. . . နွေမိုးက ခဏ ရှောင်ပေးနော်၊ ရေနီ မြောင်းကူးပြီး Morning Star ဆိုင်လေးက စောင့်နေလိုက်၊ မောင် လိုက်လာခဲ့မယ်''

ရိုးယိုးကို အကဲခတ်ကြည့် ကြည့်လိုက်သည်။ ထုံးစံအတိုင်း ရိုးယိုးမျက်နှာက မတုန်မလှုပ်နှင့်။ နွေမိုးဦးကတော့ တစ်ချက်လှည့်မကြည့်ဘဲ ထွက်သွားခဲ့ပြီ။

''သူငယ်ချင်းကို အားနာလိုက်တာ၊ ကိုယ်ရှင်းပြမယ်၊ တကယ်တမ်းကျ သူကမှ ကိုယ့်ချစ်သူ၊ သူ့နာမည်က ရိုးယိုးတဲ့၊ ကိုယ့်နာမည်က နေသစ်ပါ''

ကျောင်းတော်သား ခေါင်းစားသွားသည်။

မျက်နှာက ငို၍ ရယ်၍ မရသောမျက်နှာ။

''ခုနက နွေမိုးဟာ ကိုယ်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကိုယ့်သူငယ်ချင်းရဲ့ ညီမပါ၊ ဟိုတစ်နေ့က ကိုယ့်ကို အကူအညီလာတောင်းတယ်၊ ကျောင်းသားတစ်ယောက် သူ့ကို ဖွတ်လိုက်နေလို့ပါတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ချစ်သူရှိပါတယ်ဆိုတာလည်း ပြောလို့မရဘူးတဲ့၊ ချစ်သူလည်း လက်ဆုပ်လက်ကိုင်မပြနိုင်တော့ ကိုနေက သူ့ရှေ့မှာ ခဏလောက် တွဲပြပေးပါတဲ့. . .။ အခုကျ ကိုယ့်ချစ်သူရှေ့မှာ ဒီလိုမျိုးကြီး သူ လာလုပ်တာလေ''

ကျောင်းတော်သားက နေသစ်ကို ကြည့်နေသည်။

သူ့အကြည့်က အားနာသည့်အကြည့်။

အားကိုးသည့် အကြည့်. . .။

''ကျွန်တော့်နာမည် ပေါ်ဦးပါ၊ မြင်းခြံကပါ။ အေးဗျာ. . . ဘာဖြစ်လို့များ နွေမိုးဦး ကျွန်တော့်ကို လက်မခံနိုင်ရတာလဲ မသိဘူး''

မျက်နှာကို တစ်ဘက်သို့လွှဲလိုက်ရင်း နေသစ် သက်ပြင်းချသည်။

''ခင်ဗျား သူ့ကိုတော့ သွားမပြောနဲ့နော်၊ သူတို့အိမ်မှာလည်း အိမ်တွင်းရေး အဆင်မပြေတာလေးတွေ ရှိနေတယ်ထင်တယ်၊ ဒီအချိန်မှာ ကိုပေါ်ဦးက ဖွတ်လိုက်နေရင် သူ့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေမှာပေါ့၊ ဒီအချိန်မှာ သူ့ကို နှောင့်ယှက်သလိုမျိုး မဖြစ် စေဘဲနဲ့ ကြင်နာ နားလည်မှုမျိုးနဲ့သာချဉ်းကပ်ပါ။ ကိုပေါ်ဦးရဲ့ ပုံစံကို သူ လက်မခံနိုင်စရာမရှိပါဘူး။ ဖွတ်လိုက်မိတာ ခွင့်လွှတ်ပါဘာညာဆိုပြီး ကြင်နာခြင်းတွေနဲ့ ဝင်လိုက်ပေါ့ဗျာ၊ နွေမိုးက မရိုင်းပါဘူး။ အခု ကျွန်တော်တို့ Morning Star ကို သွားမှာပဲ၊ ကိုပေါ်ဦး လိုက်ခဲ့ပါ''

''ကျေးဇူးပါပဲ ကိုနေသစ်ရာ၊ ကျွန်တော်နဲ့ နွေမိုးဦးနဲ့





မင်္ဂလာဆောင်ရင် ကိုနေသစ်နဲ့ မရိုးယိုးတို့စုံတွဲကို ရှယ် ပြုစုမယ်ဗျာ''

အဲဒီ ရှယ်ပြုစုမှာက နောက်ထား။ လောလောဆယ်မှာ မင်းပါးမကျိုးဖို့သာ ဆုတောင်းထား မောင်ပေါ်ဦးရယ်ဟု နေသစ် တွေးလိုက်မိ၏။ စဉ်းစားကြည့်လျှင်တော့ ပါးကျိုးစရာလည်း အကြောင်းမရှိပါ။ နွေမိုးဦးသည် ကပ်စေးကုပ်သူ. . .။ သူများရှင်းမည်ဆိုလျှင် တန်အောင်စားတတ်သူ. . .။ ယခုပွဲမှာ မောင်ပေါ်ဦးသည် ဒကာတော်ရေမြေ့ရှင်ဖြစ်ပေရော့. . .။ ဒကာတော် ရေမြေ့ရှင်ဆိုသော မျက်နှာနှင့်အတူ တောင်းပန်တိုးလျှိုးချဉ်းကပ်မည်ဆိုတော့လည်း နွေမိုးဦးတစ်ယောက် ဘယ်ကီးနှင့်များ တုံ့ပြန်ပါလိမ့်မည်နည်း။ အတွေးနှင့်အတူ ရင်ထဲမှာ ရယ်ပစ်လိုက်၏။

ရိုးယိုး၏လက်ကို ဖွဖွဆုပ်ကိုင်ရင်း စားသောက်ဆိုင်ထဲ လှမ်းဝင်ခဲ့သည်။ နံဘေးမှာ မောင်ပေါ်ဦးလည်း ပါလာ၏။ ထန်းလက်ပိုင်း အမိုးလေးအောက်မှာ ဂျပန်စတိုင်လ် တင်ပလင်ခွေထိုင်ရင်း ကြက်သားသုပ်တစ်ပွဲ၊ Coke တစ်ဗူးနှင့် ပွဲတော်တည်နေသော နွေမိုးဦးတစ်ယောက် နေသစ်တို့နှင့်အတူ ပေါ်ဦးကိုပါ မြင်လိုက်ရတော့ စားလက်စလေးပင် တန့်သွားရှာသည်။

''လာလေ. . . မောင်''

''မောင်တွေဘာတွေ လုပ်မနေနဲ့တော့ နွေမိုး။ နင်နဲ့ငါနဲ့ ဘာမှမဆိုင်ဘူးဆိုတဲ့အကြောင်း ငါ အမှန်အတိုင်း ကိုပေါ်ဦးကို အကုန်ဖွင့်ပြောခဲ့ပြီးပြီ။ နောက်ပြီး သူက ငါ့ချစ်သူ. . .။ သူ့နာမည်က ရိုးယိုးတဲ့။ သူ ကျောင်းပြီးတာနဲ့ ငါတို့ လက်ထပ်ကြတော့မှာ။ ငါက

www.burmeseclassic.com



ယိုးကို သိပ်ချစ်တာ။ မခွဲနိုင်အောင်ချစ်တာလေ။ ကဲ. . . နင် ဘာမှ လျှောက်ပြောမနေနဲ့တော့။ ကိုပေါ်ဦးက နင့်ကို တောင်းပန်မလို့တဲ့။ ကိုပေါ်ဦး ထိုင်လိုက်လေ. . . လာ. . . ယိုး. . . ကိုတို့သွားရအောင်''

ပါးစပ်အဟောင်းသားနှင့် အံ့သြငေးကြောင်နေသော နွေမိုးဦးအား တစ်ခွန်းမှ မဟနိုင်အောင် နေသစ်က ချည်တုပ် ပစ်ချ ထားခဲ့သည်။ မိန်းကလေးနဲ့ ယောကျ်ားလေး. . . ဘက်မတူဘဲ နားရွက်ထူထူကို တံထွေးဆွတ်လို့ ရနိုင်မည်တဲ့လား. . .။

မိန်းမသားဆိုတာ အရှက်တရားနဲ့လေ။ ဒါကို အခွင့်ကောင်း ယူလိုက်ရတာကိုတော့ နေသစ် စိတ်မကောင်းဖြစ်မိ၏။ မတတ်နိုင် ပါ။ အခုအချိန်မှာတော့ ဘဝမှာ အရေးပါဆုံးသောအရာတွေကို တန်းစီ လိုက်ပါဆိုလျှင် ရိုးယိုးသည် စီနီယာနံပါတ်တစ်၏ ရှေ့မှာပင် ရှိနေ မည့်သူ. . .။ ရိုးယိုးနှင့် သူ့ကြားမှာ ဘယ်အဆီးအတားမှ ရှိမလာ စေရ။

နွေမိုးဦး ခေါင်းငိုက်ကျအသွားမှာ ပေါ်ဦးက မျက်နှာချင်း ဆိုင်မှာ ရိုးရိုးကုတ်ကုတ်လေး ဝင်ထိုင်လိုက်သည်။ ကျန်စစ်သားက စောလူးမင်းအား ငရမန်ကန်း၏လက်ထဲမှာ ပစ်ချခဲ့သည်ကို အာရုံမှာ ပြေးမြင်လိုက်မိ၏။ သစ္စာမဲ့သူရဲ့ လက်ထဲမှာ ခွေးသေဝက်သေ သေရစ်ပေတော့ မောင်ပေါ်ဦးရေ. . .။

■





နွေမိုးဦး၏ပယောဂကြောင့် စားသောက်ခြင်းအစီအစဉ်မှာ အပြောင်းအလဲဖြစ်သွားခဲ့ပြီ။ ကင်တင်းပြောင်းရမည်။ ရာဇဝင်ခန်းမ စာကြည့်တိုက်ရှေ့ရောက်သည်ထိ တေမိဒွိယံနှင့်။ ထုံးစံအတိုင်းပါပဲ။ နေသစ်ကပဲ စကားစပြောလိုက်ရသည်။

''ဘာတွေ တွေးနေပြန်ပြီလဲ ယိုး''

''အင်. . . သတိတောင် မထားလိုက်မိဘူး''

''ခုနကကောင်မလေး နွေမိုးဦးအကြောင်းလား''

''အင်း. . . အဲဒါလည်း နည်းနည်းပါတယ်''

ကောင်မလေး ရိုးယိုးသည် ရာဇဝင်ခန်းမရှေ့မှာ ရုတ်တရက် ရပ်လိုက်ပြန်သည်။ နေသစ်မျက်နှာကို စေ့စေ့ကြည့်လိုက်၏။ တစ်ခုခု ပြောချင်လျှင် ရိုးယိုး သည်လိုလုပ်နေကြပါလေ. . .။

''အဲဒီ နွေမိုးက ရဲတယ်နော်၊ မောင်ဆိုပြီး ပိုင်စိုးပိုင်နင်းနဲ့ ကို့လက်ကို ကိုင်လိုက်တာလေ၊ ယိုးရင်ထဲမှာ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



ရှီးယိုးဆီက ကြားချင်နေတာ အဲလိုစကားမျိုးပါ။

နေသစ်ရင်မှာ စိတ်မကောင်းစွာ ကြည်နူးမိပါသည်။

''တကယ်မှမဟုတ်ဘဲ . . . သူက ဟန်လုပ်လိုက်တာပဲ ယိုးရယ်၊ နွေမိုးနဲ့ ကိုနဲ့ ဘာမှမပတ်သက်ဘူးဆိုတာကိုရော ယိုး လက်ခံရဲ့လား''

တမာတန်းရှိရာသို့ ရှီးယိုး မျှော်ကြည့်သည်။

ခါးသက်သက်ရနံ့ငွေ့ငွေ့ အာရုံမှာ ထိထိရှရှ တိုးဝင်လာ၏။

ပင့်သက်မောကို ဖြေလျှော့ချသည်။

''အခုတော့ ရှင်းသွားပါပြီလေ''

တမာတန်းကို ကျော်ပေးကာ ရူပဗေဒဌာနရှေ့ဘက်သို့ ထွက်ခဲ့ကြသည်။ မဖြစ်ပါ။ နောက်တစ်ခါ ဒီလိုမျိုးကြုံလို့က မဖြစ်တော့ပါ။ ရှီးယိုးအလစ်မှာ နွေမိုးဦးရှိရာသွားရမည်။ နောက် ဘာမှလာမငြိဘို့ မနောင့်ယှက်ဘို့ တောင်းပန်ခြင်းတစ်ဝက် ရောစွက်လျက် အာတီ မေတ် ရာဇသံချမှတ်ရမည်။ မှားတော့မှားနေပြီ။ ယောကျ်ားလေး ကိုယ်တိုင်က မိန်းကလေးကို မနောင့်ယှက်ဘို့ ပြောရမည်ဆိုတော့ လည်း တကယ့်ကို ပြောင်းပြန်ကြီးလေ။ ဒါပေမယ့် မတတ်နိုင်။ သံယောဇဉ် လက်ကျန်ရှင်းတမ်းတွေ အားလုံး ဖြတ်ပစ်ရမည်။ ကျူပင်ခုတ် ကျူငုတ်မကျန်စေရပေ့။ အနဂ္ဂတို့ မွေးသဖခင်ကြီး မင်းမင်းလတ် စာအုပ်ထုတ်ခဲ့ဖူးသော စာပေတိုက်နာမည်လေးကို အမှတ်ရမိလိုက်၏။ ''အပြတ်ရှင်း စာပေ'' တဲ့။

■





သည့်လိုနှင့် . . .။

■



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်. . .။

မိနစ်သည် စက္ကန့်တို့ကို အခုခြောက်ဆယ်ပြည့်တိုင်း အိတ်တစ်အိတ်ထဲထည့်ကာ ဖျောက်ပစ်လိုက်၏။ နာရီသည် မိနစ်တို့ကို အခုခြောက်ဆယ်ပြည့်တိုင်း အိတ်တစ်အိတ်ထဲထည့်ကာ တစ်မှုန်တစ်စမကျန်အောင် ဝါးစားပစ်လိုက်ပြန်သည်။ ဤသို့နှယ် ဖျောက်ပစ်လိုက် ဝါးစားလိုက်နှင့် ကာလယန္တယားရထားသည် Speed မချ ပြေးဖြတ်နေဆဲ။ သစ်ပင်အပျိုမတွေပင် အရွက်အကြောက်ကင်းမဲ့စွာ အင်္ကျီအဟောင်းတွေကို အကုန်ချွတ်ချပစ်ကြပြီ။ ရွက်ပျိုအင်္ကျီသစ်တွေကိုယ်စီနှင့်. . .။ နေသစ်တစ်ယောက်လည်း ရိုးယိုးဆိုသော အနီမထုံတက်သေးကောင်မလေးအား မချင့်မရဲဖြစ်လိုက်၊ ရင်မှာ တစ်ခုခုဟာသလိုကြီး အားမလိုအားမရဖြစ်လိုက်နှင့်ပင် အသက်တစ်နှစ်ပိုကြီးသွားသည်။

နေသစ်က ကျောင်းပြီးသွားပြီး B.A (English) ဆိုသောဘွဲ့တစ်ခုနှင့်နာမည်နောက်မှာ အမြီးလှလှလေး တပ်ဆင်နိုင်သွားပြီ။





အမြဲတစေ အဆင့်ငါးအတွင်းမှာ ရှိခဲ့သူဆိုတော့လည်း နေသစ် M.A ဆက်တက်သည်။

ရိုးယိုးလည်း နောက်ဆုံးနှစ်မှာ. . .။

နောက်တစ်လသာသာအချိန်မှာပင် စာမေးပွဲကြီးပြီးတော့မည်။ သည်အချိန်မှာ ပြဿနာလေးတစ်ခုက သူတို့ကြားမှာ မီးပွားလေးတစ်စလို ပြန့်လင့်တိုးဝှေ့ကျလာသည်။

နေသစ်ဘက်မှ မဟုတ်. . .။

ရိုးယိုးဘက်မှ ဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## နေသစ် ▶ ၄

မယ်ဇယ်ပင်တွေက အတန်းလိုက် စိမ်းစိမ်းစိုစို အုံ့အုံ့ ဆိုင်းဆိုင်းကြီး ရှိနေသည်။ လတ်လတ်ဆတ်ဆတ် ပုဇွန်ကြော်ရနံ့တွေကို လည်မှာဆွဲထားသော တောင်သမန်အလှအား သစ်လုံးတိုင် မညီမညာကြီးတွေက ပြုံးပြုံးကြီးကြည့်နေသည်။ ရှီးယိုးသည် တံတားအောက် ရေသင်ဖြူးပေါ်မှာ လိုမ့်လိုမ့်လေးလူးနေသော ငှက်သမွန်တွေကို တွေတွေကြီးကြည့်နေ၏။ ရှီးယိုး တစ်ခုခုပြောချင်နေပုံရ၏။ ချစ်သူသက်တမ်း တစ်နှစ်ကျော်ခဲ့ပြီပဲ။ နည်းနည်းလေးတော့ ချစ်သူ၏မျက်နှာစာကို ဖတ်တတ်လာပြီထင်၏။

''ဘစ်ရှော့တစ်လုံး ချကျွေးလိုက်တာတောင်မှ ကတ်စ်လင်းလုပ်ပြီး ချက်ကွက်တွေကို ပိတ်ပစ်လိုက်တာ နာလိုက်တာ''

နေသစ် မျက်လုံးပြူးသွား၏။ တောင်သမန်ရေပြင်မှ ကြည်နူးစရာ ငှက်သမွန်တွေကိုကြည့်ရင်း ပြောလိုက်သည်။ ရှီးယိုး၏ နှုတ်

ကြောင်နှစ်ကောင်စာအုပ်တိုက်



ထွက်စကားက စစ်တုရင်စကားဖြစ်နေသည်။

''ဘယ်. . . ဘယ်လို. . . ယိုး. . . ယိုး. . . ကြည့်နေတာ . . . ဟို. . . သမွန်တွေကို ကြည့်နေတာမဟုတ်လား''

''အင်. . . ကြည့်နေမိလားတောင်မသိဘူး၊ ခုနက ဘာပြောလိုက်တာပါလိမ့်''

နေသစ်မျက်နှာကြီး ရှုံ့သွားသည်။ သည်ကလေးမသည် အမြဲတစေ စိတ်နှင့်လူနှင့်ကော ကပ်ပါရဲ့လား။ သည်လိုဖြစ်ခဲ့သည့် အကြိမ်ပေါင်းလည်း မနည်းတော့ပါလား။ ဒါပေမယ့်. . . အဲဒါလေးတွေကိုပင် သူ အကျေနပ်ကြီး ကျေနပ်နေခဲ့မိသည်လေ။

''ယိုး. . . စစ်တုရင် ကစားတတ်တယ်လား''

''အင်း. . . ကစားတတ်ရုံသာသာအဆင့်ပါပဲ၊ ဖေဖေက စစ်တုရင်ချန်ပီယံလေ၊ သူ့ ကစားဖော်တွေက နယ်ပြောင်းတဲ့သူပြောင်း၊ ဂျောင်းတဲ့သူဂျောင်း၊ ညောင်းတဲ့သူညောင်းဆိုတော့ ယိုးကို ဖွတ်သင်ပေးပြီး သူနဲ့ ကစားခိုင်းတာလေ''

ချန်ပီယံဟောင်းကြီးနှင့်ပင် ကစားနေကျဆိုတော့ နေသစ် ဖြုသွား၏။ ဒါပေမယ့် ရှီးယိုး ဆက်ပြောလိုက်သည့်စကားက မှတ်သားစရာ။

''တစ်ခါမှ ယိုး မနိုင်ဖူးပါဘူး၊ ဒါတောင် ဖေဖေက ကွင်းနှမပါဘဲ ကစားလိုက် ဘစ်ရှော့တစ်ကောင်နဲ့ ကာစတယ် အကျပေးပြီး ကစားလိုက်နဲ့ . . . အဲလို အမြဲကစားပေးတာ''

ဘာပဲဖြစ်ဖြစ် နေသစ် ပျော်သွားသည်။

သူက စစ်တုရင်ကစားခြင်းကို ဝါသနာပါသူ။ ခုတော့ ချစ်သူ

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း စစ်တုရင် ကစားတတ်သည်ဆိုတော့. . .။

''အတော်ပဲကွာကို. . .ကိုက စစ်တုရင် တအားဝါသနာပါတယ်၊ ယိုးနဲ့ ကိုနဲ့ စစ်တုရင်ကစားမယ်လေ၊ ဒီအနောက်ဘက်မှာ ကို့သူငယ်ချင်း ကျူရှင်ဆရာ တင်ထွန်းဆီမှာ စစ်တုရင်ခုံ သွားယူလိုက်မယ်''

ရှီးယိုး၏မျက်နှာ တွေတွေလေးဖြစ်သွားသည်။ နေသစ်ကို မျက်တောင်မခတ် ကြည့်နေ၏။

''အဲဒါ. . .ကို့အတွက် အရေးကြီးသလားဟင်''

''ဘယ်. . .ဘယ်လို. . .ဘာဖြစ်လို့လဲဟင်. . .ဟို''

''အဲဒါ. . .ကို့အတွက် အရေးကြီးသလားလို့ မေးတာပါ။ ယိုး မလုပ်ချင်ဆုံးအလုပ်က စစ်တုရင်ကစားတာပဲ၊ အိမ်မှာ ဖေဖေက ဖွတ်ကစားနိုင်းလို့ စိတ်မပါရတဲ့ကြားထဲ. . .ခု. . .ကိုကပါ ကစားနိုင်းမှာဆိုတော့ ယိုး ဘယ်ထွက်ပြေးရမှာလဲ''

ဟုတ်တော့လည်းဟုတ်ပါသည်။ ချစ်သူတွေ တွေ့ရသည့်အချိန်မှာ ဘယ်သမီးရည်းစားကများ စစ်တုရင် ကစားမှာလဲဟု နေသစ် ချင့်တွေးလိုက်မိ၏။ ရှီးယိုးကို ကြည့်မိလိုက်သည်။ မျက်နှာလေးက နုနု လေး နွမ်းနေသည်။ မျက်နှာချင်းဆိုင်မှ မယ်ဇယ်ခေါက်တွေကို တွေတွေငေ့ငေ့ကြီး ငေးကြည့်နေသည်လေ။

''ယိုး. . .တစ်ခုခုဖြစ်နေတယ်. . .ဘာဖြစ်တာလဲဟင်''

''ကို့ကို ပြောလိုက်ရင်လည်း ကိုက ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ပါဘူး. . .ယိုး မပြောတော့ပါဘူး''

''ဟာ. . .မဟုတ်တာ ယိုးရာ၊ ယိုးကိစ္စလည်း ကိုယ့်ကိစ္စပဲ၊





ယိုး အိမ်မှာ ဘာဖြစ်ခဲ့လို့လဲ၊ ပြောလေ. . .ယိုးရဲ့''

''ကြီးကြီးကျယ်ကျယ်ပြဿနာတော့လည်း မဟုတ်ပါဘူး၊ ကျောင်းပြီးတာနဲ့ ယိုးကို အိမ်ထောင်ချထားပေးမလို့တဲ့''

''ဘာ''

နေသစ် အလန့်တကြား အော်လိုက်မိသည်။

အော်တော်မက်တစ် ဟသွားသော ပါးစပ်ကြီး မပိတ်နိုင်သေး။ တစ်ကိုယ်လုံး သွေးကြောတွေ ဖျဉ်းဖျဉ်းထ. . .။

နှလုံးခုန်သံက တဒိန်းဒိန်းဆောင့်. . .။ တဒင်္ဂမှာ အားလုံးမေ့. . .။

''ကို. . .ကို. . .ကို. . .ဘာဖြစ်သွားတာလဲဟင်''

ရှီးယိုးက ပခုံးကို ဆုပ်ကိုင်ကာလှုပ်လိုက်မှ နေသစ် ဖျတ်ကနဲ သတိဝင်သွားသည်။ ဒါ. . .တကယ်ဖြစ်သွားတာ။ ခါတိုင်းလို မာယာမဟုတ်. . .။ ဒါ တကယ့်ကို ခန္ဓာကိုယ်က စိတ်လွှင့်သွားတာပါလား။

''ဘာဖြစ်သွားတာလဲ ကို. . .လန့်သွားတာပဲ ကိုရာ၊ ကို့မှာ ဝက်ရူးပြန်တဲ့ရောဂါများ ရှိလားဟင်''

''အာ. . .သေတော့မှာပဲ၊ ဘယ်က ဝက်ရူးပြန်ရမှာလဲ၊ ယိုးပြောတဲ့စကားက ကို့အရှိက်ကို ဆောင့်လိုက်တာလေ''

ရှီးယိုး မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားသည်။

''ဟို. . .ဟိုဟာလား. . .၊ အိမ်က ယိုးကို အိမ်ထောင်ချပေးတော့မယ်ဆိုတာလား''

''ဟာ. . .ပြောပြန်ပြီ ဒီစကား၊ နေဦး ဘယ်သူနဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချပေးမှာတဲ့လဲ''

''မသိဘူး''

''ဟောဗျာ. . . မသိဘူး၊ မင်းဟာက ဘယ်လိုကြီးလဲကွာ''

''ပြောတော့ပြောတယ်၊ အဲဒီကောင်လေးနာမည် ယိုး မေ့သွားလို့''

''ဘယ်ကလဲ. . . ဒီမန္တလေးကပဲလား''

''မန္တလေးမဟုတ်ဘူး၊ ရန်ကုန်က၊ ဖေဖေ့သူငယ်ချင်းရဲ့သား''

''ဘယ်တော့တဲ့လဲ၊ ဘယ်တော့ပေးစားမှာတဲ့လဲ''

''ကျောင်းပြီးမှပါ၊ ရက်အတိအကျတော့ ယိုး ဘယ်သိမှာလဲ''

''ဟာကွာ. . . မင်းကလည်း မပြောပြဘူးလား၊ ယိုးမှာ ချစ်သူရှိတယ်၊ ယိုးချစ်သူက ပညာတတ်၊ ချမ်းသာတယ်၊ ရိုးသားတယ်၊ လိမ္မာရေးခြားရှိတယ် ဘာညာဘာညာ မင်းပြောပြပေါ့''

''အင်. . . အဲလိုတော့ ဖေဖေတို့ကို ပြန်မပြောရဲပါဘူး''

''ဟာ. . . ပြဿနာပဲကွာ. . . ယိုးရာ. . . မင်း အဲလောက်ကြီး မတုံးစမ်းပါနဲ့၊ ဒုက္ခပါပဲကွာ. . . ဒီမယ် ယိုး. . . မင်း ကို့ကို ချစ်တယ် မဟုတ်လားဟင်''

''အဲ. . . အဲဒါ ဖြေပြီးပြီလေ၊ ဘုရားကြီးဈေးထဲမှာကတည်းက ဖြေပြီးပြီလေ''

နေသစ် ဝုန်းကနဲ ထလိုက်သည်။

စိတ်မထိန်းနိုင်တော့။ ဒါ တမင်လုပ်နေတာလား. . .။ မကြာခင်မှာ တက္ကသိုလ်မှ ဘွဲ့တစ်ခု ရယူရတော့မည့်ကလေးမ။





အဲလောက်ကြီးတော့ မထုံမအ.လောက်ပါ။ မျက်နှာကို အသေအချာ ကြည့်တော့လည်း ပကတိ အရိုးခံမျက်နှာ။ မြူတိမ်ကင်းသည့် လဝန်း မျက်နှာ။

ပြန်တိုင်ရမှာလား. . .။ ထပဲထွက်သွားရမှာလား. . .။

ဝေခွဲမရ. . . ဆူဝေသွေးကြွနေသော နေသစ်တစ်ယောက် ကုန်းကုန်းကွကွနှင့်။ စိတ်လျှော့. . . စိတ်လျှော့လေ. . .။ ဒီအချိန်မှာ စိတ်ကို အငြိမ်ဆုံး လျှော့ချလိုက်. . . မောင်နေသစ်။

''ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကိုယ် စိတ်လျှော့လိုက်ပြီ. . .

ဒီကိစ္စ အေးအေးဆေးဆေး ကိုနဲ့ယိုးနဲ့ ဆက်ဆွေးနွေးကြရအောင်''

''မအေးဆေးနဲ့. . . မနက်ဖြန်ကို ယိုး ရန်ကုန်သွားရမှာ''

''ဘာ''

နေသစ် ဒုတိယမ္ပိ ကုန်းကွကွကြီး ဖြစ်သွားပြန်သည်။

ရိုးယိုးသည် နေသစ်ကို တွေတွေကြီးကြည့်နေရာမှ တွန့်ကွေးနေသော မျက်ခုံးလေး ပြေလျော့သွား၏။

မျက်နှာကလေး လက်ကနဲ ဖြစ်သွားသည်။

''ဟာ. . . ဟုတ်ပြီ. . . ယိုး အကြံရပြီ. . .၊ ဒီကိစ္စ ကိုနဲ့ တိုင်ပင်ရမယ်၊ ကိုယ်က ဉာဏ်တော်တယ်၊ ကို. . . ထိုင်လေ၊ ယိုး. . . အဲဒါ ဘယ်လိုလုပ်ရမလဲဟင်''

နေသစ်ကိုယ်ကြီး ဘုတ်ခနဲ ပြုတ်ကျသွားပြန်သည်။

ဒီတစ်ခါ ချလိုက်သည့်ပင့်သက်မောက အရှည်ကြီး. . .။

■



www.burmeseclassic.com

www.burmeseclassic.com



''ဒါမျိုးဆိုတာ မိန်းကလေးက သွားတွေ့ရမှာမဟုတ်ဘူး လေ၊ ယောက်ျားလေးက လာကြည့်ရမှာပေါ့၊ ယိုး. . . ဘာသွားစရာ လိုလဲ''

''အဲလိုမဟုတ်ဘူး ကိုရ၊ အခုဟာက ဖေဖေတို့က အလုပ် ကိစ္စနဲ့ သွားတဲ့ပုံစံနဲ့ ယိုးကို လေ့လာနိုင်းလိုက်တာ၊ ယိုး သဘောတူ မတူ အရင်ကြည့်ခိုင်းတာလေ၊ ဖွတ်တော့ မလုပ်သေးပါဘူး၊ နောက်ပြီး တကယ် လို့ အဲဒီကောင်လေးက လာကြည့်တာဆိုရင် သူ့မိဘတွေ ရောပါလာမှာ၊ အဲဒါ မိဘတွေပါလာရင် ငြင်းရတော်တော်ခက်သွားမယ် တဲ့၊ သူ့အမေက ရွှေဘုံသာအလယ်လမ်းမှာ စိန်တိုက်ဖွင့်ထားတယ်''

''ဒါဆိုလည်း စာမေးပွဲပြီးမှသွားပေါ့ကွာ၊ စာမေးပွဲက ဘာမှ မလိုတော့တာကို''

''အဲဒါကျ သဘာဝမကျဘူးလေ၊ ယိုး စာတွေပိုင်နေပြီဆို တာ ဖေဖေတို့လည်းသိတာပဲ၊ နောက်ပြီး မနက်ဖြန်က သောကြာနေ့





သောကြာသွား. . . တနင်္ဂနွေမနက်ပြန်လာဆိုတော့ ယိုး ကျောင်း လည်း မပျက်ဘူးတဲ့''

နေသစ် သက်ပြင်းချပြန်သည်။ သည်ကနေ့မှာ ချခဲ့ရသည့် သက်ပြင်းတွေ မနည်းတော့ပါလား။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုသောစကားကို နေသစ် အမှုန်ကြိတ်ပစ်ချင်နေမိသည်။ မိဘတွေ သည် သားသမီးတွေကို ကျောင်းပြီးသည်နှင့် ဘာ့ကြောင့်များ သူတို့ သဘောတူရာတွေနှင့် အားအားလျားလျား ''ထိမ်းမြားခြင်းလျှင်'' ပြုပေးချင်နေကြသည်မသိ။

အတွေးတွေက လွင့်နေသည်။ စင်စစ်. . . သူသည်လည်း ချစ်သူနှယ် ကြုံတွေ့နေရသည့် အနေအထား. . .။

တိုက်ပဲ တိုက်ဆိုင်လှချည့်. . .။ နေသစ်မိဘတွေကလည်း နေသစ်ကို မုံရွာမှ ကြေးရည်တတ်အသိုင်းအဝိုင်းတစ်ခု၏ သမီးကလေး နှင့် အိမ်ထောင်ချပေးဖို့ လူကြီးချင်း သွေးထွက်မတတ် ခေါင်းချင်း ရိုက်နေသည့် အချိန်အခိုက်၊ မအေကိုလန့်သော နေသစ်က မဟာဝိဇ္ဇာ ဆက်တက်ရဦးမည်ဆိုကာ အချိန်ဆွဲလာခဲ့သည်မှာ မကြာလှသေး။ သည်အကြောင်းကိုသာ ရိုးယိုးအား ဖွင့်ပြောလိုက်ပါက နှလုံးသားမြား တွေ၏ ဦးတည်ရာတွေ ဆန့်ကျင်သွားပေတော့မည်။ အနှီထုံအအ မထုံတက်သေး ကလေးမက ဘာမျှ စဉ်းစားနေမည်မဟုတ်။ ဒါဆို ကိုလည်း ကို့မိဘတွေ သဘောတူတာပဲလုပ်၊ ယိုးလည်း ယိုးမိဘတွေ သဘောတူတာပဲ လုပ်လိုက်တော့မယ်။ ကျေပြီပေါ့. . . ဆိုလိုက်လျှင် သွားပြီ၊ နေသစ် ခေါင်းတွေပူလာ၏။ စဉ်းစားပါ. . . စဉ်းစားပါ. . .။ မင်း ရိုးယိုးကို မစွန့်လွှတ်နိုင်ဘူးမဟုတ်လား နေသစ်ရေ။



www.burmeseclassic.com

www.burmeseclassic.com



''အဲဒီကောင်လေးက အခု ဘာအလုပ်လုပ်နေတာလဲ''

''ကောင်လေးတော့မဟုတ်ဘူး၊ ယိုးထက် တစ်နှစ်ကြီးတယ်၊ ဆေးတက္ကသိုလ်တက်နေတာ၊ နှစ်နှစ်ကျန်သေးတယ်၊ သူတို့အဖေက ညွန်ကြားရေးမှူး. . . တဲ့''

သေပြီပေါ့. . .။ ခွေးမသားလေးက ဂုဏ်ဒြပ်တွေမှာတော့ အရာရာကို ကိုယ့်ထက်သာနေပြီကော။

''ဘာပဲဖြစ်ဖြစ် ယိုးအပေါ်မှာသာ အဓိကပါကွာ၊ ယိုး သူ့ကို သဘောမကျရဘူးနော်''

နေသစ် ရိုးယိုး၏မျက်နှာကို ကြည့်နေသည်။ တမ်းတမ်းမောမောကြီး ကြည့်နေမိသည်။ မစွန့်လွှတ်နိုင်ပါ။ ယိုးသည် နေသစ်၏ ဘဝထဲမှာပဲ ရှိစေရမည်။ ယိုးကို လက်မလွှတ်ရဖို့ သူ မာယာတွေ သုံးရတော့မည်။ ရှိစေတော့. . .။ လောလောဆယ်မှာတော့ လွှတ်ထားလိုက်ဦးမည်။ နက်ဖြန်မနက် ဘူတာကိုပင် လိုက်ပို့လိုက်ဦးမည်လေ. . .။

■





ဖြစ်နိုင်မည်ဆိုလျှင် ယခုအချိန်မှာ ဂတ်ဗိုလ်၏ ဝီစီနှင့် အလံစိမ်းကလေးကို ဆယ့်ငါးမိနစ်လောက် ခိုးထားချင်သည်။ ညနေရထားစီးလျှင် အေးအေးဆေးဆေး အိပ်လိုက်သွားနိုင်ပါလျက် အရေးထဲမှာမှ ရှုခင်းတွေကြည့်ချင်သည်ဆိုပြီး နံနက် ၆ နာရီ ရထားကိုစီးသည့် ရိုးယိုးအားလည်း နေသစ် အထူးအဆန်း မဖြစ်တော့ပြီ။

သံဆန်ခါကွက်တွေကြားမှာခံလျက် ချစ်သူ့မျက်နှာကို မြင်နေရသည်။ အပါးတော်မြဲကြီး အန်တီလေးက နံဘေးမှာ. . .။ အန်တီလေးရှေ့မှာ မသိဟန်ဆောင်နေဟု ရိုးယိုး မှာထားသည့်အတွက် နေသစ် စကားနှုတ်တို့ ဆွံ့အနေ၏။ နေသစ် တမင်မပြောဘဲနေခြင်းလည်း ဖြစ်ပါသည်။ မျက်နှာက တကယ့်ကို မချမ်းမြေ့ စိတ်မချနိုင်သည့် မျက်နှာ။ တကယ်လည်း သူ အဲဒီလို တစ်ဝက်လောက်ဖြစ်နေပါသည်။

ရထားထွက်ဖို့ ငါးမိနစ်အလို အချက်ပေးခေါင်းလောင်းသံတွေက သူ့ခေါင်းကို တဒေါင်ဒေါင်နှင့် ရိုက်ခေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . . ယိုးတို့ တက်တော့မယ်"

နေသစ် အသာလေး ခေါင်းညိတ်ပြမိသည်။

"ကို့ဆီကို ဖုန်းဆက်နော် ယိုး"

ရိုးယိုး ခေါင်းညိတ်သည်။ ရိုးယိုးက အရင် ရထားပေါ်တက်သွား၏။ အန်တီလေး လှမ်းအထွက်မှာ ခြေလှမ်းလေးလှမ်းပင် မပြည့်လိုက်. . .

"အန်တီလေး"

နေသစ်ခေါ်သံကြောင့် အန်တီလေး တွန့်ကနဲဖြစ်သွားကာ နောက်လှည့်လာ၏။

နေသစ်က အန်တီလေးကို လက်အုပ်ချီလျက် ရှိသေသမှု ပြုလိုက်သည်။

"အန်တီလေးကို ကျွန်တော် ကန်တော့ပြီး တောင်းပန်ပါတယ်၊ ရိုးယိုး ဘာမှမဖြစ်ပါစေနဲ့၊ ကျွန်တော်နဲ့ ရိုးယိုး မခွဲပါရစေနဲ့နော်၊ ကျွန်တော့်ကို သားလိုပဲသဘောထားပါ၊ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေလို့ပါ"

မာယာပါးပါးလေး ပါသွားသည်။ အန်တီလေး မှုရိပ်မိပါ။

အပျိုကြီးခမြာ မျက်ရည်တွေပင် လဲ့လာကာ မျက်ဝန်းမှာ ပုလဲတွေခဖို့ တာစူလာ၏။

"မောင်နေသစ်. . . မင်း ဘာမှမသိဘူးနော်၊ မင်းမသိတာတွေ အများကြီးပဲ၊ ဒါပေမယ့် အန်တီလေး ကတိပေးပါတယ်၊ သားနဲ့ မိယိုးနဲ့ ဘယ်လိုမှ မခွဲစေရပါဘူးကွယ်၊ မမျှော်လင့်တာတွေ ဖြစ်ခဲ့သည်ထားဦး၊ အန်တီလေး မိယိုးကို သားလက်ထဲ ရောက်အောင်





ထည့်ပေးပါ့မယ်"

သား. . . ဆိုပါလား. . .။ ဒါပါပဲ။ နေသစ်လိုချင်တာ ဒါပါပဲ။ အရေးကြုံလျှင် ဆွဲကိုင်ဖို့ အညှာကို မြဲမြဲဆွဲလိုက်နိုင်ပြီလေ. . .။

လူကတော့ ခေါင်းငိုက်စိုက်ချထားသည်။ စိတ်ထဲမှာကတော့ 'ဟေး' ကနဲ အော်ပြီးခုန်လိုက်၍ စကြဲန်ခေါင်မိုးကို ခေါင်းနှင့် ဆောင့်မိပြီ. . .။ အပြင်ပန်းမှာတော့ တကယ့်မျက်နှာသေလေးနှင့်လေ။

"အန်တီလေး. . . ကျွန်တော်တို့နဲ့အတူ သေတဲ့အထိ ရှိနေပေးပါနော်၊ ကဲ. . . သွားတော့နော် အန်တီလေး"

ပြောအပြီးမှာ ချာကနဲလှည့်ထွက်ခဲ့သည်။ ဥဩဆွဲသံနှင့် ရထားဘီးတွေ လည်ပတ်ပွတ်ကြိတ်သံတွေက နောက်မှာကျန်ခဲ့ပြီ။ သည်အသံတွေသည် သူနှင့် တဖြည်းဖြည်း ဝေးသွား၏။

ဘူတာရုံထဲမှ ခေါင်းငိုက်စိုက်ချလျက် လျှောက်လာသော ကောင်ကလေးနေသစ်သည် ဘူတာရုံ အပြင်ဘက်ရောက်သည်နှင့် 'ဟေး'ကနဲအော်လိုက်၏။ ရင်ကိုကော့လျက်နှင့်ပါလား။ ခြေလှမ်းတွေကလည်း မူလပထမ နေသစ်၏ခြေလှမ်းတွေ ပြန်ဖြစ်သွား၏။ မျက်နှာကလည်း ပြုံးရယ်လျက်. . .။

နေသစ်က အဲလိုမျိုးပါလေ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



## နေသစ် ▸ ၅

သည်တစ်ခါပစ်လွှတ်ခဲ့သော မြားတစ်ချောင်းက ဦးတည်ရာ တည့်မတ်စွာ ပစ်လွှတ်ခဲ့ခြင်းမဟုတ်။ Twist ပါသွားသည်။ အားစိုက် ထုတ်လိုက်ရသည်။ အပျိုကြီးအန်တီလေးအား အမာခံဘက်တော်သား အဖြစ် သစ္စာရေတိုက် စည်းရုံးလိုက်နိုင်ခဲ့ပြီလေ။ ဒါပေမယ့် ရှိုးယိုးဆို သော အနှီမထုံတက်သေး ကလေးမသည် အခြားကောင်မလေးတွေ လို မဟုတ်ရှာ။ ထင်မိထင်ရာလုပ်တတ်သည့် ကလေးမဆိုတော့ ကိုယ့် တာကိုယ်လုံမှ စိတ်ချရပါမည်။

သည်ကနေ့ စနေနေ့. . .။ ကျောင်းကလည်းပိတ်သည်။ အိမ်မှာနေသည့်အချိန် ရှိုးယိုးထံမှ ဖုန်းဝင်လာပါက မေမေတို့သိသွား မည်စိုး၍ တစ်နေကုန် မျိုးကျော်ဆီမှာ အချိန်ဖြုန်းခဲ့သည်။ တစ်နေကုန် ရှိုးယိုး၏ဖုန်းကို မျှော်ခဲ့မိသည်။ ညနေပိုင်းထိ ဖုန်းဝင်မလာ။ နေမထိ ထိုင်မသာ စိတ်စနိုးစနောင့်နှင့်သာ နေသစ် နေစောင်းမှ အိမ်ပြန် လာသည်။





အိမ်ပေါက်ဝအရောက်မှာ မေမေ၏ ကြိုဆိုစကားကြောင့် နေသစ် ခေါင်းနပဘမ်းကြီးသွားရသည်။ ကြည့်လေ. . . ဒေါ်ရွှေရိုးတို့ က လုပ်ချလိုက်ပြန်ပြီကော. . .။

''ရန်ကုန်ကဆက်တာတဲ့. . . ရှိုးယိုးတဲ့. . . သား. . . ကောင်မလေးဆီက ဖုန်းလာတယ်၊ နှစ်ခါရှိပြီ''

''ဗျာ''

နေသစ်မျက်နှာကြီး ရှိန်းဖိန်းသွားသည်။ ဒီကနေ့ တစ်နေ ကုန် သူ့ဖုန်းကိုမျှော်ခဲ့သော်လည်း ဆယ်လူလာကို တစ်ချက်ကလေး မဆက်ဘဲ အိမ်ကိုလှမ်းဆက်သည်။ မေမေသိမည်စိုးကာမှ မေမေ့ဆီ တိုက်ရိုက်ဆက်သည့် ရှိုးယိုးပါတကား. . .။

''ဘယ်ကိုပြန်ဆက်ရမယ်ဆိုတာ ဖုန်းနံပါတ်ပေးသွားလား မေမေ''

''မပေးဘူး၊ ညခုနစ်နာရီမှ ပြန်ဆက်မယ်တဲ့''

မီးဖိုခန်းဘက် လစ်ထွက်ခဲ့သည်။

ဝမ်းက ဟာနေပြီ၊ ထမင်းလေးစားနေကာစရှိသေး မေမေ ရောက်လာ၏။

''နင့်အချိုးတွေ မပြင်သေးဘူးလား နေသစ်၊ ကောင်မလေး တွေ တစ်ယောက်ပြီးတစ်ယောက်တွဲ၊ ပေါလိုက်တဲ့အတွဲ၊ ရန်ကုန် မန္တလေး ရထားကြီးကျနေတာပဲ။ ငါ့ကို မျက်နှာပျက်အောင်မလုပ်နဲ့ နော်၊ တစ်နှစ်လောက် ဘာသံမှမကြားရလို့ ငြိမ်နေပြီမှတ်တာ. . . ဟော. . . ရန်ကုန်ကတဲ့ ပေါ်လာပြန်ပြီ၊ နင် ဒီလို ပွေနေရှုပ်နေလို့ကတော့ ငါ နင့်ကို ကိုထွေးမောင်သမီးနဲ့ အမြန်စီစဉ်မှ ဖြစ်တော့မယ်''



www.burmeseclassic.com

www.burmeseclassic.com



နေသစ်. . . စားလက်စလေး တန့်သွားသည်။ ဆက်စားချင်စိတ်လည်း မရှိတော့။ ထမင်းဝိုင်းကို အုပ်ဆောင်းကြီးနှင့် အုပ်လိုက်ကာ မေမေ့ရှေ့မှ ခေါင်းငုံ့ဖြတ်ခဲ့သည်။ တအံ့တဩနှင့် နှုတ်ဆွံ့သွားသော မေမေ့အနီးမှာ ဖေဖေရောက်လာ၏။ လူတွေက နောက်မှာ ကျန်ခဲ့သော်လည်း စကားတို့က ကပ်ပါလာသည်။

''မင်းကလည်း သားစားနေတုန်းမှာ ဘာလို့ သွားပြီး ပေါက်ပေါက်ဖောက်ရတာလဲ''

''ဩော်. . . ခါတိုင်းလည်း သူပွေတဲ့ ရှုပ်တဲ့ကိစ္စ ဒီလို ဆူနေကြပဲဟာ၊ အခုမှ ဒီလိုဖြစ်သွားတာလေ''

''တစ်ခုခုတော့ ထူးနေပြီကွ၊ ဒီကလေးမကျမှ ဒီလိုဖြစ်သွားတာဆိုတော့ သတိတော့ထားပေတော့ မရွှေသစ်ရေ''

''သားကို ကျွန်မပိုင်ပါတယ်၊ ဖွတ်တော့မလုပ်ပါဘူး၊ လောလောဆည် အချိုသပ်ထားပါမယ်၊ သူ စာမေးပွဲပြီးတာနဲ့ ကိုထွေးမောင်သမီးနဲ့ ချက်ချင်း စီစဉ်လိုက်မယ်လေ''

သိအောင်ပြောသည်လား. . .၊ မသိအောင်ပြောသည်လား မသိ။

နားပါးသော နေသစ်၊ လှမ်းဝင်စခြေလှမ်းတွေပင် တုန့်ကနဲ ဖြစ်သွားရသည်။

■





ညခုနှစ်နာရီကတည်းက စောင့်နေသည့် ဖုန်း. . .။

ခုနစ်နာရီလေးဆယ်မှ ဝင်လာသည်။ ပုတီးတစ်ဖက်နှင့် မေမေက လက်ဦးမှုရယူသွား၏။ နေသစ်မေမေပဲလေ။

''သားရေ. . . ရိုးရိုးတဲ့. . . ဖုန်းလာတယ်''

နေသစ် ဖုန်းကိုအကိုင်မှာ မေမေသည် ပုတီးစိပ်မပျက်၊ နံဘေးနားမှာ ယောင်ပေပေ။

''ယိုး. . . ကိုယ့်ဆယ်လူလာကို ဘာလို့ မဆက်တာလဲ''

''တစ်ခါမှ မဆက်ဖူးတာ၊ နံပါတ်လည်း မမှတ်မိဘူး၊ အိမ်ဖုန်းနံပါတ်ကျ မှတ်မိတယ်၊ ယိုး နှစ်ခါတောင်ဆက်တယ်၊ ကို မရှိဘူး၊ ကို့မေမေနဲ့တွေ့တယ်၊ သူငယ်ချင်းလားတဲ့၊ ဟုတ်တယ်၊ Girl Friend လို့ ပြောလိုက်တာလေ၊ မိန်းကလေးသူငယ်ချင်းလို့''

''ကျွတ်. . . သေတော့မှာပဲ၊ ယိုး. . . မင်း ခုဆို ဘွဲ့တောင် ယူရတော့မယ်၊ Girl Friend, Boy Friend ဆိုတာ ချစ်သူရည်းစားလို့ ပြောတာ မသိဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''အဲ. . . အဲလိုကြီးလား၊ မသိဘူးလေ၊ ယိုးမှ ရည်းစား မထားဖူးတာ''

ထင်သည့်အတိုင်းပါပဲ၊ ရိုးယိုး၏ တစ်ခါတစ်ခါ နုံအအ အပြု အမူတွေက နေသစ်အတွက် ဆေးမမီအောင်ပင်။

''ခုနစ်နာရီဆိုလို့ ကိုစောင့်နေတာ၊ ခု. . . မိနစ်လေးဆယ် တောင် စွန်းသွားပြီ''

''ခု ပြန်ရောက်ရောက်ချင်း ဆက်တာပဲ၊ သူ့မိဘတွေက ရှမ်းကန်မှာ Dinner လိုက်ကျွေးနေလို့''

''စား. . . စား. . . ယိုးကတော့ ရှမ်းကန်မှာ စားနေ၊ ကို့ မှာတော့ နေ့လည်စာကို ညနေမှစားတာတောင် အပင်းဆို့ပြီး မြို မကျဘူးဖြစ်သွားတယ်ကွ''

ပုတီးတစ်ဖက်နှင့် မေမေ့ထံမှ မျက်စောင်းတစ်ချက် အဆစ် ရလိုက်၏။

''အခြေအနေဘယ်လိုလဲ၊ သဘောမတူရဘူးနော်၊ ပြတ် ပြတ်သားသား တစ်ခါတည်းငြင်းခဲ့''

''အဲ. . . အဲလို မလိုဘူးနဲ့တူတယ်၊ သူက သေသေချာချာ ကြည့်ရင် ကိုနဲ့ ရုပ်တော်တော်တူတယ်၊ ကို့လိုတော့ မသွက်ဘူး၊ မှုန်တေတေနဲ့''

''ကျွတ်. . . အဲဒါတွေ မကြားချင်ဘူးကွာ၊ ဘယ်တော့ ပြန်လာမှာလဲ. . . ပြော''

''နက်ဖြန်မနက် ရထားစီးလာမှာလေ၊ ကို သိပြီးသား၊ ကို့ကို ပြောပြီးသားလေ၊ ဒါပေမယ့် ကိုလာမကြိုနဲ့၊ ညမိုးချုပ်တော့ ဘူတာကို ဖေဖေ လာကြိုမှာမို့လို့''





''ပြီးရောလေ. . . ယိုး အခု ဖုန်းဆက်ရတာရော လွတ်လွတ် လပ်လပ်ရှိရဲ့လား''

''အဲ. . . ဘယ်သူမှ မရှိကြဘူး၊ Gentleman တွေပါ၊ ရှောင် ပေးထားကြပါတယ်''

''ယိုး အဆင်ပြေရင်ပြီးတာပါပဲ၊ ကဲ. . . ဒါပဲနော်၊ သဘက် ခါမှ ကျောင်းမှာတွေ့ကြမယ်၊ ယိုးနော်. . . စိတ်မထွေရဘူးနော်၊ မိဘ တွေဘက် ပါသွားရင်တော့ ဘယ်သူ သဘောတူတူ မတူတူ ယိုးကို ကို ခိုးပြေးပြီသာမှတ်''

ဖုန်း ဝပ်ကနဲချလိုက်သံကို ကြမ်းပြင်ပေါ်သို့ ဒေါက်ကနဲ ပြုတ်ကျသွားသံက ဖုံးလွှမ်းသွား၏။

နေသစ် လှမ်းကြည့်လိုက်သည်။

မေမေ့လက်ထဲက ပုတီးကလေးက ကြမ်းပြင်ပေါ်မှာ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်. . .

တွေ့လိုက်ကြ. . . စကားပြောလိုက်ကြ. . .။

တွေ့ရခိုက်မှာ ရင်လှိုက်ကြည်မွေ့ခဲ့ကြ. . . ရှိခဲ့ကြပေမယ့် နေသစ်အဖို့ ရှေ့ရေးမျှော်ကြည့်ရင်း ရင်မောခဲ့ရသည်က အလီလီ။

ရှိုးယိုးလည်း ဤသို့ရှိရှာမည်လား မသိ. . .။

မထုံတက်သေး ကလေးမကတော့ အေးဆေးပါလား. . .။

သည်လိုနှင့် . . .။

ဥသြတွေလည်း အချိန်အခါကျ အလွမ်းမျှော်တေးကို အော်ညည်းကြပြီ။ မောင်ပေါ်ဦးတစ်ယောက်လည်း မြင်းခြံမြို့၏ တက္ကသိုလ်ကျောင်းသားသမိုင်းတွင် အသည်းဟက်တက်. . . အရက် စက်လက်နှင့် ကမ္ဗည်းမော်ကွန်းတင်ရစ်ကာ စာမေးပွဲကို အောင်နိုင် သည်ဆိုရုံမျှဖြင့်သာ ဖြေဆိုခဲ့ရပြီ။

စိန်ပန်းတွေလည်း စီရီဖြွေချခဲ့ကြပြီ. . .။

နွေကျောင်းတံခါးလည်း. . . ပိတ်ခဲ့ပြီ. . .။

သည်လိုနှင့်. . .။

■





နေသစ် ▶ ၆

လထွက်ကလေးကိုတဲ့ မြင်းပေါ်တင်. . . တဲ့. . .။

မမလေးကိုနော်ဗျာ. . . ဟောဒီမောင်နိုး၊၊ယ်. . . လို့ လူဆိုး တွေနဲ့ မောင်တိုင်ပင်. . . တဲ့. . .။

သူ့မှာတော့ တင်စရာမြင်းလည်းမရှိ။ ခင်စရာ လူဆိုးတွေ လည်း မရှိ။ တိုင်ပင်စရာဆိုလို့ အန်တီလေးပဲရှိသည်။ အန်တီလေး သည် အမာခံလူ။ အန်တီလေးသည် ဂိုဏ်းတူ တူဝရီး။ အန်တီလေး သည် သွေးသောက်တူဝရီး။ အန်တီလေးနှင့်သာ ဂိုဏ်းတူသွေးသောက် မဖွဲ့ခဲ့မိလျှင် ရှိုးယိုးဆိုသော မထုံတက်သေးမ၏ နေစိမ့်မှု၊ အေးစက် မှုတွေကို သူ သိလိမ့်မည်ပင်မဟုတ်။ မရပါ။ နေသစ်က အကွက်ကျ သည်။ သူ့ဘက်မှာ အတွင်းလူက အပီ. . .။

အန်တီလေးသည် မုန့်တီစားရင်းနှင့်ပင် နေသစ်ကိုကြည့် ကာ သက်ပြင်းချသည်။

"သား. . . မင်း. . . မိယိုးကို ခိုးသွားမှဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နေသစ် ပါးစပ်အဟောင်းသားဖြစ်သွား၏။ စာမေးပွဲတွေပြီးသည့်အချိန်မှစ၍ သူနှင့် ရိုးယိုးတို့ အပြင်မှာ တွေ့ခွင့်မသာတော့။ အန်တီလေးနှင့် ဈေးဝယ် နံနက်ခင်းမှာသာ ပါလာတတ်သည်။ ဒီနေ့လည်း ချစ်သူနှင့် ဈေးကိုလာအတွေ့မှာ အန်တီလေးက ''နေသစ်ရေ . . . အန်တီလေးနဲ့ နေခဲ့ဦး၊ မင်းတို့အိမ်နားက စိန်ပွဲစား အခြောက်မ အကြောင်း အန်တီလေး မေးစရာရှိလို့''

ဟု ဆိုသည်။ ရိုးယိုးကတော့ ဖြည်းဖြည်းရွှေ့ရွှေ့နှင့်သာ လှမ်းထွက်သွား၏။ မုန့်တီဆိုင်မှာ နေသစ်နှင့် အန်တီလေး ကျန်ခဲ့သည်။

''ဟိုတလောက မိယိုးနဲ့အန်တီလေး ရန်ကုန်သွားတဲ့ကိစ္စ ဘာလဲဆိုတာ သား သိလား''

''အမှန်အတိုင်းဝန်ခံရရင် မသွားခင်မှာ ယိုးက ဖွင့်ပြောခဲ့ပါတယ် အန်တီလေး''

''ကြော်. . . မိယိုးက ဒီလိုပြောဖော်တော့ ရသေးသားပဲ၊ ခက်ပါတယ်၊ ဒီကလေးမက အေးတိအေးစက်နဲ့၊ သူ သားကိုတော့ ချစ်ရှာပါတယ်၊ အဲဒါက အရေးမကြီးဘူး၊ အရေးကြီးတာက ခုလာမယ့် စနေနေ့မှာ မိယိုးနဲ့စေ့စပ်ဖို့ ကောင်လေးနဲ့ သူ့မိဘတွေ ရောက်လာကြတော့မယ်''

''ဗျာ''

သည်ကနေ့ အင်္ဂါ. . .။ စနေနေ့ဆိုတော့ သိပ်မလိုတော့ပါလား။ ကြားထဲမှာ သုံးရက်သာရှိတော့သည်။

''ယိုး. . . ကျွန်တော့်ကို ဘာမှမပြောဘူး၊ ဒါကျတော့ ယိုး





နေနိုင်လွန်းအားကြီးတယ်ဗျာ''

''အဲဒါ မိယိုးရဲ့အကျင့်လေ၊ ထုံတိတိ အေးစက်စက်နဲ့၊ မိဘကိုလည်း မပြောရဲရှာ၊ မင်းကိုလည်း ဘာမှမပြောတော့ဘဲ ဖအေကြီးသဘောကျ ခေါင်းညိတ်လိုက်မယ့်ပုံပဲ၊ ဒါပေမယ့် သူ မင်းကိုတော့ သံယောဇဉ်ကြီးရှာပါတယ်၊ မနေ့ညကလည်း အိပ်ယာထဲမှာ ငိုလိုက်တာ သားရယ်၊ အန်တီလေး ဒီအကြောင်းတွေ ကိုကို ဘာမှ မပြောပါနဲ့နော်ဆိုပြီး အန်တီလေးကို ပိတ်ထားသေးတယ်၊ အဲ. . . အဲ. . . စား. . . မြန်မြန်စား. . . လိုက်သွားလိုက်ဦး၊ တော်ကြာ မိယိုး ရောက်လာဦးမယ်''

. . .   . . .   . . .   . . .   . . .

. . .   . . .   . . .   . . .   . . .

. . .   . . .   . . .   . . .   . . .

. . .   . . .   . . .   . . .   . . .

. . .   . . .   . . .   . . .   . . .

■



www.burmeseclassic.com

www.burmeseclassic.com



ရှိုးယိုးကိုတွေ့လိုက်တော့ အဖြူရောင်သစ္စာပန်းတွေနှင့်။ သူ့အတွက် ဝယ်ထားခြင်းပါလား. . .။

ပန်းပေးတယ်တဲ့လား ယိုးရယ်. . .။ ဒါပေမယ့် အဖြူရောင်သစ္စာပန်းတွေပါလေ။ ပန်းတွေ တပွေ့တပိုက်ကို သူ့လက်ထဲသို့ ကမ်းပေးရှာသည်။ ရှိုးယိုး မျက်နှာမကောင်းလှပါ။ နုနုလေးနွမ်းနေသည်။

"ယိုး. . . နေ့လည်ကျရင် ကို ယိုးနဲ့တွေ့ချင်တယ်"

"ကိစ္စရှိလို့လားဟင်"

"ရှိတယ်. . . ယိုးနဲ့ တိုင်ပင်စရာတွေရှိတယ်၊ နေ့လည် ဘယ်အချိန် တွေ့လို့ရမလဲဟင်"

ရှိုးယိုး စဉ်းစားနေပါသည်။

ငံ့လင့်ရင်ခုန်ခြင်းဆိုတာ ဒါမျိုးလား. . . ယိုး။

"နေ့လည်တစ်နာရီလောက်ဆို ယိုး ထွက်လို့ရတယ်၊ လေးနာရီတော့ အိမ်ပြန်ရမယ်၊ ဖေဖေနဲ့ ချက်ကစားပေးရဦးမယ်"

"ရတယ်. . . ဒါဆို ၈၄–လမ်းဘက်ကို ယိုး ဆင်းလာခဲ့၊



BURMESE CLASSIC .com



ဆိုင်ကယ် မယူခဲ့နဲ့တော့၊ ကို ကားယူလာခဲ့မယ်"

သည်ကလေးမကို နိုးပြေးမှဖြစ်တော့မည်။ သူ့ဘက်မှ အခြေအနေက မကောင်းသလို ကိုယ့်ဘက်ကအခြေအနေကလည်း မကောင်းလှ. . .။ ရှေ့အပတ်ထဲမှာ မေမေနှင့်ဖေဖေက မုံရွာဘက် ဘုရားဖူးအသွားမှာ နေသစ်ကို ကားလိုက်မောင်းပို့ပေးဖို့ ပြောထားသည်။ မေမေ့ခြေလှမ်းတွေ ဘယ်လိုလှမ်းတော့မည်ကို နေသစ် တွက်ဆပြီးသား. . .။ ဘုရားလည်းဖူးရင်း တစ်ဦးတည်းသောသားတော်မောင်ကိုလည်း နေရာချထားပေးရင်းမှလွဲ၍ အခြားမရှိနိုင်။

ကိုယ်လှမ်းတော့မည့်ခြေလှမ်းတွေကို တွက်ဆကြည့်လိုက်သည်။ ပစ်တော့မည့်မြားတံတွေက ချွန်မြစေရမည်။ မိုးတော့မည့်ဓားသွားတွေက ထက်ရှစေရမည်။ ရှိုးယိုး၏ အေးစက်မာကြောသောရေခဲနှလုံးသားအား ထုတ်ချင်းခတ် စူးနစ်စွဲဝင်စေရမည်။ ဒါပေမယ့် ရှိုးယိုးဆိုသည့် သူငယ်မအား သည်လောက်ကြီးလည်း ကြိုးစားချင်မှ ကြိုးစားရပါလိမ့်မည်။ အေးအေးဆေးဆေးနှင့်လည်း ပွဲပြီးသွားနိုင်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com



တောင်သမန် မယ်ဇယ်တန်းသည်လည်း ချစ်သူနယ်ပင်။

အေးစက်သောဓားတစ်လက်ကို ဆွဲကိုင်လျက်ပါလား. . .။ ရိုးယိုး၏မျက်နှာကို စေ့စေ့ရှုရှုကြည့်ရင်း ဖယောင်းလက်ကလေး နှစ်ဖက်ကို ထွေးထွေးဆုပ်ကိုင်လိုက်၏။

''ယိုး. . . ယိုးနဲ့ ကိုနဲ့ ချက်စ် တစ်ပွဲလောက် ကစားကြရအောင်လေ၊ ဒါဆိုရင် ညနေကျ ရိုးယိုး ဖေဖေနဲ့ ကစားစရာ မလိုတော့ဘူးပေါ့''

ငေးကြောင်သွားသည့် မျက်နှာကလေး။

ပြောမှသိမည့် ရိုးယိုးပါ. . .။

''ကိုယ့်ကားထဲမှာ စစ်တုရင်ခုံလေး ယူလာခဲ့တယ်၊ ယိုးလည်း နိုင်အောင်ကစား၊ ကိုလည်း နိုင်အောင်ကစားမယ်၊ ယိုး နိုင်တယ်ဆိုရင် ယိုး သဘောကျဆုံးဖြတ်၊ ကို နိုင်တယ်ဆိုရင် ယိုးကို တစ်ခါတည်းခေါ်သွားတော့မယ်၊ ကိုခေါ်ရာ ယိုး လိုက်ခဲ့ရမယ်၊ ဘယ့်နှယ်လဲ''



BURMESE CLASSIC .com



ရိုးယိုး၏မျက်ဝန်းတွေ ဝ,လုံးလေးလို ဝိုင်းသွားသည်။

နှုတ်ခမ်းနှင်းဆီဖူးကလေးလည်း ဝ,လုံးလေးလို ဝိုင်းသွားသည်။

''မကစားလို့မရဘူးနော်၊ ယိုး အိမ်မှာ ဘယ်လိုရင်ဆိုင်နေရတယ်ဆိုတာ ကိုသိပြီးသား၊ ယိုး ဘာမှမပြောနဲ့တော့၊ ဒါ. . . ကိုတို့အတွက် အဆုံးအဖြတ်ပါ''

ရိုးယိုး နေသစ်ကို နိုင်စရာအကြောင်းမရှိပါ။ ရိုးယိုး၏ စစ်တုရင်အဆင့်ကို အန်တီလေးထံမှ လက်ကျလက်န အကုန်သိခဲ့ပြီးပြီ။ ရိုးယိုးသည် စစ်တုရင်ကို စိတ်မပါဘဲနှင့် အမြဲတစေ သူများအတွက် သက်သက် ကစားပေးခဲ့ရသူလေ၊ နေသစ် မပိုင်လျှင် ခြင်မရိုက်၊ ပိုင်လို့သာ ဆင်တစ်ကောင်ကို ကျုံးသွင်းလိုက်ခြင်းဖြစ်ပါသည်။

''ယိုး. . . ရှုံးသွားရင်. . .''

''ယိုး. . . ရှုံးသွားရင် ယိုး ကိုခေါ်ရာလိုက်ရမယ်လေ''

''ဒုက္ခပါပဲ၊ ယိုး ကို့ကို နိုင်ပါ့မလားမသိဘူး''

စစ်တုရင်ခုံလေး နှစ်ဦးသားရှေ့စားပွဲပေါ်မှာ ရောက်လာ၏။ ရိုးယိုး စိတ်လှုပ်ရှားနေသည်။ အနက်ရောင် ကစားရုပ်တွေကို ကိုင်ရွှေ့နေသော ရိုးယိုး၏ လက်ကလေးတွေ မသိမသာ တုန်ယင်နေပါသလား. . .။



www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်၊ မိနစ်တို့ တဖြည်းဖြည်း ဝါးမြိုစပြုလာသည်။

ရှီးယိုး၏ နားသယ်စပ်မှ ချွေးစို့စို့ကို သူမြင်နေရသည်။ နေသစ်၏ကစားကွက်တွေက ဝါသနာရှင်အဆင့်မက ကျော်နေသည်။ နေသစ်သည် ဗဟိုကိုထိန်းချုပ်ကာ တစ်ကွက်မမှားစေရဘဲ တဖြည်းဖြည်းနှင့် တိုက်စစ်ဖွင့်လာနိုင်ခဲ့သည်။ ရှီးယိုး မျက်စိမျက်နှာပျက်လာ၏။

"သွားပြီနဲ့တူတယ်၊ ဖေဖေတော့ ယိုးကြောင့် သိက္ခာကျရပြီနဲ့တူတယ်"

မဟုတ်ဘူး. . .။ ဒီအချိန်မှာ ရှီးယိုး ညည်းညူရမှာ ဒီစကားမျိုးမဟုတ်ဘူးလေ။ ဒါဟာ မိန်းကလေးတစ်ယောက် ဘဝတစ်ခုအတွက် လောင်းကြေးထပ် ကစားတဲ့ပွဲလေ။

"Chess"

နောက်ဆုံးမှာတော့ နေသစ်က တည်တည်ငြိမ်ငြိမ်နှင့်ပင် အဖွင့်လမ်းတွေပိတ်ကာ ဖမ်းလိုက်နိုင်ခဲ့ပြီ. . .။





စစ်တုရင်ခုံကို စိုက်ကြည့်နေသော ရှီးယိုး၏မျက်ဝန်းထက်မှ မျက်ရည်တွေ စီးကျလာ၏။ ရှီးယိုး ငိုသည်။

"ယိုး. . . Sorry. . . ယိုး. . . ကို. . . အနိုင်ကျင့်သလို ဖြစ်သွားပြီ၊ မဟုတ်ဘူး. . . မဟုတ်ဘူး. . . ကို ဒီသဘောမဟုတ်ဘူး၊ ဒီပွဲကို ခေါင်းထဲကထုတ်ပစ်လိုက်တော့၊ စိတ်ထဲ မထားနဲ့တော့"

နေသစ် ဟန်ပြောပြောခြင်းပါ။ ရှီးယိုး၏စိတ်ခါတ်ကို သူသိပြီးသား၊ အေးစက်စက် မတုန်မလှုပ် သည်ကလေးမကား ခေါင်းမာသူ၊ ကတိတစ်ခုကို စွဲမြဲစောင့်ထိန်းသူပါလေ။

နှုတ်ခမ်းကို တင်းတင်းစေ့ရင်းနှင့်ပင် ရှီးယိုးသည် နေသစ်မျက်နှာကို စူးစူးနစ်နစ်ကြည့်လိုက်သည်။ သည်အကြည့်သည် နှလုံးသားသို့တိုင် ထွင်းဖောက်ရောက်ရှိသွားပါသည်။

"ရတယ်. . . ကို၊ ဖေဖေတို့ ယိုးကို စွန့်လွှတ်ရင်လည်း စွန့်လွှတ်ပါစေတော့၊ ယိုး. . . ကို့နောက်ကို လိုက်ခဲ့ပါ့မယ်၊ ကို ယိုးကို ဘယ်ခေါ်သွားမလဲဟင်"

ကားပေါ်မှာ နှစ်ဦးသား ထိုင်မိသည်ထိ စကားမဆိုဖြစ်ကြသေး။ မျက်ရည်တို့ရစ်ဝဲနေသော ယိုးကို ဖွဖွလေး ထွေးဖက်ထားလိုက်သည်။

"သစ္စာရှိရှိနဲ့ တစ်သက်လုံး မဖောက်မပြန် ရိုးမြေကျ ပေါင်းပါ့မယ်လို့ ကို ကတိပေးပါတယ် ယိုးရယ်၊ တစ်ဦးတည်းသော သားနဲ့ တစ်ဦးတည်းသော သမီးကို ဘယ်မိဘကမှလည်း စွန့်လွှတ်ကြမှာ မဟုတ်ဘူးဆိုတာ ကို ပြောဝံ့ပါတယ်၊ ကဲ. . . အခု ကို ယိုးကို ခိုးပြေးတော့မယ်၊ ကိုတို့ ပြင်ဦးလွင်ကို သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့. . . မျက်လုံးကလေးမှိတ်ထားသော ချစ်စရာ ဖြူဖြူ ပါးပါး ကောင်မလေးသည် နေသစ်၏နံဘေးမှာ ပါလာခဲ့ပြီ။ ကား ကလေးသည် မယ်ဇယ်တန်းရှိ ဆိုင်ကလေးရှေ့မှ ထွက်သွားခဲ့ပြီ။

ဆိုင်ကလေးရှေ့ စားပွဲပေါ်တွင် ပွဲသိမ်းသွားသော ကစား ကွက်ကလေးနှင့် စစ်တုရင်ခုံကလေး ကျန်ရစ်ခဲ့သည်။ သည်ခုံကလေး နေသစ်အတွက် မလိုတော့ပါ။ ဘဝအတွက် လက်တွေ့ကျသော ရွှေ့ ကွက်တွေနှင့်သာ ရှေ့ဆက် ကစားရတော့မည်လေ. . .။

■

သည်လိုနှင့် . . .။

■





## နေသစ် ▸ ၇

၂၀၀၁ ခုနှစ်တွင် သမီးကြီးမိုးမြင့်သစ်သည် နေသစ်တို့ ဘဝလေးထဲသို့ ချဉ်းနင်းခြေချ ဝင်ရောက်လာခဲ့၏။

၂၀၀၃ ခုနှစ်တွင်တော့ သမီးငယ် ကြယ်စင်သစ်က ထပ်မံ၍ ခေါင်းဖော့ တိုးဝင်ရောက်ရှိလာခဲ့ပြန်သည်။ သည်သမီးနှစ်ယောက်နှင့် အတူ သူတို့ဘဝ စိုပြေတင့်တယ်နေခဲ့ပါသည်။

ရိုးယိုးကို မိဘတွေက စတိုးဆိုင်ဖွင့်ပေးထားသည်။

ရိုးယိုး၏ အေးတိအေးစက်စရိုက်နှင့် စတိုးဆိုင်လုပ်ငန်းနှင့် က Key မတူ၊ မဟာမိတ် မဖြစ်မိခဲ့သော်လည်း အကျိုးပေးဟုဆိုရ မည်လား မပြောတတ်။ စတိုးဆိုင်က တစ်စတစ်စ အောင်မြင်ကြီးထွား လာခဲ့သည်။ ဆိုင်ကိစ္စနှင့်သာ အချိန်ကုန်နေခဲ့ရသည့်အတွက် သမီး တွေသည်ပင် ဘိုးအေ ဘွားအေတို့ဆီမှာ ကြီးပြင်းနေခဲ့ကြရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



နေသစ်တို့က မိဘတွေလက်ဖွဲ့ထားရာ နယူးစီမီလိုင်းမှာ ခြံကျယ်ဝန်း ကျယ် ဆိတ်ငြိမ်အေးချမ်းရာမှာ နေကြသည်။

သမီးနှစ်ယောက်က အဖိုးအဖွားတွေဆီ နေသည်ဆိုတော့ လည်း ယခုတော့ နေသစ်တို့ဘဝက အပျိုလူပျိုနှင့်မခြား။

အိမ်ထောင်ကျပြီး တစ်နှစ်ကျော်သည်အထိ နေသစ် M.A ဆက်တက်ခဲ့သည်။ M.A ပြီးတော့ မိဘတွေနှင့်အတူ ပွဲရုံလုပ်ရင်း ကျူရှင်ဆရာဘဝ ရောက်လာသည်။ ကိုယ်ပိုင်နည်းပြသင်တန်းမှာ အောင်မြင်လာခဲ့သည်။ မန္တလေးမြို့၏ နာမည်ကြီး ကိုယ်ပိုင်နည်းပြ ဆရာများဖြစ်ကြသော D Bio ဒေါက်တာနေမျိုး၊ ဦးခင်မောင်ချို (ရူပ) တို့နှင့် တွဲမိလိုက်သည့်အချိန်မှာတော့ အင်္ဂလိပ်စာမှာ နေသစ်က မန္တလေးကျောင်းသားတို့၏ အားထားရာ. . .။

ဆရာတစ်ပိုင်းလည်း ဖြစ်၊ အိမ်ထောင်းရေးကံလည်း ကောင်းဆိုတော့ နေသစ် ငြိမ်သွားပြီလားမသိ။ ကင်းခြေများဘဝမှ ရှီးယိုး၏ကမ်းတွင် ကျောက်ချထားသော သင်္ဘောကြီးဘဝ ရောက်ရှိ သွားပြီလား မပြောတတ်။ ချီးကျူးတော့ မစောစေချင်ပါ. . .။

နေသစ် ငြိမ်သွားပြီလားမသိဟူသော စကားအား သမီးငယ် ကြယ်စင်သစ် ပထမတန်းတက်သည့်အချိန်ထိဟုသာ အာမခံရပါ မည်။

သည်အချိန်မှာပင် တည်ငြိမ်နေသော ကန်ရေပြင်အား ခဲနှင့်ပေါက်သူက ပေါ်လာ၏။ သူကား. . .လုပ်ဖော်ကိုင်ဘက် ကျူရှင် ဆရာ ကျော်ဦးသာ။ ကျော်ဦးသာသည် နေသစ် နှလုံးသားထဲသို့ တစစ်စစ် ကိုက်ဖဲ့တော့မည့် ဗိုင်းရပ်စ်တစ်ကောင်ကို ပစ်ထည့်ပေး





လိုက်၏။ အနို ဗိုင်းရပ်စ်သည် အထီးမဟုတ်။ ယောကျ်ားတစ်ယောက် ၏နှလုံးသားကို ကိုက်ဖဲ့မည့် ဗိုင်းရပ်စ်ဆိုတော့လည်း အစ်မပဲ ဖြစ်မည် လေ။

■



www.burmeseclassic.com

www.burmeseclassic.com



နာမည်က. . . မြင့်မြတ်မော်။

သုံးဆယ်စွန်းစ အရွယ်. . .။ ဒါပေမယ့် အရွယ်တင်သည်။

မသိသူက နှစ်ဆယ့်သုံး နှစ်ဆယ့်လေးဟုသာ တွက်ဆမိမည်။ မြင့်မြတ်မော်သည် ခေတ်မီ၏။ ဖြူဖြူဖွေးဖွေး တင်းတင်းရင်းရင်းနှင့် တစိမ့်စိမ့် ရင်မောစေနိုင်သူ. . .။ ရယ်ဒီမိတ်စကားနှင့် ဆိုရလျှင် သူမသည် M.size ဖြစ်၏။ Small Size သမားလည်း ဝတ်နိုင်သည်။ Learge size သမားကလည်း ဝတ်ချင်သည်။ အနေကလည်း တည်တည်။ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံ။ Eco နှင့်လည်း ကျောင်းပြီးခဲ့ပြီ။ ဒါဆို ဘာလိုသေးလဲ. . . ဟု မေးရန်ရှိပါသည်။

လိုပါသည်။ ယခုအချိန်မှာ မြင့်မြတ်မော်၌ လက်တွဲဖော်မရှိ ပါ။ မြင့်မြတ်မော်၏ နှလုံးသားစက်ရုပ်က သံချေးတက်နေခဲ့ပြီထင်၏။ သံပတ်ပေးနိုင်မည့်သူလည်း မပေါ်နိုင်ခဲ့ခြင်းပါလေ။

စနေ၊ တနင်္ဂနွေညနေပိုင်း မန္တလေးတောင်ဂေါက်ကွင်းက





အပြန်မှာ နန်းရှေ့ရှိ Dream Smile ဟု အမည်သမုပြုထားသော ဘီယာဂါးဒင်းမှာ နေသစ်နှင့်ကျော်ဦးသာ အပန်းဖြေစမြဲ။

Dream Smile သည် မြင့်မြတ်မော်ဖွင့်ထားသော ဆိုင်ကလေးဖြစ်၏။ မြင့်မြတ်မော်သည်လည်း Counter မှာ ထိုင်လိုက်၊ လိုအပ်သည်များကို ညွှန်ကြားသမှုပြုလိုက်နှင့် အလုပ်ကလေး နည်းနည်းရှုပ်နေတတ်စမြဲ။

အက်စ်နှင့်တူသော မိန်းမတစ်ယောက်ကို မြင်ကတည်းက ရင်မှာ မငြိမ်နိုင်သည့် သကောင့်သားဟူသည် ရှိကောရှိနိုင်မှာတဲ့လား။ သည်တုန်းက ပန်းနုရောင် ပိုးပျော့သားနှင့် လိုက်ဖက်လွန်းလှစွာသော နှုတ်ခမ်းကလေးက ရင်မှာ ထိထိရှရှ သတိပြုမိလိုက်သည့် အချိန်အခိုက်. . .။

''သူ့ကို ဘယ်လိုမြင်လဲ. . . ဆရာနေ''

မူးယစ်စ ရီဝေဝေအာရုံနှင့် လှမ်းကြည့်မိလိုက်သည်။

ဝါးပင်ပျိုတို့၏အောက်မှာ မြင့်မြတ်မော်၏ ဝိုင်သွေးရည်အလှသည် ဖယောင်းမီးစွယ်သဖွယ် ယိမ်းယိမ်းသွဲ့သွဲ့နှင့်ပါလေ။

''ကိုယ် မပြောတတ်ဘူး ကျော်ဦးသာ''

ကျော်ဦးသာ ဆက်ပြောမည့်စကားတစ်ခွန်းကြားမှာ Soda စွက်စွက်နှင့် Red Label တစ်ငုံစာက နေရာယူသွား၏။

''မြင့်မြတ်မော်ဟာ ဆရာနေ့အမျိုးသမီးနဲ့ နည်းနည်း ဆက်စပ်တယ်လို့ ပြောလို့ရတယ် ဆရာနေ''

နေသစ် မျက်မှောင်ကျုံ့သွား၏။

ရိုးယိုးနဲ့ နည်းနည်းဆက်စပ်တယ်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



''Direct မဟုတ်ပါဘူး၊ Indirect ပါ ဆရာနေ''

သည်တုန်းက စကားကို စိတ်ဝင်စားခြင်း၏နောက်မှာ လူကို စိတ်ဝင်စားခြင်းက တစ်ပါတည်း ကပ်ပါသွားခဲ့သည်ကို နေသစ် သတိမထားနိုင်ခဲ့ပါ။

''သူ့မှာ အိမ်ထောင်ရှိခဲ့ဖူးတယ် ဆရာနေ၊ ငတေ့က လားရှိုးကလေ၊ အိမ်ထောင်က တစ်နှစ်တောင် မပြည့်လိုက်ပါဘူး။ မြင့်မြတ်မော်က သည်းမခံနိုင်တော့လို့ နှစ်ဦးသဘောတူ ကွာရှင်းပြီး မန္တလေး ပြန်လာခဲ့တာပါပဲ၊ အရင်က မြင့်မြတ်မော်တို့က ကျွန်တော်တို့ မျက်ပါးရပ်မှာပဲ၊ ကျွန်တော်နဲ့က အိမ်နားနီးချင်းတွေ''

''ကျော်ဦးသာစကားကို ကိုယ် စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် အခုအချိန်ထိတော့ ယိုးနဲ့ ပတ်သက်တာ ဘာမှမပါသေးဘူးနော်''

တစ်စုံတစ်ခုကို ချိန်ဆနေပုံရ၏။ ဒါပေမဲ့ ကျော်ဦးသာ သည်တစ်ခါ နှုတ်မှ အံချလာသောအရာမှာ စကားမဟုတ်၊ နားထဲသို့ စူးဝင်လာသော လုံသွားတစ်ခု။

''မြင့်မြတ်မော်ရဲ့အိမ်ထောင်က ဆရာနေ့အမျိုးသမီးနဲ့ ပတ်သက်ခဲ့ဖူးတယ်''

■





နေသစ်ရင်ထဲမှာ စူးကနဲဖြစ်သွားသည်။

မထင်မှတ်သောစကားကို ကြားလိုက်ရခြင်းပါလား။

အမှုအရာပျက်ယွင်းသွားခြင်းကို ဖုန်ခွက်သားနှင့် နှုတ်ခမ်းခြင်း မဟာမိတ်ဖွဲ့ရင်း ကြိုးစားဖုံးကွယ်လိုက်ရ၏။

''အဲဒါ အသေအချာပဲလား ကျော်ဦးသာ၊ အဲဒါသာ အသေအချာဆိုရင်တော့ ကိုယ် အရမ်းညံ့ခဲ့ပြီကွ''

''Sorry ဆရာနေ၊ ကျွန်တော် စကားပြော နည်းနည်းလောသွားတယ်၊ ဆရာနေ့အမျိုးသမီးနဲ့ အဲဒီလူနဲ့ ရည်းစားဟုတ်မဟုတ်တော့ မသေချာဘူး၊ သေချာတာကတော့ အဲဒီလူဟာ အစ်မရှိုးယိုးကို စွဲစွဲလန်းလန်း ချစ်ခဲ့တယ်ဆိုတာပဲ''

နေသစ်မျက်နှာ လက်ကနဲဖြစ်သွားသည်။

တစ်စုံတစ်ခုကို သတိရလိုက်သည့်ဟန်။

''နေဦး ကျော်ဦးသာ၊ ဒါဆို ကိုယ် မှတ်မိသွားပြီ''

''လားရှိုးကဆိုတော့ သူ့နာမည် စိုင်းဟန်မိန်းမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်. . . စိုင်းဟန်မိန်းပဲ၊ ဆရာနေ့ Memory ကိုတော့ အလန့်ဆွဲသွားပြီဗျာ''

''မဆွဲနဲ့ဦး ကျော်ဦးသာ၊ ကိုယ့်မှာလဲ ယိုးနဲ့ပတ်သက်လို့ ဒီတစ်ယောက်ပဲ မှတ်သားစရာရှိခဲ့ဖူးတာကွ၊ အခုမှပဲ ရင်ထဲ ပေါ့သွားတော့တယ် ကျော်ဦးသာ၊ ကိုယ်တို့ သမီးရည်းစားဘဝက ယိုးလည်း တစ်ခါ ပြောခဲ့ဖူးတယ်၊ အဲဒီလူဟာ ယိုးကို တစ်ဖက်သတ်ကြိုက်ခဲ့တဲ့သူပါ၊ ယိုးကွယ်ရာမှာ အန်တီလေးကိုလည်း ကိုယ်မေးခဲ့ဖူးတယ်၊ ယိုးက သူ့ကို လုံးဝ စိတ်မဝင်စားခဲ့ပါဘူး၊ လူကြီးချင်းတော့ ရင်းနှီးကြတယ်လို့ သိခဲ့ဖူးတယ် ကျော်ဦးသာ''

ယိုးနှင့်ပတ်သက်လျှင် ယခုအချိန်ထိ သူ ရင်ခုန်နေတတ်ဆဲပါလား။ အခုတော့လည်း မူလပထမ နေသစ် ပြန်ဖြစ်သွားပြီလေ။ တက်တက်ကြွကြွ. . . လန်းလန်းဆန်းဆန်းနှင့်. . .။

ကောက်ရိုးကြက်ကင်တစ်တုံးကို မြို့လိုက်ရင်းနှင့် မြင့်မြတ်ဇော်ရှိရာ လှမ်းကြည့်လိုက်မိသည်။ အရသာနှစ်ခုကို တစ်ပြိုင်တည်း ခံစားလိုက်ရ၏။ တဆက်တည်းမှာပင် အတွေးတစ်ခုက ခေါင်းထဲမှာ ဖြတ်ကနဲ ခန့်ဝင်လာသည်။

''အဲဒီအချက်ကလည်း သူတို့အိမ်ထောင်ရေးမှာ အထိအခိုက်ဖြစ်စေခဲ့သလား ကျော်ဦးသာ''

''ဖြစ်ခဲ့လို့ပေါ့ ဆရာနေ၊ ဒီလူက လွန်တာပါ၊ နေ့တိုင်း မူးပြီးပြန်လာတာက ကိစ္စမရှိပါဘူး၊ ဆိုးတာက ညအိပ်ရင်းနဲ့ ဆရာနေ့ အမျိုးသမီးရဲ့နာမည်ကို ယောင်ယောင်ပြီးအော်တယ်တဲ့၊ အဲဒီတော့ မြင့်မြတ်ဇော်ရဲ့နေရာက စဉ်းစားကြည့်လေ''





''ကိုယ် သဘောပေါက်ပြီ ကျော်ဦးသာ၊ ဖြစ်မှဖြစ်ရလေကွာ၊ အဲဒါဟာ မဖြစ်သင့်တဲ့ ကိစ္စတစ်ခုပါပဲ၊ ကြားရတာ ကိုယ် စိတ်မကောင်းလိုက်တာကွာ''

Dream Smile ကို Relex ဖြစ်ဖို့လာခဲ့ရာမှ ရင်မှာ လေးလံသွားရသည့်အဖြစ်ပါလား။ မြင့်မြတ်ဇော်ရှိရာ တစ်ခါ လှမ်းကြည့်မိပြန်သည်။ ရင်လည်းမခုန်မိ။ မလွှဲလည်း မလွှဲဖယ်မိ။ မြင့်မြတ်ဇော်သည် မျက်ခုံးကလေးကွေးညွတ်ရင်း သူတို့ရှိရာ လှမ်းလာ၏။ ခမြာဘာမှ မသိရှာပါလား။ ယခုမှ နေသစ် ရင်ခုန်စပြုလာသည်ကော. . .။

''ဘာလိုလို့လဲ ကျော်ဦးသာ''

''မလိုဘူး မြင့်မြတ်ဇော်၊ လိုရင် ငါတို့ ပြောပါ့မယ်''

လှည့်အထွက်မှာ နေသစ်အတွက် လက်ဆောင်တစ်ခု ခြွေချသွား၏။

အပြုံးတစ်ပွင့်ပါလေ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



အရုဏ်ကျင်း လင်းစအခိုက်အခါလည်း မဟုတ်ပါဘဲနှင့် နှင်းတွေက ဖွဲဖွဲကျနေကြသည်။ နန်းမြို့ရိုး၊ နန်းပြသာဒ်နှင့် စုလစ်၊ မွန်းချွန်းတွေပေါ်မှာလည်း အုပ်အုပ်ဖွဲ့ဖွဲ့. . . မှုန်မှုန်သီသီနှင့်။ ထုနှင့်ထည်နှင့် နှင်းမှုန်တွေက ကျုံးရေပြင်ကိုပင် Confrontation ထိပ်တိုက်တွေ့ဆုံနေကြသည်။ နှင်းရည်စို့ ကျုံးနံဘေးလမ်းမကြီး၏ စိုလက်ဖိတ်တောက်မှုကို အလင်းအားကောင်းကောင်းနှင့် ကားမီးရောင်တန်းကြီးက ထိုးခွဲချေချ သရော်ပြလိုက်သည်။ အချိန်က ည ဆယ်နာရီ စွန်းစအချိန်။ အပြင်လမ်းမှာ နှစ်ဦးသား တေမိဒွံယံရှိနေရာမှ ည၏ဆွံ့အခြင်းကို နေသစ်က စတင်ခွဲချေပစ်လိုက်သည်။

''ဘာတွေ စဉ်းစားနေတာလဲ ကျော်ဦးသာ''

''ဆရာနေ့အကြောင်းပဲ ဖြစ်မယ်ထင်တယ်၊ ဘာရယ်တော့ မဟုတ်ပါဘူး၊ မန္တလေးမှာ မြန်မာလူမျိုးစစ်စစ်ထဲက ဒီလိုမျိုး လင့်ခရူဇာစီးနိုင်တာ နှစ်ယောက်ပဲရှိတယ်၊ တစ်ယောက်က ဆရာနေ ဖြစ်နေတယ်ဆိုတာပါပဲ''

ကြောင်နှစ်ကောင်စာအုပ်တိုက်



နေသစ် ရယ်သည်။

ကျေနပ်ခြင်းက တစ်ဝက်ပင်မရှိ. . .။

သရော်သံက အကဲသာနေ၏။

''အထင်မကြီးနဲ့ ကျော်ဦးသာ၊ ကိုယ် အဲလောက် မမိုက်ဘူး၊ ဒါ. . . ဖေဖေတို့ ဝယ်ပေးထားတာကြီးကွ၊ အဲဒါ ထားပါ၊ ကိုယ်ရော ဘာစဉ်းစားနေလဲလို့ ကျော်ဦးသာ မတွေးမိဘူးလား''

ကျော်ဦးသာ တစ်ခဏတော့ငြိမ်သွားသည်။

ပြီးတော့. . . ဟက်ကနဲ ရယ်ပစ်လိုက်၏။

''မြင့်မြတ်မော်အကြောင်းပဲဖြစ်မှာပေါ့ ဆရာနေ''

သည်တစ်ခါ ရယ်ပစ်လိုက်သူက နေသစ် ဖြစ်သွားသည်။

''မင်းဗိုက်ထဲမှာတော့ သေမယ့်ရက်ကိုတောင် အတိအကျတွက်နိုင်တဲ့ ပုဏ္ဏား ဘယ်နှစ်ယောက် ဝင်စားနေပြီလဲ ကျော်ဦးသာ၊ ဟုတ်တယ်. . . ကိုယ် မြင့်မြတ်မော်အကြောင်းပဲ စဉ်းစားနေတာလေ၊ မကြာခင်မှာ ကိုယ်နဲ့ မြင့်မြတ်မော်နဲ့ ချစ်သူတွေဖြစ်သွားမှာပါ ကျော်ဦးသာ''

နေသစ် စကားတည်တည်ဆိုတော့ ကျော်ဦးသာ မျက်နှာတည်သွားသည်။ ပြီးတော့ ဦးခေါင်းကို ရမ်းခါလိုက်၏။

''မဖြစ်နိုင်ဘူးထင်တယ် ဆရာနေ၊ မြင့်မြတ်မော်ကို အဲ့လောက်ထိ လျှော့မတွက်စေချင်ဘူး၊ သူ့နံဘေးမှာလည်း အလှာစုံက ငနဲတွေ ချဉ်းကပ်နေကြတာ ဆရာနေ့အမြင်ပါပဲ၊ သူ ဘယ်သူ့ကိုများ ရင်ခုန်ဖူးခဲ့လို့လဲ၊ ဆရာနေရဲ့ ရုပ်ရည်၊ ပညာအတိုင်းအတာ၊ ဆရာနေရဲ့ ကြွယ်ဝမှု ဒါတွေကြောင့် ခေါင်းညိတ်တတ်တဲ့

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေထဲမှာ မြင့်မြတ်မော် မပါနိုင်ဘူး ဆရာနေ"

"No. . . No. . . ကျော်ဦးသာ. . . ကိုယ်တို့အားလုံး မှားနေကြတာ အဲဒါပါပဲ၊ မိန်းမတစ်ယောက် ကိုယ့်ကိုပြန်ချစ်ဖို့အတွက် ပညာ၊ ဓန၊ ရုပ်ရည် ဒါတွေကို အားကိုးရင် အိုကေမယ်လို့ ခံယူထားကြတာလေ၊ တကယ်တမ်းပြောရရင် အဲဒါတွေက အဓိက မဟုတ်ပါဘူး ကျော်ဦးသာ"

"မိန်းမတစ်ယောက်ရဲ့အချစ်ကို ရယူချင်ရင် မိန်းမတစ်ယောက်ရဲ့နှလုံးသားကို မြင်အောင်ကြည့်တတ်ရမယ်၊ အဲ့ဒီနှလုံးသားကို တွေ့အောင်ရှာတတ်ရမယ်၊ ဒါမှလည်း အဲ့ဒီနှလုံးသားကို ဆုပ်ကိုင်နိုင်မယ်လေ"

"Dream Smile မှာရော အပြန်လမ်းတလျှောက်လုံးမှာရော ကိုယ်ဟာ မြင့်မြတ်မော်ရဲ့နှလုံးသားကိုပဲ ရှာလာခဲ့တာပါ၊ အခု ကိုယ် မြင့်မြတ်မော်ရဲ့နှလုံးသားကို ရှာတွေ့သွားပြီ ကျော်ဦးသာ"

အတွေးနှင့်မျှော်ကြည့်ရင်း နေသစ် အားရစွာရယ်ပစ်လိုက်၏။

"အိုး. . . လုလိုက်တဲ့ခွင်လေး၊ ကိုယ်ဟာ ဘာလို့များ ရိုးယိုးရဲ့ယောက်ျား လာဖြစ်နေရတာလဲ ကံကြမ္မာရယ်"

ကျော်ဦးသာ နေသစ်ကို လန့်လာ၏။

နေသစ်၏မာယာတွေကို လန့်လာ၏။

"မနက်ဖြန် Sunday နေ့၊ ဂေါက်ကွင်းကအပြန်မှာ ကိုယ် ကျော်ဦးသာကို အိမ်ပြန်လိုက်ပို့ပေးမယ်၊ ပြီးရင် ကိုယ်တစ်ယောက်တည်းပဲ Dream Smile မှာ ရှိနေမယ်၊ ညဆယ်နာရီနှစ်ဆယ်လောက်





မှာ ကျော်ဦးသာ ကိုယ့်ဆီကို ဟယ်လိုလုပ်ပြီး ရေဒါထောက်လိုက်ပါ၊ တစ်ခုခုထူးခြားပါလိမ့်မယ် ကျော်ဦးသာ"

သည့်လူက . . .

ရိုးသားသော်လည်း မာယာများတတ်သူ. . .

ပြောသလိုလည်း လုပ်တတ်သည့်လူ . . .

သူ့ခြေလှမ်းတွေသည် အမြဲတစေ ကိုယ့်ကိုယ်ကို ယုံကြည်မှု အပြည့်နှင့် လူ. . . ပါလေ။

မြင့်မြတ်မော်၏နှလုံးသားအား အမျှ. . . အမျှ. . . ဟု ကျော်ဦးသာတစ်ယောက် စိတ်ထဲမှ မေတ္တာကျူးရင့်လိုက်မိ၏။

■



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အရ သည်ကနေ့ညမှာတော့ နေသစ်တစ်ယောက်တည်းပဲ Dream Smile မှာ လာထိုင်ဖြစ်သည်။ ခါတိုင်းထက် အချိန်နည်းနည်းယူဖြစ်သည်။ ခါတိုင်းထက် နည်းနည်းပိုသောက်မိလိုက်သည်။ ဒါမှလည်း. . . ခါတိုင်းထက် နည်းနည်းပိုမူးသွားဟန် ဖြစ်တော့မည်လေ။

ရီဝေဝေအတွေးထဲမှာတော့ မြင့်မြတ်မော်က နေရာယူထားသည်။ သည်ညမှာပင် မြင့်မြတ်မော်၏အချစ်ကို အရယူရမည်။ အိပ်ပျော်နေပြီထင်ရသော နဂါးတစ်ကောင်၏နှလုံးသားမာယာသည် လှုးလွန့်နိုးထလာခဲ့ပြီ။

အိပ်ထောင်ထဲမှ GSM ဖုန်းကို ပထမထုတ်ယူလိုက်မိ၏။ အချိန်က မကြာလိုက်. . .။ တဒင်္ဂမှာပင် အဆက်အသွယ်ရသွားသည်။ ထိုင်ရာမှထလိုက်သည်။ သူရှေ့ရှုရာက မြင့်မြတ်မော်ရှိရာ ကောင်တာအနီးမှာ. . .။

''အန်တီလေးလား. . . သမီးတို့ အိပ်ပြီလားလို့ပါ''

''ဘယ်အချိန်ရှိပြီလဲ. . . သားရဲ့. . . အိပ်ပြီပေါ့၊ နေသစ် . . . သားမူးနေပြီလား''

''နည်းနည်းပါ. . . အန်တီလေးရဲ့''

''သမီးတို့ကအိပ်နေပြီ၊ ဒီည. . . သား သူတို့နဲ့ စကားပြောချင်ရင်တော့ အိပ်မက်ထဲမှာပဲပြောတော့''

''ဟုတ်တယ်. . . အဲဒီအိပ်မက်ဆိုတာက ကျွန်တော့်ကို နှိပ်စက်နေတာ အန်တီလေး''

ဟမ်းဖုန်းကို Speaker ဖွင့်ထားပြီး တိုးတိုးပြောသည်။





ဒါပေမဲ့ မြင့်မြတ်မော်လည်း အကုန်ကြားစေရပါမည်။

''အန်တီလေးကို သား စိတ်ထဲမရှင်းတာလေး နည်းနည်းမေးစရာရှိလို့ပါ''

အန်တီလေး ငြိမ်နေသည်။

သည်လိုတိတ်ဆိတ်မှုကို သူပိုကြိုက်ပါသည်။

''ကျောင်းမှာတုန်းက ရှီးယိုးကို အသေအလဲကြိုက်ခဲ့ဖူးတယ်ဆိုတဲ့ ရှမ်းပြည်နယ်ကလေ၊ လားရှိုးကဆိုတာ. . . အဲဒါ. . . သူ့နာမည် ကျွန်တော်သိချင်လို့''

''ဘာဖြစ်လို့လဲ. . . အခု. . . သား. . . ဘာဖြစ်နေလို့လဲ''

''No. . . No. . . ဘာမှမဖြစ်ဘူး၊ ကျွန်တော်သိချင်တာ တစ်ခုပဲ''

''ဆယ့်သုံးလေးနှစ်တောင်ရှိခဲ့ပြီ သားရဲ့၊ သုံးလေးခါပဲ မြင်ဖူးတဲ့သူ၊ နေဦး. . . အန်တီလေး စဉ်းစားကြည့်ဦးမယ်''

''စိုင်းဟန်မိန်းမဟုတ်လား အန်တီလေး''

''အဲ. . . ဟုတ်တယ်. . . ဟုတ်တယ်. . . အဲဒီနာမည်ပဲ၊ သား. . . အခု သူနဲ့တွေ့နေလို့လား''

''မတွေ့ဘူး အန်တီလေး၊ စိုင်းဟန်မိန်းကိုလည်း ကျွန်တော် မမြင်ဖူးပါဘူး၊ နောက်ပြီး ကျွန်တော် ထိုင်တဲ့ဆိုင်ကလည်း သူ ဘယ်တော့မှ မလာနိုင်တဲ့ဆိုင်ပါ၊ နန်းရှေ့ကလေ Dream Smile တဲ့၊ အဲဒါပဲနော်၊ Good Night အန်တီလေး''

ဖုန်းပိတ်ပြီး သူ ခဏလေး တွေတွေကြီး ရပ်နေလိုက်သည်။ ပြီးမှ မြင့်မြတ်မော်ရှိရာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ဝန်းခသည့်မျက်ဝန်းအစုံနှင့် မလွဲမဖယ် မှင်သက်ငေးမောစွာ သူ့ကိုကြည့်နေသော မြင့်မြတ်မော်။ အသက်မဲ့အပြုံးတစ်ခုကို နေသစ် တမင်ပြုလိုက်သည်။ မြင့်မြတ်မော် ပြန်ပြုံးပြရှာ၏။

''ကမ္ဘာကြီးက တကယ့်ကိုပဲကျဉ်းလိုက်တာ မြင့်မြတ်မော်၊ တစ်ချိန်တုန်းက လားရှိုးက မြင့်မြတ်မော်ရဲ့ အမျိုးသားဟာ စိုင်းဟန်မိန်းဆိုတာလား''

မြင့်မြတ်မော် ခေါင်းညိတ်ပြရှာသည်။ သည်လို တုံ့ပြန်ခြင်းသည် သူ့တစ်ကိုယ်လုံးကို စကြဝဠာအပြင်ဘက်ထိ လွင့်စင်သွားစေလောက်ပါသည်။ နှုတ်ခမ်းထက်မှ အနီရောင်စကားတစ်ပွင့် ဆက်လက်ခြွေချ၏။

''ရှင့်အမျိုးသမီးရဲ့နာမည်က ရှီးယိုးမဟုတ်လား''

''ဟုတ်တယ် . . . ဟုတ်တယ် မြင့်မြတ်မော်၊ ဘာဖြစ်လို့ဒါတွေ ဒီလိုတိုက်ဆိုင်နေရတာလဲဟင်''

အမှန်က ဘာမှမတိုက်ဆိုင်ပါ၊ နေသစ် မာယာတွေ စ,နေပြီလေ။

''ကိုယ် တစ်ခုလောက်တောင်းဆိုပါရစေ မြင့်မြတ်မော်၊ ကိုယ့်ကို မငြင်းပါနဲ့နော်၊ ဘာပြောရမှန်းမသိပေမယ့် ခုချိန်မှာ ကိုယ် မြင့်မြတ်မော်နဲ့ သိပ်စကားပြောချင်နေတယ်''

''ကျွန်မလည်း ကိုနေသစ်နဲ့ စကားပြောဖို့ စိတ်ဝင်စားပါတယ်''

ပြီးပြီပေါ့။ လေနဲ့ရေနဲ့က ငြိကြတော့မည်လေ။

မြင့်မြတ်မော်သည် နေသစ်နှင့်အတူ စားပွဲဝိုင်းကလေးရှိရာ





လိုက်လာရှာ၏။ လှမ်းနေသော ရွှေအိုရောင် ခွာမြင့်ဖိနပ်လေး၏ အောက်မှာ ပိုက်ကွန်ကွက်လေးတွေရှိနေသည်ကို သူမ မသိနိုင်ရှာပါလား . . .။

■



www.burmeseclassic.com

www.burmeseclassic.com



မာကျူရီ အလင်းဖျော့အောက်မှာ မြင့်မြတ်မော်၏ မျက်နှာလေးက လက်လက်ဖိတ်ဖိတ်နှင့် အလှကြီးလှနေ၏။

ဆင်စွယ်နှစ် လက်မောင်းဖွေးဖွေးလေးတွေနှင့်ပါလား...။ ပန်းနုရောင် ပိုးပျော့လက်ပြတ်အင်္ကျီက မဆိုသာရုံလေး နည်းနည်းဟိုက်နေ၏။ အမျိုးသမီးက ရိုးယိုးလို ပါးပါးလုပ်လုပ်မဟုတ်။ ပြည့်ပြည့်တင်းတင်းနှင့် ဖယောင်းသားဗီနပ်စ်ရုပ်တု တစ်ခုနှယ်...။

"တစ်နေ့မှာ ဒပ်ဖရင်ဆေးရုံကြီးကို လူနာနှစ်ယောက် ရောက်လာခဲ့တယ်တဲ့၊ ပထမရောက်လာတဲ့လူနာက ခြေနှစ်ဖက်လုံး ဒူးဆစ်က ပြတ်သွားရှာတဲ့လူနာ၊ နောက်တစ်ယောက်က လက်နှစ်ဖက်လုံး တံတောင်ဆစ်က ဖြတ်လိုက်ရတဲ့လူနာ။ ခြေထောက်နှစ်ဘက်ပြတ်သွားရှာတဲ့သူက ခြေထောက်ပိုင်းဆိုင်ရာ အခန်းတစ်ခုမှာ၊ လက်နှစ်ဘက်ပြတ်သွားတဲ့သူကလည်း သီးခြားအခန်းတစ်ခုမှာ...။ နှစ်ဦးစလုံးဟာ သီးခြားအခန်းတစ်ခုစီမှာပဲ သူတို့ဘဝတွေတော့သွားပြီဆိုပြီး စိတ်ဓါတ်တွေကျ ... ညည်းညူခံစားနေကြရတယ် ...တဲ့ "





" အဲဒီတုန်းက ဒပ်ဖရင်ရဲ့ ဆေးရုံအုပ်ကြီးက ဂျေဆင်ဆန့်တဲ့ စကော့တလန်သားကြီးပါ၊ သူဟာ စိတ်ဓါတ်တွေကျပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ဖို့တောင်စိတ်ကူးနေကြတဲ့ အဲဒီလူနာနှစ်ယောက်ကို တစ်ခန်းထဲမှာပဲ အတူထားလိုက်တယ်။ အဲဒီမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး သူတို့စိတ်တွေဟာ ပြောင်းသွားကြတယ် ။ ဒါ ...ကျွန်တော် ချုံ့ပြောလိုက်တာနော်၊ တဖြည်းဖြည်းနဲ့ သူတို့နှစ်ယောက်ဟာ လန်းဆန်းတက်ကြွလာကြတယ်၊ ကုသမှုတွေခံယူပြီး ဆေးရုံကဆင်းရတဲ့ အချိန်မှာတော့ ရီနာဆိုတဲ့ တံတောင်ဆစ်ကနေ လက်နှစ်ဖက်မရှိတော့တဲ့သူဟာ ဂျွန်တယ်ဆိုတဲ့ ဒူးဆစ်ကနေ ခြေနှစ်ဖက်လုံး မရှိတော့တဲ့သူကို ကျောပိုး ခဲ့ပြီး ဆင်းချလာခဲ့ကြတယ်...၊ ချို့ယွင်းပျက်စီးသွားတဲ့ အင်္ဂါအစိတ်အပိုင်းတွေဟာ သူတို့မှာ မရှိကြတော့ဘူးလို့ နားလည်သွားကြပြီး လောကကြီးထဲကို ရင်ဆိုင်လျှောက်လှမ်းကြတော့တာပါပဲ"

နေသစ် ဘာကိုဆိုလိုမှန်း မြင့်မြတ်မော် သဘောမပေါက်နိုင်သေး၊ ဒါပေမယ့် စိတ်ဝင်စားဖို့ကောင်းပါသည်။

"ကိုယ့်မှာ ဒဏ်ရာတွေ အပြည့်နဲ့ပါ မြင့်မြတ်မော်၊ ကိုယ်လေ ညရောက်မှာကို အမြဲကြောက်နေခဲ့တယ် မြင့်မြတ်မော်"

နေသစ်စကားက မြင့်မြတ်မော်၏နှုတ်ခမ်းကလေးကို ဝလုံးလေးလို ဝိုင်းသွားစေ၏။

"ဒါ...ဒါဆို ကိုနေသစ်အမျိုးသမီးကရော သူ...သူ့နာမည်ကို အိပ်မက်ယောင်ပြီး ညည်းခဲ့တယ်ပေါ့...ဟုတ်လား...ကိုနေသစ်"



www.burmeseclassic.com

www.burmeseclassic.com



နေသစ် ဆင်ထားသောခွင်ထဲမှာ မြင့်မြတ်မော် တိုးဝင်လာခဲ့ပြီ။

နှလုံးသားကို ရေအစုန်မှာ လှေကြုံလိုက်ပစ်လိုက်၏။

နေသစ် ခေါင်းညိတ်ပြလိုက်တော့ မြင့်မြတ်မော် တုန်လှုပ်သွားသည်။

''အမြဲတမ်းမဟုတ်ပါဘူး မြင့်မြတ်မော်၊ ကိုယ်တို့ အိမ်ထောင်ကျစ နှစ်နှစ်လောက်မှာ သုံးခါတိတိ သူ အိပ်မက်ယောင်ပြီး ညည်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် ဘယ်လိုပြောရမလဲ၊ အဲဒီကစပြီး တစ်ရေးနိုးတာနဲ့ ကိုယ်ဆက်အိပ်လို့မရတော့ဘူး။ ဘယ်အချိန်များ ကျောချင်းကပ်လျက်က ညည်းလိုက်တဲ့အသံ ကြားရမလဲဆိုပြီး စိုးထိတ်တဲ့စိတ်နဲ့ အိပ်မရနိုင်ခဲ့ပါဘူး မြင့်မြတ်မော်၊ ကဲ. . . ဒီအကြောင်းတွေကို ကိုယ် ဘယ်သူ့ကိုများ ဖွင့်ပြောလို့ရမှာတဲ့လဲ မြင့်မြတ်မော်''

''တော်. . . တော်ပါတော့ ကိုနေသစ်ရယ်၊ ဖြစ်မှဖြစ်ရလေတယ်ရှင်''

အမှန်စင်စစ် ရိုးယိုးသည် သူပြောသလို အိပ်မက်ယောင်ဖို့ နေနေသာသာ စိုင်းဟန်မိန်းဆိုသည့်အမည်ကို မှတ်မိရာတော့မည်ပင် မဟုတ်။ မဟုတ်ကဟုတ်က နေသစ်၏မုသားစကားတွေအောက်မှာ မြင့်မြတ်မော် အရည်ပျော်ကျသွား၏။ မြင့်မြတ်မော်သည် နေသစ်အား ရှုးရှူးနှစ်နှစ် ထိထိခိုက်ခိုက်ကြီး ကြည့်နေရှာသည်။ သည်အကြည့်တွေထဲမှာ စာနာခံစားခြင်းနှင့် သဒ္ဓါကြွံခြင်းတွေကို နေသစ် မြင်လိုက်ရပါပြီ။

စားပွဲပေါ်မှာချထားသော မြင့်မြတ်မော်၏လက်ကလေးကို





နေသစ်က ဆုပ်ကိုင်လိုက်၏။

''ကိုယ်တို့နှစ်ဦးစလုံးဟာ ပြင်းထန်တဲ့ ဒဏ်ရာကိုယ်စီရခဲ့တဲ့ သူတွေပါ မြင့်မြတ်မော်၊ စောစောက ကိုယ်ပြောခဲ့တဲ့ ဒပ်ဖရင်ဆေးရုံကြီးက မှတ်တမ်းတစ်ခုလိုပါပဲ၊ မြင့်မြတ်မော်ဟာ ခြေနှစ်ဖက်ဆုံးရှုံးလိုက်ရတဲ့ ဂျွန်တယ်ရီပါ၊ ကိုယ်ကတော့ လက်နှစ်ဖက် ဆုံးရှုံးလိုက်ရတဲ့ ရီနာပါ၊ တယ်ရီနဲ့ရီနာလိုပဲ၊ ကိုယ်လည်း မြင့်မြတ်မော်ကို သယ်ပိုးပြီး ကိုယ့်ခြေထောက်တွေနဲ့ လျှောက်လှမ်းပါရစေ၊ မင်းက လက်တွေနဲ့ ကိုင်တွယ်ထိန်းမတ်ပေးပါလား မြင့်မြတ်မော်''

''အို. . . ကိုနေသစ်ရယ်''

ပြီးပြီပေါ့။ ထိချက်ပြင်းတော့လည်း ပွဲသိမ်းက မြန်ခဲ့ပြီ။ ရွှေတောင်ဟုထင်ရသော သူ့စကားမီးလျှံတွေအောက်မှာ မြင့်မြတ်မော်တစ်ယောက် တောင်ပံတွေလောင်ကျွမ်းခဲ့ရပြီ။ နေသစ်သည် ဒပ်ဖရင်ဆေးရုံကြီးလည်း အငြိမ်မနေခဲ့ရ။ သူနှစ်သက်သော ကမ္ဘာကျော်ဘောလုံးသမားတွေကိုလည်း ဆေးရုံအုပ်ကြီးဖြစ်လိုဖြစ်၊ ခြေပြတ်တဲ့သူပြတ်၊ လက်ပြတ်တဲ့သူပြတ်နှင့် တွေ့ကရာလုပ်ဇာတ်ကို လက်တန်းပြောကာ သူ့ခွင်ထဲ မရောက်ရောက်အောင် ဆွဲသွင်းသွားခဲ့ခြင်းပါလား. . .။

နေသစ်က အဲလိုမျိုးပါလေ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



နေသစ် နာရီကို မသိမသာငဲ့ကြည့်လိုက်သည်။

ညဆယ်နာရီနှင့် မိနစ်နှစ်ဆယ်စွန်းစ အချိန်. . .။

လက်ကိုင်ဖုန်းမှ အသံမြည်လာ၏။

နံပါတ်ကိုကြည့်လိုက်သည်။

''ကျော်ဦးသာ ဖုန်းဆက်တယ်၊ ကျေးဇူးပြုပြီး ကိုယ့်ကို ကူပါဦး၊ မြင့်မြတ်မော် ပြောပေးပါကွာ''

မြင့်မြတ်မော် ဖုန်းကို ကောက်ကိုင်လိုက်သည်။

လွတ်သွားသော ဘယ်လက်ကလေးအား နေသစ်က လက်နှစ်ဖက်နှင့် ဖွဖွလေး အုပ်ကိုင်ထားလိုက်၏။

''ဟယ်လို. . . မြင့်မြတ်မော်ပါ''

''မြင့်မြတ်မော်ဟုတ်လား၊ ငါ ကျော်ဦးသာပါ၊ ဆ. . . ဆရာ နေရော. . .''

''ကိုနေသစ်လား. . . ရှိတယ်၊ ငါနဲ့အတူထိုင်နေတာ၊ သူက





လက်မအားလို့ ငါ့ကိုပြောခိုင်းတာပါ''

''လက်မအားဘူး. . . ဘယ်. . . ဘယ်လို. . . ဘာလို့ လက်မအားရတာလဲ''

''သူက. . . အဲ. . . ငါ့လက်ကို ကိုင်ထားတာလေ''

ပြောအပြီးမှာ မြင့်မြတ်မော် ဖုန်းပိတ်ပစ်လိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



နေသစ် ▸ ၈

မိတ်ဆွေ ကျူရှင်ဆရာ ဦးစောနေဝင်း၏အလှူက ညပိုင်းမှာ သစ်လွင်အငြိမ့်နှင့် ဧည့်ခံသည်။ အငြိမ့်စကာစမှာပင် အလှူ့ဒါယကာတို့ကို နှုတ်ဆက်ကာ ပြန်လာခဲ့၏။ နေသစ် အိမ်ပြန်ရောက်တော့ ညကိုးနာရီခွဲနေပြီ။

မုန်တင်ခုံရှေ့မှာ ရေမိုးချိုးလျက် ယခုအချိန်မှ နှုတ်ခမ်းနီလေး ဆိုးနေရှာသော ရိုးယိုးကို တွေ့လိုက်ရ၏။ ခမြာ ဆိုင်အလုပ်နှင့် တစ်နေကုန်မနားရရှာ။ အိပ်ရာဝင်ခါမှ သန့်သန့်ရှင်းရှင်း အေးအေးချမ်းချမ်း နေရရှာသည်လေ။

ခါးသာသာရှိသည့် ဆံနွယ်ပျော့ပျော့တွေကို ဖားလျားချထားသည်။ ခေါင်းငုံ့ထားတော့ မျက်နှာတစ်ခြမ်း အုပ်မိနေ၏။ ပါးပါးလျားလျား ညဝတ်အင်္ကျီနှင့် နက်မှောင်ဖြောင့်စင်းသော ဆံပင်ရှည်





ကြီးကို ဖြီးသင်နေသည်။ နေသစ် ရင်ခုန်စွာနှင့် နောက်မှ သိုင်းဖက်လိုက်၏။

''ဗိုစောရဲ့အလှူက ပြန်လာတာ၊ သူ့မှာ သားနှစ်ယောက်တောင်မှဆိုတော့ ရှင်ပြုလို့ရတာပေါ့ ယိုးရယ်''

ဆံစတွေ အကွယ်အလွတ်ကြားမှ ရိုးယိုးက နေသစ်ကို ငုံ့ကြည့်သည်။

''ကိုယ်လည်း သူ့လိုပဲ သားယောကျ်ားလေး ရချင်လိုက်တာကွာ''

ရင်ခွင်မှာ ခေါင်းဝှက်ကာ ရိုးယိုးက တိုးတိုးလေးဆိုသည်။

''ကြိုးစားကြည့်လေ''

''ဒေးတို့''

GHOST ရုပ်ရှင်ကားထဲက ပက်ထရစ်ဆွာဇီပြောသလိုပါပဲ။ သူနှင့် ရိုးယိုးတို့ကလည်း သည်စကားလုံးလေးနှင့် သင်္ကေတပြုထားသည်။ ''ဒေးတို့''ဟု ရိုးယိုးက တိုးညင်းစွာတုံ့ပြန်သည်။

နေသစ်က စီဒီကို စီဒီစက်ထဲသို့ ထည့်လိုက်၏။ ခရမ်းဖျော့အခန်းမီးရောင်အောက်မှာ သီချင်းသံက ဖျော့ဖျော့ငြိမ်ငြိမ်လေး စီးမျောလာသည်။ ဒါကလည်း သူနှင့် ရိုးယိုးတို့၏ သင်္ကေတ။ သည်သီချင်းလေးက သူတို့နှင့်အတူ အချစ်ရေအလျဉ်မှာ စီးမျောနေကျသီချင်းလေး။ GHOST ရုပ်ရှင်ကားထဲက အမိက ဇာတ်ဝင်သီချင်း. . .။

The Righteous Brothers: ဆိုတဲ့ . . .

"Unchained Melody" လေ. . .။



www.burmeseclassic.com

www.burmeseclassic.com



နေသစ်က ရိုးယိုး၏ရင်ခုန်ခြင်းကို အသေးစိတ်ကအစ ချည်နှောင်ထားခဲ့သူပါလေ. . .။

Oh, my love . . . my darling . . .

I've hungered for your touch . . .

along lonely time

and time goes by so slowly . . .

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .

. . . . . . . . . . . . . . .

■





သည်ဘက်အုပ်စုက ပြင်သစ်အုပ်စု . . .

ဟိုဘက်အုပ်စုကတော့ ထိုင်းအုပ်စု . . .

ထိုင်းတွေရဲ့ ဟိုဘက်မှာတော့ အမေရိကန်တွေပဲ ဖြစ်မည်ထင်၏။ ဟိုးဘက်မှာကျတော့ အလှမ်းဝေးသွားပြီ။ သူတို့နှင့် အနီးဆုံးမှာတော့ ဂျပန်သုံးယောက်။ တိုး (နိုင်ငံခြားသား ကမ္ဘာလှည့်) တွေ တစ်စတစ်စနှင့် အယောက်သုံးဆယ်ကျော်လောက် ရှိလာပြီ။ မကြာမီ နေဝင်တော့မည်။ တောင်ထိပ်ရင်ပြင်ပေါ်မှ နေလုံးကြီး ပျောက်သွားသည့်အလှကို တခုတ်တရ ခံစားကြမည်တဲ့လေ. . .။ အားလုံးက ကမ္ဘာသုံးစကား အင်္ဂလိပ်လိုပဲ ပြောကြသည်။

ပြင်သစ်သုံးယောက်အနီးမှာ တစ်ဦးကို တွေ့ရသည်။

အဲ. . . တစ်ဦးမဟုတ်။ တစ်ပါးလို့ပဲ ပြောရမည်။

ဦးပဉ္စင်းတစ်ပါး. . . တောင်ထိပ်ရင်ပြင်ပေါ်မှာ. . . မျက်ရည်စတွေနှင့်။ ပြင်သစ်အုပ်စုက စပ်စုတတ်ပုံရ၏။ ကိုယ်တော်ကို မျက်မှောင်ကျုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"Sorry...because of my cry"

"No...No...No...problem"

''သူ မျက်ရည်ကျမိလို့ စိတ်မကောင်းပါဘူး'' လို့ ကိုယ်တော်က သူပြောတတ်သလိုပြောတော့ ပြင်သစ်တစ်ယောက်ကလည်း ကိစ္စမရှိပါဘူးဟု ပြန်ပြောသည်။

"I am cry...because of ...

my...brother...die"

ကိုယ်တော်က သူ့အစ်ကိုတော်သေလို့ သူမျက်ရည်ကျရကြောင်း သူပြောတတ်သလိုပြောသည်။ သည်အထိ ပြဿနာက မရှိသေး။ ဆက်ပြောသောစကားကြောင့် နေသစ် ခေါင်းနဘမ်းကြီးသွားသည်။

"I am Monk...

My brother is Monk...,

now, ...fly monk...fly monk"

"Oh!..."

ကိုယ်တော်က ဘုန်းကြီးပျံကို သူပြောတတ်သလို ပြောချလိုက်တော့ အဓိပ္ပါယ်က လေထဲမှာပျံနေသော ဘုန်းကြီးဖြစ်သွားသည်။ ပြင်သစ်သုံးယောက် တအံ့တသြနှင့်. . .၊ ကိုယ်တော့်စကားကို မျက်လုံးပြူး မျက်ဆံပြူး စိတ်ဝင်စားသွားသည်။

"Oh! ... in the sky!"

''အင်သည့်စကိုင်း. . .''

''ဟုတ်တယ်. . . စစ်ကိုင်းမှာ. . . မန္တလေးမှာမဟုတ်ဘူး။





အဲ. . . အဲ. . . ရက်စ်. . . ရက်စ်''

ပြင်သစ်က တအံ့တသြနှင့် ခြေထောက်ကလေး ခုန်ဆွခုန်ဆွလုပ်ကာ လက်နှစ်ဘက်ကို ငှက်တောင်ပံလို ခတ်ပြပြီး ''ဖလိုင်း. . . ဖလိုင်း'' ဟု မေးသည်။ ကိုယ်တော်က "No...No" ဟု ပြောသည်။ ပြင်သစ်က ခြေစုံရပ်ကာ ကိုယ်ကို တစ်ပတ်လှည့်ကျောပေးပြီးသကာလ လက်နှစ်ဖက်ကို နောက်ပြန် အသာလေး တောင်ပံခတ်ဟန်ပြုကာ ဖလိုင်း ပြပြန်သည်။ ကိုယ်တော်ကလည်း ''နိုး. . . နိုး'' ဟု ပြောပြန်သည်။

''ဒီလို. . . ဒီလို. . . အဲလိုပြောတာမဟုတ်ဘူး၊ အဲ. . . အဲ . . . Fly Monk . . . အဲ . . . fly Monk is . . . is . . . အဲ. . . အဲ. . . ဘယ်လိုပြောရမလဲ. . . အဲ. . . eye close . . . eye close. . ., အဲ. . . အဲ. . . . Body is lie . . . on the bed . . . အဲ. . . အဲ. . . . Body is staight line. . . ''

အဲဒီမှာ ပိုရှုပ်ကုန်ပါရော။

ကိုယ်တော်က သူပြောတတ်သလို ဘရုတ်ကင်းနဲ့မှတ်တာ၊ ဘုန်းကြီးပျံဆိုတာ စက္ခုအာရုံပိတ်ပြီး ကုတင်ပေါ်မှာ လဲလျောင်းလျက်ပါလို့ပြောတာ၊ ကိုရွှေပြင်သစ်တွေရဲ့ အာရုံမှာတော့ ဘုန်းကြီးဟာ မျက်စိမှိတ်ပြီး ကုတင်ပေါ်လှဲ. . .၊ မျဉ်းဖြောင့်အတိုင်း ဝိုးကနဲပျံတယ်လို့မြင်မိမှာပါပဲ၊ ဗိုဆိုးသွားတာက "Fly Monk . . . fly Monk. . . where!. . . where! " ဆိုပြီး လက်အုပ်လေးတွေချီလို့ ထိုင်းတွေအနားရောက်လာကြတော့. . . ဦးပဥ္စင်းခမြာ ချွေးတွေ အတောင့်လိုက်ထွက်လာရှာပါရော. . .။ နေသစ်လည်း ဝင်ရှင်းပြရကောင်းမလား



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားနေဆဲမှာပဲ ပြင်သစ်သုံးယောက်ရဲ့ Guide ဆိုတဲ့ ညှော်လမ်းညွှန် က ကင်မရာခွန်ဆောင်ရာက ပြန်ရောက်လာတော့မှ ကိုယ်တော်လည်း နေရာက ခပ်သုတ်သုတ် လစ်ရှာပါရော...။ ခန္ဓာကလစ်သွား ပေမယ့် ပြဿနာတော့ ထားရစ်ခဲ့ပါရဲ့...။ ပြင်သစ်တွေရော ထိုင်းတွေ ရောက နေဝင်တာမကြည့်တော့ပဲ မိုးပေါ်ပျံတဲ့ ဘုန်းကြီးနောက်ကိုပဲ လိုက်ကြည့်ကြမယ် တကဲကဲဖြစ်နေကြတယ်လေ...။

''တခြားနိုင်ငံကလူတွေ အမြင်မှားကုန်ပါ့မယ်... ခင်ဗျား ကပဲ သူတို့နားလည်အောင် ပြောပြလိုက်ပါ၊ ဟို ဦးပဉ္စင်းပြောပြတဲ့ ဘုန်းကြီးပျံဆိုတာကို သူတို့က မိုးပေါ်ပျံတဲ့ဘုန်းကြီးလို့ ထင်နေကြတာ ပါ''

မြင့်မြတ်မော်က နေသစ်လက်မောင်းကို ဖတ်ကနဲဆွဲကိုင်က မို့တွယ်လိုက်၏။ မျက်လုံးဝေ့ကြည့်တော့ တောင်ထိပ်ရင်ပြင်ပေါ် လှမ်း လာသော ချာတိတ်တစ်ယောက်။ Dream Smile မှာ အမြဲထိုင်တတ် သည့် ချာတိတ်၊ မျက်မှန်းလည်းတန်းမိနေပြီ...။

''အောက်မှာ ကားကိုတွေ့လို့တက်လာကြည့်တာ မမော်က ဆရာနေနဲ့ကိုး''

နေသစ်က လူမှုရေးအရ အပြုံးတစ်ခုနှင့် တုံ့ပြန်၏။

ချာတိတ်က နှုတ်ဆက်ကာ ပြန်လစ်သွားသည်။

ဝေးသွားသောကျောပြင်ကိုကြည့်လျက် နေသစ် သက်ပြင်း ချသည်။

''ဒီအချိန် ဒီတောင်ထိပ်မှာ လူရှင်းတယ်၊ ဖော်ရင်နာတွေ နဲ့ပဲ ပြည့်နေတယ်၊ လူတွေကြားကိုရှောင်ကာမှ အသိနဲ့တွေ့ရသေး

ကြောင်နှစ်ကောင်စာအုပ်တိုက်



တယ်၊ ကိုယ်တို့ဘဝ နယ်ကျဉ်းလိုက်တာဟန်နီရယ်''

မြင့်မြတ်မော် ပင့်သက်မောကိုပြုရင်း နေသစ်၏လက်မောင်း ထက်မှာ ခေါင်းဝှက်မှီနွဲ့လိုက်၏။

''အခုလို တွေ့ရတဲ့အချိန်မှာ ဟန်နီ ဘယ်သူ့ကိုမှ သတိမရ ရဘူးနော်၊ ကိုယ်ပဲဖြစ်နေရမယ်၊ စိုင်းဟန်မိန်းကိုလည်း ဟန်နီ ခေါင်း ထဲကထုတ်ထားနော်''

မြင့်မြတ်မော်၏ကိုယ်ကလေး ဆတ်ကနဲ ဖြစ်သွားသည်။ သည် အခိုက်မှာပင် ဟန်းဖုန်းတစ်လုံးနှင့် ချာတိတ်လေးတစ်ယောက် သူတို့အနား ရောက်လာပြန်သည်။ နှစ်ဦးသား ငဲ့ကြည့်မိ၏။ တော်ပါ သေးရဲ့။ အသိမဟုတ်လို့...။

''ဟယ်လို... မီးလား... ဟာကွာ ထွက်မလာသေးဘူး လား၊ မြန်မြန်လာခဲ့တော့ကွာ၊ ဖော် ရင်ပြင်ပေါ်ရောက်နေပြီ၊ ဒါပဲနော် မလာမချင်းစောင့်နေမှာနော်၊ မော့်ကြည့်လိုက်လေ၊ ဖော့်လည်ပင်းကြီး ရှည်ထွက်လာလို့ တောင်ကြီးကိုတောင် ပတ်လို့ရတော့မယ်၊ မပိုပါဘူး မီးရဲ့၊ လိုတောင်လိုပါသေးတယ်၊ ဒါပဲနော်၊ ထွက်ခဲ့တော့နော်၊ ဖလိုင်း ကစ်... အိုကေ... အိုကေ...''

ချာတိတ်က ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်၊ သူတို့ နံဘေး ရပ်ကာ နားကျပ်လေးတပ်လျက် MP.4 နှင့် ငြိမ့်နေသည်။ ဩော်... လူငယ်ဘဝ... အားကျစရာ... လွတ်လပ်မှုတွေ တစ်ပွေ့တစ်ပိုက် နှင့်။ သူတို့မှာသာ ...။

အခွင့်သာခိုက်မှာ မဟာအခွင့်အရေးတစ်ခုရဖို့ နေသစ် တိုက်စစ်ဆင်တော့မည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"အဲဒီ အရွယ်လေးတွေလိုဆို သိပ်ကောင်းမှာပဲ ဟန်နီရယ်၊ တကယ်တမ်းစဉ်းစားကြည့်ရင် ကိုယ်တို့နှစ်ယောက်မှာ ဘယ်နေရာမှာ တွေ့ရမလဲဆိုတာက problem ဖြစ်နေတာနော်"

"မန္တလေးမှာတော့ နှစ်ယောက်လုံး မိုင်းတွေနဲ့ချည့်ပဲ၊ ယူ စိတ်ကူးယဉ်ချင်ရင်တော့ တစ်ခြားမှာပဲရှိမယ်"

"ကိုယ်တို့ ရန်ကုန်ကိုသွားမလား ဟန်နီ"

မြင့်မြတ်မော် ပခုံးကလေးတွန့်သွား၏။

ပြုံးစစမျက်နှာနှင့်. . .။

"မသွားရဲပါဘူး. . . ယူ့ကိုကြောက်တယ်"

နေသစ် အခုမှ လန်းသွားသည်။

မြင့်မြတ်မော်ကား သူ့မာယာထဲဝင်လာပြီ။

"အိုကေ. . . ကိုယ်စဉ်းစားလို့ရပြီ၊ ရန်ကုန်သွားမယ်၊ ရန်ကုန်မှာ ကိုယ်တို့ လွတ်လပ်စွာ ပျော်သန်းလို့ရတယ်၊ ဘယ်သွားသွား ဘယ်လာလာ. . ."

မြင့်မြတ်မော် ကျေနပ်စွာလက်ခံပါသည်။ ရောက်ကတော့ တောင်ပံမကျိုးဘဲ ပိုလှလာသည့်တောင်ပံနှင့်၊ ကြောင်ကလည်း ခံတွင်း မပျက်ပါဘဲ အစာဝနေပါလျက်. . .။

"သွားတာတော့ဟုတ်ပါပြီ၊ ဘယ်မှာတည်းမလဲ ယူ"

"City Star ဟော်တယ်မှာတည်းမယ်"

"မြတ်မော်ကို ယူ လက်ထပ်မှာလား"

"အို. . . ကိုယ်အကြားချင်ဆုံးစကားပါပဲ၊ ရန်ကုန်ရောက်ပြီး နောက်ရက်မှာ လက်ထပ်မယ်၊ ဘာလိုသေးလဲ ဟန်နီ"





မြင့်မြတ်မော် ရှေ့ကိုမျှော်ကာစဉ်းစားနေ၏။

အတွေးက ရင်ခုန်စေလောက်ပြီ. . .။

"အဲလိုလုပ်မယ်ဆိုရင်တော့ ပြောစရာတွေရှိလာပြီ။ ပထမ ယူ့ရဲ့ရေခဲတုံးကြီး ရိုးယိုးကို ယူ ဘယ်လိုလုပ်မလဲ"

"ဟန်နီနဲ့ ကိုယ်နဲ့လက်ထပ်ဖို့က ပထမပါ၊ အချိန်လေးတော့ နည်းနည်းပေးရမယ်၊ ရိုးယိုးကို စိတ်ကုန်အောင်လုပ်ပြီး ကိုယ် ကွာရှင်း ပစ်မယ်"

နေသစ် မုသားဆိုသည်။

စင်စစ်. . . သူသည် ရိုးယိုးကို ဘယ်သောအခါမှ မစွန့်လွှတ် နိုင်ပါ။ သမီးလေးနှစ်ယောက်ကိုလည်း မည်သည့်နည်းနှင့်မျှ မစွန့် လွှတ်နိုင်ပါ။ မြင့်မြတ်မော်တစ်ယောက် ညာတာကို ညာမှန်းမသိ ယုံ နေမိသည်။ ယုံတတ်လို့ ပုံအပ်က မှားတော့မည် မြင့်မြတ်မော်။

"ကဲပါ. . . ဟန်နီရယ်၊ အဲဒါတွေ ကိုယ့်အပိုင်းပါ၊ ဟန်နီ့ ခေါင်းထဲ မထည့်ပါနဲ့၊ ကိုယ့်ကြောင့် ဟန်နီ လန်းနေတာပဲ မြင်ချင် တယ်ကွာ"

နေသစ်၏လက်ကို မြင့်မြတ်မော်က တင်းတင်းဆုပ်ကိုင်လိုက် ၏။

"ယူ့ဘက်က အဲလိုပြတ်သားနေတော့ မြတ်မော် ယူ့ကို ဖွင့်ပြောစရာရှိလာပြီ၊ လာမယ့်လဆန်းပိုင်းမှာ စိုင်းဟန်မိန်း သူ့မိဘ တွေနဲ့ ရောက်လာတော့မယ်. . . ယူ. . ."

"ဘာ"

■

www.burmeseclassic.com



''ဘာ. . . ဘာလုပ်ဖို့လာမှာတဲ့လဲ ဟန်နီ''

''မြတ်မော်နဲ့ ပြန်ပေါင်းဖို့ပါ၊ လူကြီးချင်းက အရမ်းရင်းနှီးကြတယ်၊ မြတ်မော်တို့ ကွာရှင်းပြီးကတည်းက ညှိနှိုင်းနေခဲ့ကြတာ အခုထိပါပဲ၊ မြတ်မော်က သူ့အခြေအနေကို စောင့်ကြည့်နေခဲ့တာပါ။ မြတ်မော် သူ့ကို စွန့်ခွာခဲ့တဲ့အချိန်က စပြီး သူ အရမ်းနောင်တရသွားခဲ့တယ်၊ အရက်လည်း လုံးဝမသောက်တော့ဘူး၊ ဘာသာရေးလည်း လုပ်တယ်၊ စီးပွားရေးလည်း တအားကြိုးစားခဲ့တယ်၊ အခုဆို သူ တော်တော်ချမ်းသာသွားပါပြီ၊ ချမ်းသာတာက အဓိက မဟုတ်ပါဘူး၊ ဆယ်ရက်တစ်ကြိမ် မြတ်မော်ရှိရာ ရောက်လာပါတယ်၊ အိမ်ကိုပဲ လာတာလေ၊ ညီမလေးတစ်ယောက်လို သူငယ်ချင်းကောင်း တစ်ယောက်လို ကူညီစောင့်ရှောက်ခဲ့တာ အခုထိပါပဲ။ အဲဒီမေတ္တာတရားကြောင့် မြတ်မော် သူ့အပေါ် သစ္စာမဖောက်ခဲ့တာပါ''

''ယူနဲ့တွေ့တော့မှ ယူ့အပေါ် ကရုဏာပိုပြီး မြတ်မော် ဘာဖြစ်လို့ဖြစ်သွားမှန်း မသိခဲ့တာလေ၊ နောက်လဆန်းမှာပဲ သူနဲ့ မြတ်မော် ပြန်ပေါင်းကြဖို့ ဖေဖေတို့က စီစဉ်ပြီးကြပြီ၊ ကဲ. . . ယူ. . . မြတ်မော်တို့ ဘယ်လိုဆက်ကြမလဲဟင်''





အိုး. . . ပျော်စရာကောင်းလိုက်တာ။ ကံကြမ္မာကိုက ကိုယ့်ဘက်မှာပါလား၊ ဘာမှတောင် ကြိုးစားစရာမလို။ ရန်ကုန်မှာ အရာအားလုံးကိုမေ့ထားလျက် အသဲချင်းဖလှယ်ကြမည်။ မန္တလေးပြန်လာမည်။ ပြန်ရောက်မှ ဟန်နီ့ဘဝသာယာဖို့ အရာအားလုံးကို ငွဲကွက်ပြီး ကိုယ်ကပဲ အနစ်နာခံနောက်ဆုတ်လျက် ကိုယ့်ကို မေ့လိုက်ပါ၊ မျက်ရည်ဖုံးတဲ့နှလုံးသားနဲ့ နှုတ်ဆက်ခဲ့ပါတယ် ဟန်နီရယ်၊ ဘာညာ ဘာညာနှင့် ပုလဲလေးတွေငွေ့ပြုပြီး အစွန့်လွှတ်ခံ အချစ်သူရဲကောင်းကြီးလုပ်ကာ ပြည်ဖုံးကားချပစ်လိုက်ရုံပါပဲ။ ဒါဆို ပြီးပြီပေါ့၊ ဒါက နေသစ်ရင်ထဲကအသံ၊ ရင်ထဲကဆုံးဖြတ်ချက်။

အပြင်မှာကျတော့. . .

''မသိဘူးကွာ. . . မသိဘူး၊ ကိုယ့်ကို ဘာမှလာမပြောနဲ့။

ဒီမယ်. . . ဟန်နီ၊ ကိုယ် ဟန်နီ့ကို လုံးဝမစွန့်လွှတ်နိုင်ဘူးနော်၊ ဒါတွေ ဘာဖြစ်လို့ ဖုံးကွယ်ခဲ့ရတာလဲ၊ ကိုယ့်ကို ဘာဖြစ်လို့ လှည့်စားခဲ့ရတာလဲ၊ ကိုယ့်ဘဝ နှလုံးသားရေးရာမှာ ဘာလို့များ ဒါလောက်တောင် ကံခေခဲ့ရတာလဲ ဟန်နီရယ်''

နေသစ်ကိုကြည့်ကာ မြင့်မြတ်မော်ရင်ထဲမှာ စိတ်မကောင်းဖြစ်လာ၏။

''ကဲပါ. . . ယူရယ်. . . အဲဒါတွေ မပြောပါနဲ့တော့၊ ပြီးမှ ဒါတွေ နှစ်ဦးသားစဉ်းစားကြရအောင်ပါ၊ ဒီရက်ပိုင်းမှာ ရန်ကုန်ကို အလည်သွားဖို့ပဲ ယူ့ခေါင်းထဲထည့်လိုက်တော့လေ''



www.burmeseclassic.com

www.burmeseclassic.com



''တော်ပြီ. . . ဟန်နီ၊ ရန်ကုန်လည်း မသွားတော့ဘူးကွာ''

ပြဿနာ. . . ပြဿနာ. . . ဖွဟဲ့. . . ကံကောင်းပါစေ၊ ဟန်ဆောင်အမူလွန်သွားပြီ. . . ဒီစကား နားမယောင်ပါစေနှင့်။

''ကဲပါ ဆရာကြီးရယ်၊ ဒီက မိန်းမသားကတောင် တောင်းပန်နေတာကို ငဲ့ကြည့်ပါဦး ဦးနေသစ်ကြီးရဲ့၊ ဒီရက်ပိုင်းပဲ သွားကြရအောင်နော်၊ ယူ. . . ယူ့အိမ်ကို ဘယ်လိုအကြောင်းပြပြီး သွားမလဲဟင်''

ကဲ. . . မပြောလား. . . မြင့်မြတ်မော်ရေ. . .

လည်မလိုနှင့် အ,လိုက်သည့် မိန်းကလေးပါလား။

''အဲဒါက ကိုယ့်အလုပ်ပါ ဟန်နီ၊ ကိုယ်တောင် ပြောစရာမလိုပါဘူး၊ ရှိုးယိုးကိုယ်တိုင်က ကိုယ့်ကို ရန်ကုန်မရမက လွှတ်စေရပါမယ်''

''ကိုယ့်မှာ စာရေးဆရာပေါက်စတစ်ကောင် ရှိတယ်၊ နိုင်ငံခြားသီချင်းတွေ၊ ဝတ္ထုတွေ. . . သူဉာဏ်မမီတိုင်း ကိုယ့်ကို လာလာဘာသာပြန်ခိုင်းတဲ့ ကိုယ့်ကို နှိပ်စက်နေကြကောင်လေ၊ ဒီကောင်ကိုအသုံးချရမှာပဲ''

''ဒီကအပြန်မှာ သူ့ကို Dream Smile ခေါ်လာခဲ့မယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ သူ့ကို သင်ပေးရဦးမယ်လေ''

နေသစ် မျက်လုံးထဲမှာ စာရေးဆရာပေါက်စ ရွှေဘုန်းဆိုသော ချာတိတ်တစ်ကောင်ကို ပြေးမြင်လိုက်မိ၏။

သည်လိုနှင့်. . . သူ၏မာယာပရောဂျက်မှာ ရွှေဘုန်းသည် ဒရွတ်ဆွဲ ပါလာခဲ့ချေပြီ။

■

ကြောင်နှစ်ကောင်စာအုပ်တိုက်



## နေသစ် ▸ ၉

သည်လိုနှင့် . . .

စားခုတ်ရာ လက်ဝင်လျှိုရှာမည့် ရွှေဘုန်းဆိုသော အနီသကောင့်သား အူကြောင်ကျားသည် နေသစ်ခေါ်ဆိုရာ Dream Smile သို့ လိုက်ပါလာခဲ့ရရှာပါတော့သည်။ မြင့်မြတ်မော်သည် နေသစ်တို့ဝိုင်းရှိရာသို့ ရောက်လာကာ နှုတ်ဆက်သမှုပြုရှာ၏။

''ဟန်နီ. . . သူ့နာမည်က ရွှေဘုန်းတဲ့၊ ကိုယ်တို့နဲ့အတူ ရန်ကုန်လိုက်ခဲ့မယ့်သူလေ''

ဘုမသိဘမသိနှင့် ရွှေဘုန်းက ပြုံးပြသည်။

ရှက်နေသော အပြုံးတစ်ပွင့်ခြွေချလျက် မြင့်မြတ်မော် ထွက်သွား၏။

Red Label နှစ်ပက်ခန့် စီးမျောသွားသည်ထိဖြစ်ကြောင်း ရယ်ကုန်စင်အား ရွှေဘုန်းတစ်ယောက် မပေါက်နိုင်ရှာသေး။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



''ဖရက်ဒီအကွိုလာရဲ့ Child ကို လုပ်ပေးပါဦး ဆရာ''

''Child က ရိုးရိုးဖြောင့်ဖြောင့်ပဲဟာ၊ အဲလောက်တော့ ကိုယ့်ဘာသာလုပ်ပါလား၊ ချီးမှုပဲ၊ နေရာတကာ ငါ့လာလုပ်နိုင်းနေတယ်၊ အဲဒါ ထားပါကွာ၊ အခု အကွိုလာထက် အရေးကြီးတဲ့ကိစ္စ ငါ ပြောမလို့၊ Make up a story ပေါ့၊ အဲဒါ မင်းဝင်ကရလိမ့်မယ် ရွှေဘုန်း''

''Sandwich တော့ မဖြစ်လောက်ပါဘူးနော်''

သူ့ခမြာ ကြားညှပ်ဘဝ ရောက်ရရှာမည်ကို စိုးရိမ်စွာဆိုရှာသည်။

''မဖြစ်ပါဘူးကွာ၊ မင်း ကြားညှပ်စရာအကြောင်း မရှိပါဘူး၊ ငါနိုင်းတဲ့အတိုင်း မင်းလုပ်ရုံပါပဲ၊ ခုနက အမျိုးသမီးနာမည်က မြင့်မြတ်မော်တဲ့၊ ခုချိန်မှာ ငါ့ရဲ့ ဒုတိယရင်ဘတ်ပဲ၊ သူနဲ့ငါနဲ့ ရန်ကုန်သွားကြမယ်၊ ငါက ရိုးယိုးကို ဘာအကြောင်းမှမရှိဘဲ ရန်ကုန်သွားမယ် ပြောဖို့ကျ မပြောချင်ဘူးလေ၊ မင်းကိစ္စကို ငါက အစ်ကိုတစ်ယောက်။ ဆရာတစ်ယောက်အနေနဲ့ လိုက်လုပ်ပေးရတယ်ဆိုတဲ့ပုံစံနဲ့ပဲ ငါသွားမယ်၊ ရိုးယိုးက မင်းနဲ့လည်း ရင်းနှီးနေတာပဲ၊ ဒါပေမယ့် မင်း ဘာမှသူ့ကို မပြောနဲ့ဦး''

''နက်ဖြန်မနက် ဆယ်နာရီခွဲလောက်မှာ မင်း စတိုးဆိုင်ကိုသွားလိုက်၊ ဆရာရှိလားလို့ ရိုးယိုးကိုမေး၊ အဲဒီအချိန်မှာ ငါမရှိဘူးလေ၊ ဘာကိစ္စရှိလဲမေးရင် ''ဘာမှမရှိပါဘူး အစ်မ'' ဆိုပြီး ပြန်လာခဲ့၊ ညနေသုံးနာရီ တစ်ခေါက်ထပ်သွား၊ အဲလိုပဲ ပြန်လာခဲ့၊ ဒါပဲ. . .၊ မနက်ဖြန် အဲလိုလုပ်ပေးရုံပဲ၊ ကျန်တာ ဘာမှမပြောနဲ့၊ ညပိုင်း. . .





ယိုးနဲ့ ငါနဲ့ တွေ့တဲ့အခါကျမှ. . .''

လက်ကိုင်ဖုန်းမှ အသံမြည်လာသည်။

နံပါတ်ကိုကြည့်လိုက်တော့ အန်တီလေးထံမှ ဖြစ်နေ၏။

''ဟယ်လို. . . အန်တီလေး. . . ပြောပါ. . .၊ ဗျာ. . . သမီးငယ် ကိုယ်ပူလို့ဟုတ်လား''

''အေး. . . သိပ်တော့ စိတ်မပူပါနဲ့၊ မိယိုး ဟန်းဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားလို့ နေသစ် သားက အခုဘယ်မှာလဲ''

''ကျွန်တော်က Dream Smile . . . အဲ. . . အဲ. . . Dream Smile မှာမဟုတ်တော့ဘူး၊ ကွန်ပျူတာဒီတီပီတစ်ခုမှာ စာအုပ်လုပ်နေတာ. . . ရတယ်. . . ကျွန်တော် ဒီပရုလေးဖတ်ပြီးလာခဲ့မယ် အန်တီလေး''

''အေး. . . အေး. . . ကားကိုလည်း ဖြည်းဖြည်းမောင်းပြန်လာခဲ့၊ ဒီအရွယ်ကတော့ ဒီလို ကျောပူခေါင်းပူထတတ်တာပဲ၊ ဒါပဲနော်သား''

သမီးငယ် ကိုယ်ပူသည်ဆိုတာထက် ရိုးယိုး ဘာကြောင့်ဖုန်း ပိတ်ထားရသလဲဆိုသည့်အချက်က သူ့စိတ်ကို နိုးလိုးခုလု ဖြစ်ရစေ၏။

''ကြားတဲ့အတိုင်းပဲကွာ. . . ဒီညအဖို့ ဒီလောက်နဲ့ပဲ စခန်းသိမ်းကြရအောင်၊ နက်ဖြန်မှ program ကို ငါဆက်ပြောမယ် ရွှေဘုန်း''

ငါ့အဖြစ်က အခုခေတ် ရုပ်ရှင် ဗီဒီယို ဇာတ်ပို့ ဇာတ်ရုံတွေလိုပါပဲလား၊ ဇာတ်လမ်းက ဘာမှန်းလည်းမသိရပါဘဲ ရှူတင်ရှိတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ကာမှ ဝင်နွဲရသည့်ဘဝ. . .။ ဒါရိုက်တာက ဒီလိုပြော ဒီလိုလုပ်ဆို တော့မှပဲ လုပ်လိုက်ရုံပေါ့လေ. . .ဟု ရွှေဘုန်း တွေးရင်း အူကြောင်ကျားဖြစ်နေမိလေသည်။

■





နှစ်ယောက်လုံးက တကယ့်ကို ဖြူဖြူသန့်သန့်လေးတွေ။

ကြည့်ပါဦး. . . အပြစ်ကင်းသည့်မျက်နှာလေးနှစ်ခု။ ရှင်းသန့်အေးချမ်းစွာ အိပ်ပျော်နေလိုက်ကြတာ။ အကြီးက ဖအေဖက်ယိုင်သည်။ အငယ်က မအေဘက်ယိုင်သည်။ သမီးနှစ်ယောက်၏ မျက်နှာလေးတွေမြင်တော့ ကိုယ့်ကိုယ်ကို လိပ်ပြာမသန့်ဖြစ်မိ၏။ ဘယ်အရာကမှ ဆီးတားၡ၍မရနိုင်သော ဖခင်တစ်ယောက်၏ မေတ္တာထုက သူ့ရင်ကို ဝင်ဆောင့်ပြီ. . .။ ကြယ်စင်သစ်၏နဖူးပြင်ဆီ ရောက်မသွားခဲ့။ အန်တီလေးက သူ့လက်ကို လှမ်းဆွဲထားသည်။ အိပ်ခန်းဝသို့ခေါ်သွားပြီး စကားတိုးတိုးဆို၏။

"သားလက်တွေက အေးနေတယ်။ အငယ်မက မင်းအတိုင်းပဲ။ အိပ်ရေးဆတ်တယ်၊ နိုးသွားလိမ့်မယ်၊ ဘာမှ မစိုးရိမ်ရပါဘူး၊ ညနေက အန်တီလေး ဒေါက်တာသီတာ့ဆီ ပြခဲ့ပြီးပြီ၊ ရိုးရိုး ကျောပူ ခေါင်းပူပါ၊ အခု နေကောင်းသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



''အန်တီလေး. . . ယိုးဆီ ဘယ်အချိန် ဖုန်းဆက်တာလဲ''

''အေး. . . အဲဒါပြောမလို့၊ ကလေး ဆေးခန်းပို့ဖို့ စတိုးဆိုင်ဝင်တော့ ညနေ ခြောက်နာရီမှာ ဆိုင်က ခနကမှပဲ ပိတ်သွားတယ်. . . တဲ့၊ ဒီနေ့ လပြည့်နေ့မို့ပဲ စောပိတ်တာလားမသိဘူး၊ အဲဒီမှာ မိယိုး ဟန်းဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတယ်၊ အိမ်ကိုဆက်တော့လည်း ဟို. . . အစောင့်လင်မယားလေ၊ ဘယ်သူကွယ် မစိုးကြီး. . . မစိုးကြီးက ဖုန်းကိုင်တယ်၊ ဆရာကတော် ပြန်မရောက်သေးဘူးတဲ့၊ စောစောက သတိရလို့လှမ်းဆက်တော့ ပြန်ရောက်ပြီ ရေချိုးနေတယ်. . . တဲ့''

နာရီကိုကြည့်လိုက်တော့ ညကိုးနာရီစွန်းစအချိန်. . . ။

ညနေခြောက်နာရီမှ ရှစ်နာရီသုံးဆယ် အချိန်အတွင်း ရိုးယိုး ဘယ်ရောက်နေပါသနည်း။ ဘာ့ကြောင့် ဖုန်းပိတ်ထားပါသနည်း။ နေသစ် ဘာကိုလန့်နေမှန်းမသိ။ ရင်ထဲမှာ လန့်နေတာတော့အမှန်ပင်။ မကောင်းမှုကို ကြံစည်သူသည် ကိုယ့်အရိပ်ကိုယ်ပင် လန့်နေတတ်သည်မဟုတ်ပါလား. . . ။

အိမ်ကိုပြန်မှ ဖြစ်မည်။

သိလိုစိတ်က ဦးဆောင်သွား၏။

ပစ္စုပ္ပန် သူသည် Dream Smile ကိုလည်း မေ့သွား၏။

မြင့်မြတ်မော်ကိုလည်း မေ့သွား၏။

■





တိုက်တံခါးဝ အဝင်စ ပါကေးပြားတွေပေါ် ခြေအချမှာပင် မစိုးကြီးက ပြုံးစစနှင့်ဆီးကြိုသည်။ မစိုးကြီး၏ အပျော်မျက်နှာက နေသစ်ကို ပို၍ ပဟေဠိဖြစ်စေပါသည်။

''ဆရာကတော်က မှာထားပါတယ် ဆရာ၊ ညစာကို အိပ်ခန်းထဲမှာ စီစဉ်ထားပါတယ်. . . တဲ့''

ဘာတွေဖြစ်နေပါသနည်း။

တစ်ခုခုတော့ထူးနေပြီ။

သိလိုစိတ်ပြင်းစွာနှင့် အခန်းတံခါးကို နေသစ် ဆွဲဖွင့်ဝင်လိုက်၏။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူ့တစ်ကိုယ်လုံးသည် စကြဝဠာ၏အပြင်ဘက်သို့ လွင့်ထွက်သွားလေသည်။ ခြေစုံရပ်လျက် နေသစ်သည် ရိုးယိုးအား မမြင်ဖူးသူတစ်ယောက်လို ပါးစပ်အဟောင်းသားနှင့် ငေးကြောင်ကြည့်နေမိသည်မှာ မည်မျှကြာသွားသည်ပင်မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ရှီးယိုးတို့သည် ယနေ့အချိန်ထိ တစ်ယောက်နှင့်တစ်ယောက် ယခုလို အကြာကြီး မျက်တောင်မခတ် ငေးရပ်ကြည့်နေမိခြင်း မရှိခဲ့ကြပါ။

''ယိုး. . . ယိုး

ကို အိပ်မက်များ . . .

မက်နေတာလား ယိုးရယ်''

■





ခရမ်းဖျော့မီးလုံးလေးတွေ တစ်ခန်းလုံးကို ထွန်းထားသည်။ GHOST ရုပ်ရှင်ကားထဲက ဒယ်မီမိုးလို ယောကျ်ားလေးကေ ဆံပင်တိုတိုပျော့ပျော့လေးနှင့် ကောင်မလေးတစ်ယောက် ရပ်နေ၏။ မျက်နှာကလေးက မိတ်ကပ်ပါးပါးဖုံ့ဖုံ့ စိုဖိတ်ဖိတ်နှုတ်ခမ်းဆေးသားအလှနှင့် ရှင်းရှင်းသန့်သန့် ဖူးဖူးကြွကြွကလေး. . .။ ပန်းနုသွေး ပါးရှိုးထက်မှာ ရတီသွေးမြင့်မြင့် စိန်နားကပ်လေးက ဖျတ်ကနဲ လင်းလက်နေသည်။ တန်ဖိုးကြီးသည့် ကြက်သွေးရောင် ညနေခင်းပွဲတက်ဝတ်စုံက ခန္ဓာကိုယ်၏ ကောက်ကြောင်းအလှကို တိတိကျကျ ထုဆစ်ထားသည်။ နို့နှစ်သား လက်မောင်းအလှနှင့် ရင်စစ။ ဤသည်မှာ ရှီးယိုးမှ ဟုတ်ပါလေစ။ လှလိုက်သည့်မိန်းမ. . .။

''ဘာလဲ ယိုးရယ်၊ ကို အံ့သြတယ်၊ ပျော်တယ်၊ လှလိုက်တာ မိန်းမရယ်''

''အဲလိုပြောတဲ့အတွက် ကို့ကို ကျေးဇူးတင်ပါတယ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောစေဖို့ ယိုး နှစ်နာရီခွဲလောက် အချိန်ပေးခဲ့ရပါတယ်၊ အဲဒါဟာ ကို့အတွက်ပါ''

နေသစ်၏လက်ကိုဆွဲကာ စားပွဲဝိုင်းရှိရာ ခေါ်သွား၏။

စားပွဲပေါ်မှာ စားစရာတွေရှိနေသည်။

ကျောက်ပုဇွန် . . . တိုကျိုကြက်ကြော် . . . ယူနန်ငါးပေါင်း . . . အရွက်စုံကြော် . . . ကျောက်ပွင့်ချဉ်စပ် . . . သီဟိုစေ့ . . . မန်ထုံ ပေါက်စီနှင့် . . . ဖန်ခွက်နှစ်ခွက် . . . ဝိုင်တစ်ပုလင်း . . . ။

''ယိုး''

''ဘာလဲဟင်''

''ဘာဖြစ်လို့လဲ . . . ကိုယ် သိချင်နေပြီ၊ ဘာဖြစ်လို့လဲဟင်''

''ဩော် . . . မေ့တတ်လိုက်တဲ့ မွေးနေ့ရှင်ကြီးရယ်၊ ဒါဟာ မွေးနေ့ရှင်ကြီးအတွက် အမှတ်တရလေ''

နေသစ် သည်တော့မှ ဟာကနဲဖြစ်သွားသည်။

ကြည့်စမ်း . . . ကိုယ့်မွေးနေ့ကိုယ်တောင် မေ့နေသည့် နေသစ်။

''မနက်ကလည်း သံဃာတွေ ဆွမ်းလောင်းလိုက်သေးတယ် ကို့ရဲ့''

စားနေရာမှ ခဏလေးထကာ ရိုးယိုး စီဒီစက်ရှိရာ ရွှေ့သည်။

''Unchained Melody'' သီချင်းလေးက ခရမ်းဖျော့ အခန်း မီးရောင်အောက်မှာ ငြိမ့်ငြိမ့်လေး စီးမျောလာသည်။

လှမ်းလာနေသော ရိုးယိုးကို ဆီးကြိုပွေ့ဖက်လိုက်၏။





နှစ်ကိုယ်ကြား . . . တိုးတိုးကလေး . . . ရိုးယိုးပြောသည်။

''ကိုယ် . . . ကြိုးစားကြည့်လေ''

■



www.burmeseclassic.com

www.burmeseclassic.com



နေသစ် ▶ ၁၀

အစီအစဉ်အရ ရွှေဘုန်းသည် နံနက်ဆယ်နာရီသာသာတွင် ရှီးယိုးရှိရာ စတိုးဆိုင်သို့ ရောက်လာ၏။

''ဆရာရှိလား အစ်မ''

''မရှိဘူးဘုန်းရဲ့၊ ကိစ္စရှိလား၊ ဘာပြောလိုက်ရမလဲ''

''ရတယ်. . . ဘာမှမဟုတ်ဘူးအစ်မ၊ သွားတော့မယ်''

အစီအစဉ်အရ ညနေသုံးနာရီသာသာတွင် စတိုးဆိုင်သို့ ဒုတိယမို ရောက်ရှိသွားပြန်ပါသည်။

''ဆရာရှိလား. . .အစ်မ''

''မရှိဘူးဟဲ့၊ ခါတိုင်း ဒီအချိန်ရှိတယ်၊ နင်ကလည်း သူ့ ဖုန်းကို လှမ်းပြီး ဟယ်လိုလုပ်လိုက်လေ''

''ရတယ်. . . ရတယ်အစ်မ၊ တွေ့မှပဲ ဆရာနဲ့ပြောတော့ မယ်၊ သွားတော့မယ် အစ်မ''





သည်လိုနှင့် ဘုမသိဘမသိ နေသစ် ကြိုးဆွဲသလို ကခဲ့ရရှာသော ဇာတ်သည် ညပိုင်းမှာ အနည်းငယ် ဇာတ်ရည်လည်လာပြီ ထင်၏။

တိုက်မည့်ဆင် နောက်တစ်လှမ်းဆုတ်ထားသည်။ သည်ရက်မှာ နေသစ်တစ်ယောက် ညပိုင်း အိမ်ကို စောစောကပ်ပြလိုက်၏။ နှစ်ဦး လက်စုံထမင်းစားခိုက် ရှီးယိုးက တစ်စုံတစ်ခုကို သတိရသွားသည်။

''အဲ. . . ခုမှသတိရတယ်. . . ဘုန်းလေ. . . မနက်က တစ်ခေါက် ညနေကတစ်ခေါက် ကိုကိုလာမေးတယ်''

''ဘယ်ဘုန်းလဲ ယိုးရဲ့''

''ရွှေဘုန်းလေ''

''ဪ. . . ဘာကိစ္စတဲ့လဲ''

''ပြောမသွားဘူး ကိုရဲ့၊ ဘာမှမဟုတ်ပါဘူး အစ်မတဲ့၊ ဆရာနဲ့တွေ့မှပဲ ပြောတော့မယ်. . . တဲ့''

''ဒါများကွာ. . . ယိုးကလည်း. . .''

နေသစ်က ဘာမှ အရေးမပါသလို သည်အကြောင်းကို ထားလိုက်သည်။

တစ်ခြားအကြောင်းတွေ ပြောဖြစ်ကြ၏။

နေသစ်က အဲလိုမျိုးပါလေ. . .။

■



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်အရ . . .

နောက်နေ့နံနက် ဆယ်နာရီသာသာတွင် နေသစ်သည် ရွှေဘုန်းရှိရာ ရောက်လာ၏။

ရွှေဘုန်းအား လှုက်ရည်နှင့် ချီးမြှင့်၏။

''နေ့လည်(၁)နာရီသာသာဆို ဆိုင်မှာ လူရှင်းတယ်၊ ရှီးယိုးလည်း စိတ်သက်သာတဲ့အချိန်၊ အနားရတဲ့အချိန်ပဲ၊ အဲဒီအချိန် မင်းသွားလိုက်၊ ထုံးစံအတိုင်း ငါရှိလားလို့ မေး၊ မရှိဘူးဆိုတဲ့အကြောင်း သူပြောမှာပဲ၊ မင်းက ပြောသင့်မပြောသင့် ချိန်ဆနေတဲ့ မဝံ့မရဲပုံစံလုပ်နေလိုက်၊ သူမေးတော့မှ မင်းပြော. . .''

''မင်းပြောရမှာက . . .''

■





သည်လိုနှင့် . . .

နေ့လည်(၁)နာရီ (၃၀)မိနစ်အချိန်တွင် စတိုးဆိုင်သို့ ရောက်ရှိသွားပြန်ပါတော့သည်။

''ဆရာရှိလား အစ်မ''

''မရှိဘူး ငဘုန်းရဲ့၊ နင့်ဆရာက အရင်ရက်ကတော့ ဆိုင်မှာ လာလာနားတတ်တယ်၊ ဒီရက် မလာပြန်ဘူး၊ ကိစ္စရှိလား. . . ပြောခဲ့လေ''

ဤသူငယ်သည် သူ့ကိစ္စအား ပြောသင့်မပြောသင့် ချိန်ဆနေပုံရ၏။

''လာလေ. . . အထဲဝင်ထိုင်ဦး၊ နင့်ကြည့်ရတာ ကိစ္စရှိတယ်နဲ့တူတယ်၊ ငါ ဘာပြောပေးရမလဲ''

သည်အခါမှ ရွှေဘုန်းသည် ဆိုင်ထဲဝင်လာပြီး ထိုင်လိုက်၏။

''ကဲ. . . ပြောလေ. . . နင့်ဆရာကို ငါ ဘာပြောပေးရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် မပြောရဲလို့အစ်မ၊ ဆရာ့ကို ရန်ကုန် ခဏ လိုက်ခဲ့ဖို့ ခေါ်သွားချင်လို့''

''ရန်ကုန်ကို ဘာလုပ်ဖို့လဲရွှေဘုန်းရဲ့''

''စာအုပ်တိုက်နဲ့ ကျွန်တော့်လုံးချင်းတွေ စာချုပ်ချုပ်ဖို့ အဲဒါ ဆရာ့ကို လူကြီးအနေနဲ့ ခေါ်သွားချင်လို့၊ ဒီတစ်ခါတည်းပါပဲ၊ ပွဲဦးထွက်မို့ပါ''

ရိုးယိုးပုံစံကို အကဲခတ်ကြည့်လိုက်သည်။

ခမျာ ဘာမှမသိရှာပါလား။

''ဒါများ ရွှေဘုန်းရယ်၊ ပြောလိုက်ရောပေါ့၊ နင့်ဆရာက လိုက်လုပ်ပေးမှာပါဟဲ့၊ နေဦး. . . ငါ ဖုန်းခေါ်ပေးမယ်''

''မခေါ်နဲ့. . . မခေါ်နဲ့. . . အစ်မ၊ ညကျမှ အစ်မကပဲ အေးအေးဆေးဆေး ပြောပေးပါ၊ ကျွန်တော်ပြောတာနဲ့ အစ်မပြောတာ ဘယ်တူပါ့မလဲ''

''အေး. . . အေး. . . ဒါဆိုလည်းပြီးရော. . .''

ဒါများ. . . မနေ့ကတည်းက ပြောလိုက်ပြီးရော''

ဩော်. . . ပုံစံက သွက်လာပေမယ့် အ,လိုက်သည့် ဒေါ်ရွှေရိုးယိုးပါလားဟု ရွှေဘုန်း တွေးလိုက်မိပါသည်။

■





အဝေးကကြည့်လျှင်တော့ ဒရင်းဘက်ပေါ်မှာထိုင်နေသော ကီနူးရီဗက်နှင့် အောက်ကခွေးခြေခုံပေါ်မှာ သူ့ကို မှီနွဲ့ထိုင်နေသော ဒီမီမိုးအငယ်စားလေးတို့ ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ထိုင်စား နေကြသည်ဟု ထင်စရာရှိပါသည်။ အမှန်က မဟုတ်ပါ။ နေသစ်နှင့် ရိုးယိုးတို့ဖြစ်ပါသည်။ ရိုးယိုးစကားကို စိတ်ရှည်ရှည်နားထောင်နေရာမှ နေသစ်က ရယ်လိုက်ပြီး ခေါင်းကို ရမ်းခါလိုက်၏။

''သဘာဝမကျပါဘူး၊ သူ့ကိစ္စအတွက် ကိုက ဘာလို့ ရန်ကုန်လိုက်ရမှာလဲ''

''ဟင်. . . ကို လိုက်လုပ်မပေးဘူးပေါ့''

''မလိုက်နိုင်ပါဘူးကွာ၊ ကို့မှာလည်း အလုပ်တွေ မအားပါဘူး''

''ဒါဆို. . . ကောင်လေး သနားပါတယ်''

ရိုးယိုးက တစ်စုံတစ်ခုကို သတိရသွားသည်ထင့်။ နေသစ် မျက်နှာကို မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . ကို. . . ယိုးကို တလွဲမထင်နဲ့နော်၊ ဘောဘုန်းက ယိုးကို ဘာလက်ဆောင်နဲ့မှ ကန်တော့မထားဘူးရယ်၊ တော်ကြာ ယိုးက သူ ကန်တော့တာ တစ်ခုခုကို လက်ခံထားလို့ပြောပေးတာလို့ ကို ထင်မှာ စိုးလို့"

နေသစ်သည် ရိုးယိုးကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွား၏။

ရိုးယိုး၏မျက်နှာလေးကို ဆွဲမော့လိုက်၏။

"ယိုးရယ်. . . မင်းက အ,လိုက်တာ၊ ကိုရှင်းပြမယ်နော်၊ သူ့စာချုပ်မှာက သူ့ဟာနဲ့သူရှိပြီးသား၊ သူတို့ချင်းလည်း ဈေးဖြတ်ပြီးကြပြီးသား၊ ကိုယ့်မိတ်ဆွေ ပါဘာလစ်ရှာတွေနဲ့ အခုမှ ကိုက လိုက်ပြီး စပ်ဟပ်ညှိနှိုင်းပေးရမှာဆိုရင်တော့ ထားတော့။ အခုဟာက သူတို့ချင်းပြီးကြပြီးသားကို၊ ကိုက အပို ဘာလိုက် လုပ်ပေးစရာလိုလဲ၊ သူ့အတွက် ဒီကအလုပ်တွေ ကိုက အပျက်ခံရမှာလား ကို့ကျောင်းသားတွေရဲ့ အတန်းချိန်တွေ ဖျက်ရမှာလား၊ ဒါ့ထက် ပိုပြီးအဓိကကျတာက အခုမှ အလှကြီးလှလာတဲ့ ဟောဒီ ကိုယ့်မိန်းမလေးကို ကို့မခွဲနိုင်ဘူး ယိုးရဲ့"

"အိုး. . . တော်ပါ. . . ကိုနော် ဘာတွေပြောမှန်းလည်း မသိ"

ရိုးယိုး ရှက်သွားသည်။

ချာကနဲ ထလျက် အိမ်ထဲ ပြေးဝင်သွား၏။

■





နောက်တစ်နေ့ နံနက်ခင်းမှာတော့ ကရမက်နံ့လေး သင်းနေသော ပါတိတ်တစ်ထည်က စာရေးနေသော ရွှေဘုန်း၏စားပွဲပေါ်သို့ ဘုတ်ကနဲ ပြုတ်ကျလာ၏။ မော့ကြည့်လိုက်တော့ နေသစ်ကို တွေ့လိုက်ရသည်။

"အဲဒါ. . . အင်ဒိုနီးရှားပါတိတ်. . . ဓားကြီးတဲ့၊ နောက်ဆုံးပေါ်ဒီဇိုင်းပဲ၊ ဝမ်းဆက်တစ်ဝတ်စာ နှစ်သောင်းခွဲကျော်ပေးခဲ့ရတယ်"

ရွှေဘုန်းသည် ထမီကြီးကိုကိုင်ကာ ကြောင်သွား၏။

"ဒါကြီးကို ကျွန်တော်က ဘယ်လိုဝတ်ရမှာလဲ၊ ဦးဂျမ်းလေး ဘာလေး ဝယ်ခဲ့ရောပေါ့ဆရာ"

"ချီးတဲ့မှပဲ၊ မင်းဝတ်ဖို့မဟုတ်ဘူးကွ၊ ဒါကို မင်းက ရိုးယိုးကို သွားကန်တော့ရမယ်၊ မင်း ဘယ်လိုပြောရမယ်၊ ဘယ်လိုက,ရမယ်ဆိုတာ ငါဆက်ပြောပြမယ်၊ သေသေချာချာမှတ် ရွှေဘုန်း"

■



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဆယ့်နှစ်နာရီသာသာတွင် နေသစ်ထံသို့ ရိုးယိုး၏ ဖုန်းဝင်လာ၏။

''ယိုးလား. . . ဘာလဲ. . . နေ့လည်စာစားဖို့လား''

''မဟုတ်ဘူး ကိုရဲ၊ ဒီ. . . ဒီမှာလေ. . . ရွှေဘုန်း လာသွားပြန်ပြီ''

''အေးလေ. . . ဘာဖြစ်လဲ. . . ကို မလိုက်နိုင်ဘူးဆိုတာ ပြောလိုက်လေ၊ ပြီးတာပဲဟာ. . . ဒါများ''

''မ. . . မပြီးဘူး. . . စိတ်ရှုပ်လိုက်တာ၊ ယိုးလည်း ဘာပြောရမှန်းမသိတော့ဘူး၊ ဟို. . . ဟိုလေ. . . ပါတိတ်လုံချည်ကြီးနဲ့ လူတွေရှေ့မှာ ယိုးကို ထိုင်ကန်တော့သွားပြီး ပြန်သွားတာ''

''ဟာကွာ. . . ကဲ. . . နေ. . . နေ. . . ကို ခဏနေရင် လာခဲ့မယ်၊ ငါ့မိန်းမ အထူ အ,အနဲ့တော့ ဒုက္ခပါပဲကွာ. . .''

■





ကြောက်ရွံ့ခြင်း၊ အားနာခြင်း၊ စိတ်ရှုပ်ခြင်းတို့ ရောပြွမ်းနေသော ရိုးယိုး၏မျက်နှာကိုကြည့်ကာ နေသစ် ရယ်ချင်သွားသည်။ ကြံရာပါ ရွှေဘုန်းသည် နေသစ် သွန်သင်ညွှန်ပြ စာချထားသည့်အတိုင်း နောက်မှာ ကျုံ့ကျုံ့ရှိုရှိုပါလာရှာ၏။

''ငါက မိန်းမကိုချစ်တဲ့ကောင်၊ ကိုယ့်မိန်းမမျက်နှာလေး ညိုနေရင် မနေတတ်တဲ့ကောင်၊ ကဲ. . . ကဲ. . . ရှိစေတော့၊ ငါ့မိန်းမ စိတ်ချမ်းသာဖို့. . . ငါ မင်းနဲ့ ရန်ကုန်လိုက်ခဲ့ပါ့မယ် ရွှေဘုန်း''

ရိုးယိုး၏မျက်နှာကလေး ကြည်သွားသည်။ ရွှေဘုန်း သက်ပြင်းချ၏။ သူသည် နေသစ်ကိုလန့်သွား၏။ နေသစ်ကတော့ အတည်ပေါက်ပင်။

''ယိုးကို မင်း ပါတိတ်နဲ့ ကန်တော့တာကျ မကောင်းဘူး ရွှေဘုန်း၊ ငါ့မိန်းမက အားနာတတ်တယ်၊ အ,တယ်၊ ဒါတွေကန်တော့ဖို့ မလိုပါဘူးကွာ၊ ကဲပါ. . . ရှိပါစေတော့၊ မင်း ဘယ်တော့သွားမှာလဲ၊ ကားလက်မှတ်သာ စီစဉ်လိုက်ပါတော့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ရ. . . ရထားနဲ့သွားမှာ၊ ကျွန်တော်က ကားမူးတတ်တယ်"

"Flight နဲ့ရောကွာ"

"လေယာဉ်ကျ မစီးရဲဘူးဆရာ၊ ဟို. . . ဘုရားတွေ. . . စေတီတွေပေါ်က ဖြတ်ပျံတာဆိုတော့. . ."

"ကဲ. . . တော်ပါတော့ မောင်မင်းကြီးသားရယ်၊ မင်းဘာသာဘာနဲ့ဒိုး‌ဒိုးပါ၊ ယိုးရေ သူ့ကို ကို့မှတ်ပုံတင်လေး. . ."

ရှီးယိုးက ကျေကျေနပ်နပ်ပင် နေသစ်၏မှတ်ပုံတင်ကို ထုတ်ပေးလိုက်ပါသည်။

ကဲ. . . နေသစ်က အဲလိုမျိုးပါလေ. . .။

■





ရထားက ည(၉း၄၅)မှာ ထွက်မည်။

ရှီးယိုး သူ လူရည်မလည်မှုကြောင့် နေသစ်တစ်ယောက် မလိုက်ချင်ဘဲလိုက်သွားရသည်ဟု ထင်သည်ထင့်။ ထူးထူးခြားခြား ဘူတာလိုက်ပို့သည်။ ပို၍ထူးခြားသည်မှာ သမီးနှစ်ယောက်လည်း ပါလာသည်။ သမီးငယ်က အိပ်ငိုက်ချင်နေပြီ။ အန်တီလေးလည်း ပါလာသည်။ ခနောက်ပိုင်းမှာ ရှီးယိုးပုံစံတွေ ပြောင်းလာသည်။ ခေတ်မီလာသည်။ အရင်လို မတုန်မလှုပ်မဟုတ်တော့. . .။ စကားတွေလည်း ပိုပြောလာ၏။ ဒါပေမယ့် အရင်လိုပဲ အ,မြဲ အ,ဆဲပါလေ. . .။

ရထားထွက်ဖို့ ဆယ်မိနစ်အလိုမှာပင် နေသစ်နှင့် ရွှေဘုန်းကို ရထားပေါ်တက်ထိုင်ခိုင်းသည်။ နေသစ်နှင့် ရွှေဘုန်းက ရှေ့ပိုင်းကျသော ဘယ်ဘက်ခြမ်းမှာ ယှဉ်လျက်ထိုင်လိုက်သည်။ ရထား၏ ညာဘက်ခြမ်း နောက်နားခပ်ကျကျမှာ မြင့်မြတ်မော်သည် တစ်ယောက်တည်းထိုင်နေ၏။ နေသစ် စီစဉ်ပုံက အကွက်စေ့ပါသည်။ ရေခဲတုံးမ ရှီးယိုးက မြင့်မြတ်မော်ကို မသိရှာ။ မြင့်မြတ်မော်ကတော့ ရှီးယိုးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်နေရ၏။ ချစ်စရာကောင်းပြီး လှပသော မိန်းကလေးပါလား။ သမီးနှစ်ယောက်ကလည်း ချစ်စရာလေးတွေ။ မြင့်မြတ်မော် မျက်နှာ လွှဲလိုက်၏။

ရထားဘီးတွေ ရွေ့ပြီ။

သမီးနှစ်ယောက်နှင့် ရိုးယိုးသည် လက်ပြကျန်ရစ်ခဲ့၏။

ယခုတော့ နေသစ်က မြင့်မြတ်မော်ရှိရာ လှည့်ကြည့်ကာ ပြုံးပြလိုက်ပါသည်။

■





မြို့ဟောင်းဘူတာကိုကျော်လာသည်နှင့် နေသစ်က ရွှေဘုန်း ဘက်လှည့်လိုက်သည်။

"မြင့်မြတ်မော် ထလာလိမ့်မယ်၊ မင်းနေရာမှာ မြင့်မြတ်မော် ထိုင်မယ်၊ မင်းက မြင့်မြတ်မော်နေရာမှာ သွားထိုင်လိုက် ရွှေဘုန်း၊ နေဦး တစ်ခါတည်း ငါမှာဦးမယ်၊ ကျောက်ဆည်ရောက်ရင် ရထား ခဏရပ်မယ်၊ မင်း ကျောက်ဆည်မှာဆင်းနေခဲ့တော့. . ."

"ဒီအချိန်ကြီး ကျွန်တော်က မန္တလေး ဘယ်လိုပြန်ရမှာလဲ ဆရာ"

"ကျောက်ဆည်နဲ့မန္တလေး တစ်နာရီတောင်မကြာဘူး ရွှေဘုန်း၊ တစ်ညလုံး ကားတွေရှိတယ်"

"နေဦး. . . မန္တလေးပြန်ရောက်တာနဲ့ နေ့ပိုင်းမှာ မင်းကိုယ် မင်း အကျယ်ချုပ်ကျပြီလို့ သဘောထား၊ ဘယ်မှမထွက်နဲ့၊ အဓိက,က ရိုးယိုးတို့ မင်းကို မတွေ့စေဖို့ပဲ၊ မင်း အပြင်ထွက်ချင်ရင် ညမိုးချုပ်မှပဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်၊ ကဲ. . . သွားတော့. . . Thank You ရွှေဘုန်း''

ကျောက်ဆည်မရောက်ခင် ရထားပေါ်မှ ကန်ချမခံရသည်ကိုပဲ ကျေးဇူးတော်တင်ရပါမည်။ ရွှေဘုန်း ထိုင်ရာမှထလိုက်သည်။ မြင့်မြတ်မော်သည် ကလန့်ရရလေးထလာကာ နေသစ်၏နံဘေးမှာ ဝင်ထိုင်လိုက်၏။

ရထားကြီးသည် ကျောက်ဆည်ဘူတာကို ကျော်လွန်သွား၏။ နေသစ်နှင့် မြင့်မြတ်မော်သည် ရထားကြီးနှင့်အတူ ယှဉ်တွဲလျက် ရန်ကုန်သို့ပါသွားပြီ. . .။

လျှပ်စစ်မီးတွေက ထုံးစံအတိုင်းပျက်နေသည်။ မှောင်မဲမဲလမ်းကလေးထဲမှာ သရဲကြောက်တတ်သောလူတစ်ယောက်သည် အိတ်ကလေးလက်ဆွဲလျက် ရသမျှဘုရားစာရွတ်ကာ ကားဂိတ်ရှိရာသွားနေရှာ၏။ ၎င်းသည် ရွှေဘုန်းဖြစ်၏။

■





နေသစ် ➤ ၁၁

ရထားနောက်ကျသည်လား မသိ။

နောက်တစ်နေ့ မွန်းလွဲပိုင်း နှစ်နာရီလေးဆယ့်ငါးတွင်မှ ရန်ကုန်သို့ ဆိုက်ရောက်သည်။ ခရီးလမ်းတလျှောက်လုံး အဆင်ပြေချောမွေ့ခဲ့ပါလျက် ဘူတာအထွက်မှာမှ ဆူးကလေးတစ်ခုလာငြိ၏။ စိတ်ပူစရာတော့မရှိ။ ဖယ်ချလို့ရသည့်ဆူးကလေးမို့ တော်ပါသေးသည်။

ဖြစ်ပုံက . . .

အထွက်မှာ မြင့်မြတ်မော်၏လက်ကို နောက်မှလှမ်းဆွဲခံလိုက်ရ၏။

''ဟဲ့. . . ဟဲ့. . . နင်. . . ဆရာဦးဘမော်ရဲ့ သမီးလေး မဟုတ်လား''

မြင့်မြတ်မော်လှည့်ကြည့်လိုက်တော့ ရိုးရိုးအအမိန်းမကြီးတစ်ယောက်. . .။



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ပါတယ် ဒေါ်ဒေါ်၊ ဒေါ်ဒေါ်က ဖေဖေ့အသိလား''

''အမလေး ဘုရားမ,တာပဲ ငါ့တူမရယ်၊ ငါ့ကို ကူပါဦး။ မျက်လုံးက သိပ်မကောင်းလို့ပါ၊ ငါ့ကို ဒီဟော်တယ်ပို့ပေးစမ်းပါ၊ ရန်ကုန်ကိုလည်း တစ်ခေါက်မှ မရောက်ဖူးလို့ပါ''

အဒေါ်ကြီးပြသော ကဒ်လေးကိုကြည့်လိုက်တော့ City Star တဲ့။

နေသစ် ပြုံးလိုက်သည်။

''ငါ အိမ်ကထွက်ပြေးလာတာ၊ မှတ်ပုံတင်ရော ပါပါတယ်၊ ငါ့ညီမက မနက်ဖြန်ဆို ဒီဟော်တယ်ရောက်လာမှာ၊ ငါ့နာမည်က ဒေါ်ရွှေကွန့်ပါ၊ ငါက သူ့ကို အဲဒီဟော်တယ်ကစောင့်ရမှာ၊ ကူညီပါဦး တူမ ရယ်၊ ဒေါ်ကြီးကို အဲဒီဟော်တယ်ပို့ပြီးရင် တူမတို့ သွားချင်တဲ့ဆီ သွားပါ''

အိမ်ကထွက်ပြေးလာသည်ဆိုသော အရွယ်လေးက ငါးဆယ်ကျော်လောက်ရှိပြီဆိုတော့ နေသစ် ရယ်သည်။

''ကျွန်တော်တို့လည်း အဲဒီဟော်တယ်သွားမှာပါပဲ၊ လိုက်ခဲ့ပါ အဒေါ်''

ဘူတာရှေ့မှာ ထိုင်ချလိုက်ပြီး ရှိုးလိုက်တော့ နေသစ် ပျာပျာသလဲ တောင်းပန်ကာ ထနိုင်းလိုက်ရပါသည်။

ရယ်စရာတော့အကောင်းသား။ ယခုတော့လည်း ဟော်တယ်ထဲ ဖိနပ်ကြီးချွတ်ကိုင်ကာ လိုက်လာသော အဒေါ်ကြီးကြောင့် နှစ်ဦးသား မျက်နှာရဲကနဲ အရှက်ပိုခဲ့ရသည့်အဖြစ်။ အခန်းထဲရောက်မှ သူတို့ ရယ်နိုင်ပါတော့သည်။





''ခုလောက်ဆို အဒေါ်ကြီးတော့ ဟော်တယ်အခန်းထဲမှာ ကမောက်ကမဖြစ်နေရောပေါ့''

''အဲဒါ ယူ့ကြောင့်လေ၊ ယူခေါ်လာတာ''

''ဟုတ်ရဲ့လား၊ ဆရာဦးဘမော်ရဲ့သမီးရယ်''

သူတို့ နှစ်နှစ်ပျော်ပျော် ရယ်မိလိုက်ကြပါသည်။

ခရီးက ပမ်းသည်. . .

လူက နွမ်းသည် . . .

ဒါပေမယ့် စိတ်တွေကလန်းနေသည်လေ. . .။

''ရထားနဲ့သွားချင်တယ်။ ညရထားမှတဲ့။ တစ်ညလုံးလည်း စကားတွေ ပြောသွားချင်တယ်. . . တဲ့၊ ရန်ကုန်ကိုရောက်တဲ့အချိန်က ညနေဘက်ရောက်တော့မယ်. . .၊ ခုတော့ ဒီထက်ပိုပြီး မင်း ကို့ကို ဆက်ညှဉ်းဆဲလို့ရသေးရဲ့လား ဟန်နီ''

''ယူနဲ့ မြတ်မော်ရဲ့ဘဝကရော. . . မြင်မြင်ထင်ထင် ထွက်လို့ရလို့လား ယူရယ်''

''မသိဘူး. . . မသိဘူး. . . ဘာမှမပြောနဲ့တော့ ဟန်နီ''

နေသစ်က ကုတင်စွန်းမှာထိုင်နေသော မြင့်မြတ်မော်အား သိုင်းဖက်လိုက်၏။ မြင့်မြတ်မော် အလျှင်စလိုရှုန်းဖယ်သည်။

''နေဦး. . . နေဦး. . . ယူ. . .''

နေသစ် မြင့်မြတ်မော်အား အံ့ဩစွာကြည့်လိုက်၏။

''တစ်ကိုယ်လုံး ဖုန်တွေချွေးတွေနဲ့ စေးကပ်ကပ်နဲ့လေ၊ မနေတတ်ပါဘူး ယူရယ်၊ ရေလေးမိုးလေး ချိုးပါရစေဦး''

မူနွဲ့နွဲ့စကားဆိုသည်။ သူပြောတာ ဟုတ်ပေသားလေ. . .။

www.burmeseclassic.com



နေသစ်က စိတ်လောနေခြင်းလားမသိ. . .။

''ဟုတ်တယ်. . . ဟန်နီ အရင်ချိုးလိုက်၊ ဟန်နီချိုးပြီးလို့ အလှပြင်နေတုန်းမှာ ကိုယ်ချိုးမယ်၊ ကိုယ့်အတွက် အလှဆုံး ပြင်ထားနော်''

မွေးပွတဘက်ကြီး မလုံမလဲနှင့် ရေချိုးခန်းထဲမှ ထွက်လာသော မြင့်မြတ်မော်ကိုကြည့်ကာ နေသစ်ရင်မှာ ဒိုင်းကနဲ လှိုင်းထန်သွားသည်။ မသိဟန်ပြုလျက် ရေချိုးခန်းဝင်ခဲ့၏။ သူ ရေချိုးပြီး ပြန်ထွက်လာသည့်အချိန်မှာ မြင့်မြတ်မော်က မှန်တင်ခုံရှေ့၌ အလှပြင်နေဆဲ. . .။

သူရှိရာသို့ တိုးကပ်လာသော နေသစ်ကို မှန်ထဲမှာ မြင်နေရသည်။ မြင့်မြတ်မော်ရင်မှာ တလုပ်လုပ်ခုန်လှုပ်လာ၏။

မျက်တောင်လေးတွေ မေးစင်းကျအသွား. . .

ဖုန်းမြည်သံ. . . တစ်ခု. . .

ဟန်းဖုန်း. . . မြည်သံ. . .

နေသစ်၏လက်ကိုင်ဖုန်းမှ အသံ. . .။

နေသစ်က ဖုန်းနံပါတ်ကိုကြည့်လိုက်၏။

နံပါတ်က သူနှင့်ရင်းနှီးသော နံပါတ်မဟုတ်။

''09-2044xxx တဲ့၊ ဘယ်သူလဲ မသိဘူး''

မြင့်မြတ်မော်ကိုယ်ကလေး ဆတ်ကနဲတုန်သွား၏။

''အဲဒါ. . . စိုင်းဟန်မိန်းရဲ့ဖုန်းပဲ၊ ယူ. . . ယူ ဘာပြောမလဲ ဟင်''

စိုင်းဟန်မိန်းဆိုပါလား. . .။





ဘာ့ကြောင့် ဆက်ရသည်မသိ. . .။

သူ့ဖုန်းကိုရော စိုင်းဟန်မိန်း ဘယ်လိုသိသည်မသိ. . .။

တဒင်္ဂမှာ နှစ်ဦးသား ငေးကြောင်စွာနှင့် ဟန်းဖုန်းကို ကြည့်နေမိကြလေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ယောကျ်ားတစ်ယောက်၏မာန။ သူရဲကောင်းတစ်ယောက်၏ ဝိညာဉ်က နေသစ်၏လက်ထဲမှာ ပူးကပ်သွားသည်။

နေသစ် ဖုန်းဖွင့်လိုက်၏။

''ဟယ်လို. . . အမိန့်ရှိပါ၊ ကျွန်တော် နေသစ်ပါ''

''ကိုနေသစ်လား၊ ကျွန်တော် စိုင်းဟန်မိန်းပါ''

''ဟုတ်ကဲ့. . . ပြောပါခင်ဗျား''

''ကျွန်တော်တို့ယောကျ်ားချင်း ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ပါခင်ဗျာ. . . အခု မြင့်မြတ်မော် ဘယ်မှာပါလဲခင်ဗျာ''

''ရှိပါတယ်၊ ကျွန်တော်နဲ့အတူ ဟော်တယ်ရဲ့အိပ်ခန်းထဲမှာ ရှိနေပါတယ်''

''ခင်ဗျား. . . ခင်ဗျား ဘာတွေလုပ်နေတာလဲ ကိုနေသစ်၊ ဘာသဘောနဲ့ သူ့ကို ရန်ကုန်ခေါ်သွားရတာလဲ''





အရေးကြီးလာပြီ။ မြင့်မြတ်မော်၏ရှေ့မှာ ခေါင်းမော့ကာ ရဲဝံ့ပြရမည်။

''ကျွန်တော်နဲ့ မြင့်မြတ်မော် လက်ထပ်ကြမလို့ပါ''

''အား. . . မလုပ်နဲ့. . . မလုပ်ပါနဲ့ ကိုနေသစ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ခင်ဗျားတို့ ရှေ့မတိုးပါနဲ့။ ခင်ဗျားမှာ ရိုးယိုးရှိတယ်လေ''

''နေပါဦး. . . ကိုဟန်မိန်း၊ ခင်ဗျားနဲ့ ရိုးယိုးက ချစ်သူတွေဖြစ်ခဲ့ကြလား''

''အိုး. . . မဟုတ်ဘူး၊ ချစ်သူတွေမဟုတ်ကြပါဘူး၊ ကျွန်တော်ကပဲချစ်ခဲ့တာ၊ ရိုးယိုးက ကျွန်တော့်ကို လုံးဝမချစ်ခဲ့ပါဘူး၊ ဒါကို သံသယရှင်းတယ်ဆိုရင် ခင်ဗျားနဲ့မြင့်မြတ်မော်ရဲ့ အစီအစဉ်ကို ဖျက်ပေးပါ''

''နောက်ကျသွားပြီ ကိုဟန်မိန်း၊ ကျွန်တော်နဲ့မြင့်မြတ်မော် လက်ထပ်တော့မှာ''

ယခုအချိန်မှာ မြင့်မြတ်မော်သည် သူ့လက်ခုပ်ထဲက ရေ။

ယောကျ်ားချင်း အသာရနေခိုက်မှာ အောင်နိုင်သူတစ်ယောက်၏ မာန်ဝင့်ပြောဆိုလိုသော အထက်စီးစိတ်က နေသစ်၏ စကားတွေကို ချုန်းမအုပ်နိုင်ဘဲ ကျုံထွက်သွားစေပြီ။

''ခင်ဗျား. . . ရိုးယိုးရဲ့မျက်နှာကိုကြည့်ပါဦး ကိုနေသစ်''

''No ... No. ကိုဟန်မိန်း၊ ကျွန်တော် မြင့်မြတ်မော်နဲ့ လက်ထပ်ပြီးရင် ရိုးယိုးနဲ့ ကွာရှင်းမယ်''

''ခင်ဗျား အဲလိုမလုပ်ပါနဲ့၊ ခင်ဗျားမှာ သမီးလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လေ၊ သူတို့မျက်နှာကိုလည်း ထောက်ပါဦး ကိုနေသစ်''

''ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် မြင့်မြတ်မော်ကိုပဲ ယူမှာပါ၊ ဘယ်သမီးတွေရဲ့မျက်နှာမှ မထောက်နိုင်ပါဘူး''

မြင့်မြတ်မော်ရှေ့မှာ နေသစ် ပြတ်ပြတ်သားသားကြီး သူ့ရဲကောင်းလုပ်ပြလိုက်ပါသည်။

မြင့်မြတ်မော်ကတော့ မျက်စိမျက်နှာပျက်လျက် ကတုန်ကယင်ရှိနေ၏။

''ခင်ဗျားပြောချင်တာ ဒါပဲလား ကိုဟန်မိန်း၊ ကျွန်တော် ဖုန်း ပိတ်လိုက်တော့မယ်''

''ခုချိန်မှာ ဖုန်းပိတ်ရင် ခင်ဗျားမှားသွားမယ် ကိုနေသစ်၊ အခု ခင်ဗျားပြောတာတွေအားလုံး ကျွန်တော် အသံဖမ်းထားတယ်၊ စပီကာလည်းဖွင့်ထားတယ်၊ အဲဒါကလည်း ရှီးယိုးကလုပ်ခိုင်းလို့ လုပ်ရတာပါ၊ ခင်ဗျား ငြိမ်ငြိမ်လေးနေပြီး နားထောင်ကြည့်လိုက်ပါ၊ ကျွန်တော် ဘယ်နေရာရောက်နေတယ်ဆိုတာ ခင်ဗျား သိပါလိမ့်မယ်''

ဖုန်းထဲမှာ တိုးတိုးသဲ့သဲ့အသံလေး စီးမျောဝင်ရောက်လာသည်။ နေသစ် နားစိုက်ကြည့်လိုက်၏။ သီချင်းသံ။

"Unchained Melody" ... "Unchained Melody သီချင်းပါလား။

ဒါ. . . ဒါဆို. . .

စဉ်းစားလိုက်ရင်း နေသစ် ခေါင်းနဘမ်းကြီးသွားသည်။

မျက်လုံးတွေ ဝိုင်းစက်သွားသည်။

ရင်သည် တဒိုင်းဒိုင်းခုန်လှုပ်သွားသည်။





''စိုင်းဟန်မိန်း. . . မင်း. . . မင်း. . . ငါတို့အိပ်ခန်းထဲ ရောက်နေတာလား။ မင်း. . . မင်း. . . အဲလို မလုပ်ရဘူးလေ၊ ယိုးယိုးရော''

''သိပ်စိတ်မလှုပ်ရှားပါနဲ့ ကိုနေသစ်၊ အခု စကားပြောမှာ ဘယ်သူလဲဆိုတာ ကိုနေသစ် နားထောင်ကြည့်လိုက်ပါ''

"Chess"

တစ်ခွန်းတည်းပါပဲ. . .။

ပီပီသသကြီး ကြားလိုက်ရသည်။

"Chess ချက်စ်တဲ့"

ရှီးယိုးရဲ့အသံ. . .။

နေသစ် ဆံပင်တွေ ဒိုင်းကနဲထောင်ထသွား၏။

''ကိုနေသစ်နဲ့ကျွန်မ စစ်တုရင်ပွဲရှည်ကြီးကို ကစားနေတာလေ၊ အခု ကျွန်မ ချက်စ်လို့ခေါ်လိုက်ပြီ ကိုနေသစ်''

''မလုပ်ကြနဲ့၊ မင်းတို့ အဲလိုမလုပ်ကြနဲ့၊ ယိုး. . . ယိုး. . . အား. . . ဘာတွေဖြစ်ကုန်တာလဲ၊ ဘာတွေဖြစ်ကုန်တာလဲ''

နေသစ်၏ သွေးရူးသွေးတန်းအော်သံက မြင့်မြတ်မော်ကိုပင် လိပ်ပြာလွင့်စင်သွားစေလောက်သည်။

သူတို့ ဘာတွေဆက်ဖြစ်ကြမည်နည်း. . .။

သူတို့. . . ဘာတွေ. . .

ဆက်ဖြစ်ကြပါမည်နည်း. . .။

■



www.burmeseclassic.com

www.burmeseclassic.com



အဲဒါက . . .

နေသစ်ဘက်က စစ်မျက်နှာဖွင့်ခဲ့တဲ့

တိုက်ကွက်တွေပါပဲ. . .॥

ဒါကို. . . ဒီနေရာမှာ ခဏလေးနားထားပြီး

ရှိုးယိုးရဲ့ဘက်ကို ပြန်ကြည့်ကြရအောင်ပါ. . .॥

မတုန်မလှုပ် ရေခဲတုံးလိုနေခဲ့တဲ့ ရှိုးယိုးဟာ

နေသစ်ရဲ့ မာယာတွေကို

တကယ်ပဲ မသိခဲ့တာလား. . .॥

သိလျက်နဲ့ပဲ နေခဲ့တာလား. . .॥

*DISC - 2* မှာ

ကျွန်တော်တို့ . . .

*Play Back* ပြန်ကြည့်လိုက်ကြရအောင်ပါ. . .॥



BURMESE CLASSIC .com
www.burmeseclassic.com